BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၇၇) ခရစ်နှစ်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ  မြန်မာသက္ကရာဇ် (၁၃၆၉)  ( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

# ရှစ်လေးလုံးဝိညာဉ် တကျော့ပြန်အသက်ဝင် ဆယ်စုတခုအတွင်း အကြီးမားဆုံးဆန္ဒပြပွဲများနိုင်ငံအနှံ့ဖြစ်ပေါ်

ဓာတ်ဆီ၊ ဒီဇယ်ဆီအပါအဝင် ဓာတ်ငွေ့ (စီအဲန်ဂျီဂတ်စ်) လောင်စာဈေးနှုန်းအဆမတန်တိုးမြှင့်လိုက်သော စစ်အုပ်စု၏ တလွဲလုပ်ရပ်ကြောင့် နောက်ဆက်တွဲအဖြစ် ပုံမှန်ပြေးဆွဲနေသော လိုင်းကားဈေးနှုန်းများ နှစ်ဆတိုးသွားပြီး အခြားအခြေခံစားကုန်ဈေးနှုန်းများကြီးမြင့်မှုများ ဖြစ်ပေါ်လာသည်။

ပြည်သူတို့၏နေ့စဉ်ဘဝကို ထိခိုက်သော အဆိုပါဂယက်ကြောင့် ဩဂုတ်လ (၁၉) ရက်နေ့မှ (၂၄) ရက်နေ့အထိ ရန်ကုန်မြို့ နေရာအနှံ့နှင့် အခြားမြို့ကြီးများတွင် အနည်းဆုံး ဆန္ဒပြပွဲ တဒါဇင်ကျော်ဖြစ်ပေါ်ခဲ့သည်။ လူထုဘဝကိုထင်ဟပ်သော ဆန္ဒပြမှုများအတွင်း ကျောင်းသား၊ ရဟန်းရှင်လူ၊ ပြည်သူလူထုထောင်ချီပါဝင်ခဲ့ပြီး (၁၀) စုနှစ် တခုအတွင်း မိမိတို့၏ဆန္ဒများကို ပထမဆုံးအကြိမ် ရဲရဲဝံ့ဝံ့ထုတ်ဖော်ပြသခဲ့ကြသည်။ အာဏာပိုင်များဘက်က ကြံ့ဖွံ့၊ စွမ်းအားရှင်အဖွဲ့၏ အင်အားကိုအသုံးပြုကာ ဆန္ဒပြသူများကို အကြမ်းဖက်နှိမ်နင်းပြီး အနည်းဆုံးလူ (၁၀၀) ကျော်ကို ဖမ်းဆီးခဲ့သော်လည်း လှုပ်ရှားမှုများသည် ရပ်တန့်မသွားဘဲ မြန်မာပြည်တနံတလျားသို့ ဆက်တိုက်ပျံ့နှံ့သွားသည်။

ဆယ်စုတခုအတွင်း မြန်မာပြည်၏အကြီးမားဆုံး လူထုဆန္ဒဖော်ထုတ်မှုများအပေါ် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက အထူးအာရုံစိုက်ခဲ့ရသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းက မြန်မာပြည်အခြေအနေသည် စိုးရိမ်ဖွယ်ဖြစ်ပြီး စစ်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်



မြတ်ရေးနှင့် အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးပွဲကိုလုပ်ဆောင်ရန် သမိုင်းတွင် အရေးကြီးသောအချိန်သို့ ရောက်နေပြီဟု သတိပေးရသည်။

❑ ဩဂုတ်ထဲကရက်စွဲများ

ဩဂုတ် (၁၅)

နအဖသည် ကြိုတင်အသိပေးခြင်းမရှိဘဲ ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းကို (၂) ဆတိုးလိုက်ပြီး (စီအဲန်ဂျီဂတ်စ်) လောင်စာဆီဈေးများကို (၅) ဆတိုးလိုက်သည်။ ယခင်က ဓာတ်ဆီတဂါလန်လျှင် ကျပ် (၁၅၀၀) မှ ယခု (၂၅၀၀)၊ ယခင်ဒီဇယ်ဆီ တဂါလန် (၁၅၀၀) မှ ယခု (၃၀၀၀)၊ သဘာဝဓာတ်ငွေ့ဈေးနှုန်းကိုလည်း (၅) ဆတိုးလိုက်သည်။ ပြင်ပဈေး ဓာတ်ဆီတဂါလံလျှင် ကျပ် (၃၀၀၀) ကျော်ဈေးပေါက်ရာမှ (၅၀၀၀) သို့ထိုးတက်သွားသည်။ လောင်စာဆီဈေးတက်သွားသဖြင့် ပုံမှန်ပြေးဆွဲနေသော လိုင်ကားတချို့ မထွက်နိုင်တော့ဘဲ အလုပ်သမားတချို့နှင့် အစိုးရဝန်ထမ်းတချို့ လုပ်ငန်းခွင်သို့ရောက်မလာတော့ပါ။ လူကြပ်သောလိုင်းကားများကို ဓာတ်ပုံရိုက်သော သတင်းထောက်များလည်း အဖမ်းခံလိုက်ရသည်။

❑ ဩဂုတ် (၁၆)

လောင်စာဆီဈေးတိုးမြှင့်လိုက်သောကြောင့် ယနေ့တွင် ရွှေဈေးနှုန်း (၄၆၄,၀၀၀) ကျပ်မှ (၄၆၉,၀၀၀) ကျပ်သို့ တက်သွားပြီး ဒေါ်လာဈေးမှာလည်း (၁၃၀၀) ကျပ်ဝန်းကျင်ဖြစ်သွားသည်။ ရန်ကုန်မြို့တွင် ယခင် ကျပ် (၅၀) ပေးစီးရသော ခရီးကို (၁၀၀) ကျပ်၊ ယခင် (၁၅၀) ကျပ်ပေးစီးရသောခရီးကို (၂၀၀) မှ (၃၀၀) ကျပ်သို့ ပေးစီးရသည်။ မန္တလေးနှင့် ပျဉ်းမနားအဝေးပြေးကားခမှာလည်း လူတဦးလျှင် ယခင် (၃၀၀) မှ (၄၀၀) ကျပ်သို့ ပြောင်းလဲသတ်မှတ်လိုက်သည်။

❑ ကိုထင်ကျော်အဖွဲ့၏ ရာဇသံ

လောင်စာဆီများဈေးနှုန်းများကို တပတ်အတွင်း ပြန်မချပေးလျှင် လူထုဆန္ဒပြမှုများပြုလုပ်သွားမည်ဟု ကိုထင်ကျော်ဦးဆောင်သော မြန်မာပြည်ဖွံ့ဖြိုးတိုးတက်ရေးလိုလားသူများအဖွဲ့က စစ်အုပ်စုကို စတင်စိန်ခေါ်လိုက်သည်။

❑ ဩဂုတ် (၁၇)

ကမ္ဘာအေးစေတီလမ်းရှိ၊ သာသနာ့တက္ကသိုလ်တွင် သင်တန်းသားသံဃာတော်များက သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကချမှတ်ထားသော စည်းကမ်းများကို မကျေနပ်သဖြင့်ဆန္ဒပြကြသည်။ အမေရိကန်သံရုံးကဝန်ထမ်းတဦးက သံဃာတော်များအား အင်္ဂလိပ်စာသင်တန်းပြသည်။ စိုးရိမ်သောအာဏာပိုင်များသည် တက္ကသိုလ်ဝင်ပေါက်များကို တချို့ကိုပိတ်ထားလိုက်ပြီး ပြင်ပနှင့် အဆက်အသွယ်ဖြတ်တောက်ထားသဖြင့် သံဃာများက မကျေမနပ်ဖြစ်ကြခြင်းဖြစ်သည်။

❑ ဩဂုတ် (၁၈)

လောင်စာဆီဈေးနှုန်းများ တိုးမြှင့်လိုက်ခြင်း၏နောက်ဆက်တွဲအဖြစ် ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို တတိုင်းပြည်လုံးခံစားရမည်ဖြစ်သဖြင့် လူထု၏အထွေထွေအကြပ်အတည်းကို အရေးတကြီးဖြေရှင်းပေးရန် (၈၈) မျိုးဆက်ကျောင်းသားများက တောင်းဆိုသည်။

❑ အနှစ်သာရ

မြန်မာနိုင်ငံသားအများစုမှာ ဆင်းရဲနွမ်းပါးသော လက်လုပ်လက်စားများဖြစ်ကြသည်။ လူဦးရေ၏ (၇၀) ရာခိုင်နှုန်းခန့်မှာ

■ စာမျက်နှာ (၃) သို့ ...



ဗကသကိုမျိုးဆက်သစ်များဖြင့် ပြန်လည်ဖွဲ့စည်း ခွပ်ဒေါင်းအလံကို အမြင့်ဆုံးလွှင့်ထူမည်



အနီးခေတ် မြေအောက် ကျောင်းသားခေါင်းဆောင် ပြည်တွင်းလှုပ်ရှားမှုများကို ဆက်လက်ဦးဆောင်မည်
စာမျက်နှာ (၂) သို့.....



နအဖလမ်းပြမြေပုံကို အစားထိုးမည့် ပြည်သူ့ကိုယ်စားလှယ်များ၏လမ်းပြမြေပုံ
အထူးစာမျက်နှာသို့.....



အတုအယောင်ညီလာခံကို စက်တင်ဘာလဆန်းပိုင်းတွင် အဆုံးသတ်မည်ဟုဆို
စာမျက်နှာ (၁၈) သို့....

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# တွေ့ဆုံဆွေးနွေးရေးလား အဆုံးစွန် ကြေမွပျက်သုဉ်းရေးလား

နအဖစစ်အစိုးရက ဩဂုတ်လ (၁၅) ရက်နေ့က လောင်စာဆီဈေးနှုန်းများ တိုးမြှင့်သတ်မှတ်လိုက်ပြီး နောက်မှစ၍ အဆမတန်ကြီးထွားနေသော ကုန်ဈေးနှုန်းနှင့် ငွေကြေးဖောင်းပွမှုဒဏ်ရာဒဏ်ချက်များကို မရှုမလှခံစားနေကြရသော ပြည်သူလူထု၏ လောင်စာဆီဖူလုံရေးနှင့် ကုန်ဈေးနှုန်းကျဆင်းရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုမှုများသည် မြို့ကြီးများတွင်သာမက တနံတလျား တတိုင်းပြည်လုံး ပျံ့နှံ့လာနေပြီဖြစ်သည်။

ဤဆန္ဒပြတောင်းဆိုမှုများသည် နအဖစစ်အုပ်စုအတွက် ငြိမ်းမရတော့သောမီး၊ စစ်အုပ်စုအား အဆုံးတိုင် ဝါးမြိုပစ်မည့်မီးတောက်မီးလျှံများဖြစ်သည်ဟု မိုးကြိုးက အခိုင်အမာရှုမြင်သည်။ ယနေ့အခြေအနေတွင် မြန်မာပြည်၏ အဓိကပဋိပက္ခ၏ ဘက်နှစ်ဘက်ဖြစ်သော စစ်အုပ်စုနှင့် ပြည်သူလူထုကြားပဋိပက္ခသည် ရေဆုံမှတ်သို့ ဆိုက်ရောက်ပြီး ပေါက်ကွဲစပြုနေပြီဖြစ်သည်။ နအဖ၏ လောင်စာဆီဈေးနှုန်း တိုးမြှင့်မှုသည် ယင်းပဋိပက္ခ၏စနက်တံကို မီးရှို့လိုက်သော အစပျိုးမှုဖြစ်သည်။ နအဖနှင့် ပြည်သူလူထုကြား သင့်တော်သော ဆွေးနွေးညှိနှိုင်းမှုတရပ်ကို ဖော်ဆောင်နိုင်မှုမရှိလျှင် ယင်းပဋိပက္ခသည် ပကတိသဘောအရ ရှောင်လွှဲ၍မရနိုင်တော့။ ဒေါ်အောင်ဆန်းစုကြည်ပြောကြားခဲ့သလို We Have to Choose Dialogue or alter devastation မိမိတို့တိုင်းပြည်သည် တွေ့ဆုံဆွေးနွေးရေး (သို့မဟုတ်) အဆုံးစွန် ကြေမွပျက်သုဉ်းရေး တခုခုကို ရွေးချယ်ရပေတော့မည်။

(Total Catastrophe) အလုံးစုံကျရောက်တော့မည့် အန္တရာယ်ကပ်ဘေးကြီး တရပ်ကို ရှောင်လွှဲနိုင်ရန် အဲန်အယ်လ်ဒီဦးဆောင်သော ဒီမိုကရက်တစ် တိုင်းချစ်ပြည်ချစ်များက အကြိမ်ကြိမ် အနစ်နာခံကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း၊ အမျိုးမျိုးဖြောင့်ဖြနားချသော်လည်း အာဏာငန်းဖမ်းနေသောစစ်အုပ်စုက တတိုင်းပြည်လုံး စစ်ကျွန်အဖြစ်သွတ်သွင်းမည့် လမ်းပြမြေပုံ (၇) ချက်ကို တဖက်သတ်ပုံဖော်နေဆဲဖြစ်သည်။ ပိုဆိုးဝါးလာသည်မှာ ၎င်းတို့၏ အတုအယောင်အမျိုး သားညီလာခံကို အဆုံးသတ်ရန်ကြိုးပမ်းနေခြင်းဖြစ်သည်။ တိုင်းချစ်ပြည်ချစ် ဒီမိုကရက်တစ်တို့ ကတောင်းဆိုနေသော ယနေ့ကာလ အမျိုးသားရင်ကြားစေ့ရေး လိုအပ်ချက်၏ အခြေခံခြေလှမ်းနှစ်ရပ်ဖြစ်သည့် တွေ့ဆုံဆွေးနွေးအဖြေရှာရေးနှင့် ပြည်သူ့လွှတ်တော်ခေါ်ယူရေးကို လုံးဝပယ်ချလျှက် ပြည်သူလူထု၏ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်တင်ပြမှုကို ရက်စက်ယုတ်မာစွာ အကြမ်းဖက်နှိမ်နင်းလျှက်ရှိသည်။

အဖွဲ့ချုပ်ခေါင်းဆောင်သော တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်များ၏ တိုင်းပြုပြည်ပြု အမျှော်အမြင်ကား ချီကျူးဂုဏ်ပြုဖွယ်ဖြစ်သည်။ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင်ကျင်းပမည့် (၅၅) နှစ်မြောက်လွတ်လပ်ရေးနေ့၌ ဒေါ်အောင်ဆန်းစုကြည်က “ကျမတို့ဟာပြန်လည်ပြီးတော့ သင့်မြတ်ချင်စိတ်တွေ၊ တွေ့ဆုံဆွေးနွေးချင်တဲ့ စိတ်ဓါတ်တွေ၊ တနိုင်ငံလုံးမှာ အားလုံးသွေးစည်းစေချင်တဲ့စိတ်ဓါတ်တွေ နည်းနည်းလေးမှလျှော့မသွားပါဘူး။ ဒီပြဿနာတွေကိုဖြေရှင်းဖို့က အရေးအကြီးဆုံးပါဘဲ။ ကျမတို့အနေနဲ့ နဝတနဲ့ပဲဖြစ်စေ၊ တပ်မတော်နဲ့ပဲဖြစ်စေ၊ ဘယ်အဖွဲ့အစည်းနဲ့ပဲဖြစ်စေ လက်တွဲဖို့ရာ လုံးလုံးဝန်မလေးပါဘူး။ နိုင်ငံအတွက်ဆိုရင် ဘယ်သူနဲ့မဆို ကျမတို့ လက်တွဲနိုင်ပါတယ်”ဟု ပြောကြားခဲ့သောစကားများက အဆုံးစွန်ကြေမွပျက်သုဉ်းရေးလမ်းကြောင်းကို ရှောင်ရှားလိုမှုအား အထင်အရှားပြသလျှက်ရှိသည်။

သို့သော် …. နအဖကမူ စစ်အာဏာတည်မြဲရေးအတွက် တွေ့ဆုံဆွေးနွေးအဖြေရှာရေးလမ်းကြောင်း (အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်လျှက် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရက်တစ်လူ့အဖွဲ့ အစည်းတည်ဆောက်ရေး) ကို ပယ်ချလျှက် အဆုံးစွန်ကြေမွပျက်သုဉ်းရေးလမ်းကြောင်း (စစ်တပ်အုပ်ချုပ်ရေး အဓွန့်ရှည်လျက် တိုင်းပြည်ဆင်းရဲတွင်း နက်သထက်နက်စေမည့်လမ်းကြောင်း)ကို ရွေးချယ်လျက်ရှိသည်ကို တွေ့မြင်နေရသည်။ ပကတိ (ဆန္ဒအရမဟုတ်မူပဲ) ဘဝအရ နအဖရွေးချယ်သောလမ်းကိုလိုက်ပါရန် မဖြစ်နိုင်သောပြည်သူလူထုအတွင်း ချမှတ်ကျင့်သုံးရမည့် ဘုံလုပ်ငန်းစဉ်ကား “စစ်အုပ်စုအား အပြီးဖယ်ရှား၍ ဒီမိုကရေစီလူ့အဖွဲ့အစည်းထူထောင်ရေး ”ဟူသောအချက်မှတပါး အခြားရွေးချယ်စရာမရှိတော့ပါကြောင်းနှင့် ယနေ့ကာလရင်ဆိုင်နေရသည့် အမျိုးသားရေးအကျပ်အတည်း (National Crisis) ကို ကျော်လွှားစေနိုင်မည့် ဤဘုံလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ပေးဆပ်ရမည့်သမိုင်းတာဝန်ကို ယနေ့ပြည်သူတရပ်လုံးမှ တစည်းတလုံးတည်း ပါဝင်ထမ်းဆောင်ကြမည်ဆိုသည်ကိုလည်း ယုံမှားသံသယမရှိကြောင်း ဖော်ပြအပ်ပေသည်။

❖

# အနီးခေတ်၏ ပထမဆုံးမြေလျှိုးခေါင်းဆောင်ကိုဌေးကြွယ် ပြည်တွင်းလှုပ်ရှားမှုများကို ဆက်လက်ဦးဆောင်သွားမည်



ဩဂုတ် (၂၉)

မြေလျှိုးနေရဆဲ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်က အဖမ်းမခံဘဲ ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှုများတွင် ဆက်လက်လုပ်ဆောင်မည်ဟု ပြောသည်။

ဩဂုတ်လ (၂၈) ရက်နေ့က ကိုဌေးကြွယ် ပုန်းအောင်းနေရာအိမ်သို့ အာဏာပိုင်များက သတင်းရရှိပြီး ဝင်ရောက်စီးနင်းခဲ့သော်လည်း (၈၈) မျိုးဆက်ခေါင်းဆောင်များအနက် တဦးတည်းလွတ်မြောက်နေသူ ကိုဌေးကြွယ် ထပ်မံလွတ်မြောက်သွားသည်။

၎င်းမတိုင်ခင်တပတ်ကတည်းက မြေလျှိုးနေသော ကိုဌေးကြွယ်သည် ထိုင်း–မြန်မာနယ်စပ်သို့ထွက်ခွာပြီဟု သတင်းသည် ကောလဟာလသာဖြစ်ပြီး ပြည်တွင်းလှုပ်ရှားမှုများကို ဆက်လက်ဖော်ဆောင်ရန် မြန်မာပြည်မှ တလက်မမှမခွာရန် ကိုဌေးကြွယ်ဆုံးဖြတ်ထားသည်ဟုသူနှင့် နီးစပ်သူများကပြောသည်။

ကိုဌေးကြွယ်သည် ဩဂုတ်လ (၂၁) ရက်နေ့ညသန်းခေါင်ယံဖမ်းဆီးမှုမှ လွတ်မြောက်ခဲ့ပြီး (၂၂) ရက်နေ့မှ စတင်သော ပြည်တွင်းလှုပ်ရှားမှုများကို နောက်ကွယ်မှ ဦးဆောင်စီစဉ်ပေးနေသည်ဟု သတင်းများ ထွက်ပေါ်နေသည်။

(၂၁) ရက်နေ့ ညသန်းခေါင် ဖမ်းဆီးမှုတွင် ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမြအေး၊ ကိုဂျင်မီ စသောကျောင်းသားခေါင်းဆောင် (၁၃) ဦးအဖမ်းခံရပြီး တပတ်အတွင်းနောက်ဆက်တွဲဖမ်းဆီးမှုတွင် ယခုအချိန်အထိ အဖမ်းခံရသူ တရာကျော်ရှိသွားပြီဖြစ်သည်။

အနီးခေတ်၏ ပထမဆုံးမြေလျှိုးခေါင်းဆောင် ကိုဌေးကြွယ်သည် ဩဂုတ်လ (၂၅) ရက်နေ့အထိ ပြည်ပရေဒီယိုမှတဆင့် ဒီမိုကရေစီထောက်ခံသူများနှင့် မြန်မာလူထုကို အဆက်မပြတ်လှုံ့ဆော်နေခဲ့ပြီး ယခုအခါ လုံခြုံရေးအရ ခေတ္တငြိမ်သက်နေသည်။

ယခုအခါ စစ်အုပ်စုက ကိုဌေးကြွယ်ကို ဖမ်းပေးလျှင် သတင်းပေးလျှင် ဆုငွေ (၅) သိန်းပေးမည်ဟုသော စာကို လူစည်းကားရာနေရာများ၊ မီးရထားဘူတာ၊ ကားဂိတ်နှင့် နယ်စပ်စစ်ဆေးရေးဂိတ်များတွင် ကပ်ထားပြီး၊ နေရာအနှံ့ ပိုက်စိပ်တိုက်ရှာဖွေနေသည်။

အဆိုပါ လုပ်ရပ်များကြောင့် ဩဂုတ်လ (၂၂–၂၃) ရက်နေ့၊ ရန်ကုန်ဆန္ဒပြပွဲများကို ခေါင်းဆောင်ခဲ့သော မမီးမီး၊ မနီလာသိန်း စသော အမျိုးသမီးခေါင်းဆောင်များနှင့် (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့မှ ဒုတိယတန်းခေါင်းဆောင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒါဇင်နှင့်ချီသော လူငယ်ခေါင်းဆောင်များလည်း နေအိမ်များမှ တိမ်းရှောင်နေရသည်။ ❖

“ရဟန်းရှင်လူပြည်သူလူထုတရပ်လုံးက စားသောက်နေထိုင်သွားလာရေးများအတွက် ခါးစည်း၍ မခံမရပ်နိုင်ဖြစ်နေသဖြင့် အထူးဆိုးရွားနေသော အကြပ်အတည်းမျိုးစုံကို အာဏာပိုင်များက ကျောထောက်နောက်ခံပြုထားသည့်အဖွဲ့အစည်းများဖြင့် ယနေ့အသုံးပြုနေသောအကြမ်းဖက်နည်းလမ်းများနှင့် ဖြေရှင်း၍မရနိုင်သည့်အား လျော်စွာ ငြိမ်းချမ်းသောနည်းလမ်းဖြစ်ပြီး ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၏ ပြဋ္ဌာန်းချက်များ အရလည်းကောင်း၊ တရားဥပဒေစိုးမိုးရေးအရလည်းကောင်း၊ ဥပဒေအထက်တွင် မည်သူမှမရှိစေဟူသည့်အရလည်းကောင်း၊ အာဏာပိုင်များက တွေ့ဆုံဆွေးနွေး၍ ပြည်သူ့လွှတ်တော်ကို မနှေးအမြန်ခေါ်ယူဖွဲ့စည်းပေးရန် အထူးကိစ္စတရပ်အနေဖြင့် လေးလေးနက်နက်တိုက်တွန်းတောင်းဆိုလိုက်သည်”

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထူးကြေညာချက် (၆/၀၈/၀၇)မှ ကောက်နှုတ်ချက်



■ မျက်နှာဖုံးသတင်းမှ ...

တောင်သူလယ်သမားများကျေးလက်နေပြည်သူများဖြစ်ကြသည်။ လယ်ယာသုံးစက်ကိရိယာများ၊ မြစ်ရေတင်စီမံကိန်းများ၊ ကောက်ပဲသီးနှံကြိတ်ခွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်းအဆင့်ဆင့်တွင် အခြေခံအကျဆုံးလိုအပ်ချက်လောင်စာဆီပင်ဖြစ်သည်။ မြို့နေလူဦးရေအများစုမှာလည်း ဆင်ခြေဖုံးမြို့သစ်များတွင် နေထိုင်ကြပြီး၊ စက်ရုံအလုပ်ရုံများ၊ ဈေးများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် နေ့စဉ်သွားလာအလုပ်ဆင်းနေရသူများဖြစ်ကြသည်။ တက္ကသိုလ်ကျောင်းသူကျောင်းသားများမှာလဲ မြို့ပြင်ရှိဝေးလံသော တက္ကသိုလ်ကောလိပ်များသို့ ခက်ခဲစွာသွားရောက်ပညာသင်ကြရသည်။

မလောက်မငှဝင်ငွေ၊ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးစရိတ်ကြီးမြင့်မှုစသည့်အထွေထွေအကြပ်အတည်းများ ရင်ဆိုင်နေရချိန်တွင် လိုအပ်သည့်ပြင်ဆင်မှုများ၊ ကြိုတင်အသိပေးခြင်းများမရှိဘဲ ယခုကဲ့သို့ သဘာဝဓာတ်ငွေ့၊ ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းများ ရုတ်တရက် အဆမတန်တိုးမြှင့်လိုက်ခြင်းသည် ရေနစ်သူကို ဝါးကူထိုးလိုက်ခြင်းပင်ဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းတွင် အလျှံပယ်ထွက်နေသည့် ဓာတ်ငွေ့များ ဈေးနှုန်းကို အဆမတန်မြှင့်တင်လိုက်ခြင်းသည်။ သဘာဝမကျသောကိစ္စဖြစ်သည်။ ယခုကဲ့သို့ လောင်စာဆီဈေးနှုန်းများ အဆမတန်တိုးမြှင့်လိုက်ခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ငွေကြေးဖောင်းပွမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ အထွေထွေအကြပ်အတည်းများကို အရေးတကြီးဖြေရှင်းပေးရန် တပ်မတော်အစိုးရအား (၈၈) မျိုးဆက်ကျောင်းသားများမှ အလေးအနက်တောင်းဆိုလိုက်သည်။

❑ ဩဂုတ် (၁၉)

နေ့လည်ပိုင်း

မင်းကိုနိုင်၊ ကိုကိုကြီးဦးဆောင်သော (၈၈) မျိုးဆက်များသည် ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်မှ တာမွေအထိ ငြိမ်းချမ်းစွာလမ်းလျှောက်ဆန္ဒပြကြသည်။ လမ်းတလျှောက်တွင် လူအများက အားပေးခဲ့ကြပြီး (၅၀၀) ခန့်လိုက်ပါချီတက်ခဲ့ကြသည်။ ဗွီဒီယိုမှတ်တမ်းတင်ခြင်းများရှိခဲ့သော်လည်း တာမွေအရောက်ထိ အနှောင့်အယှက်မရှိ ချီတက်ကာ ငြိမ်းငြိမ်းချမ်းချမ်း လူစုခွဲလိုက်နိုင်သည်။

❑ ညနေပိုင်း

အမျိုးသားရေးဦးဝင်းနိုင်ကို အာဏာပိုင်လက်ပါးစေများဟု ယူဆရသူများက လေးခွနှင့်ပစ်ခတ်တိုက်ခိုက်သည်။ ဦးဝင်းနိုင်သည် ကုန်ဈေးနှုန်းတက်မှုကြောင့် ရန်ကုန်တဝိုက်မှ ဆင်းရဲနွမ်းပါးသူများကို ဆန်လှူဒါန်းမှုများပြုလုပ်နေသည်။ သာကေတမှ ဆန်လှူအပြီး၊ မြောက်ဥက္ကလာပတွင် လူနာကြည့်ပြီးအပြန်တွင် ဦးဝင်းနိုင်စီးလာသောကားကို အသင့်စောင့်နေသော လူတစုက မယ်လမုဘုရားအနီးတွင် လေးခွဖြင့်ပစ်ခတ်ခြင်းဖြစ်သည်။

❑ ဩဂုတ် (၂၀)

လောင်စာဆီဈေးနှုန်းတက်သည့်ကိစ္စအချိန်မီ ဖြေရှင်းမပေးလျှင် လူထုအုံကြွမှုများပေါ်ပေါက်လာနိုင်သည်ဟု အဲန်အယ်လ်ဒီက ကြေညာချက်ထုတ်ပြန်သတိပေးသည်။

❑ အနှစ်ချုပ်

ယနေ့အချိန်အခါတွင် မိမိတိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီး၌ ကြီးမားသော အထွေထွေအကြပ်အတည်းများ ဖြစ်ပေါ်နေသည်။ ငွေကြေးဖောင်းပွမှုမှာ တနေ့တခြားတိုးပွားလျက်ရှိပါသည်။ ပြည်သူလူထုအများစုကြီးမှ ယင်းအခက်အခဲအကြပ်အတည်းများကို နေ့စဉ်ရင်ဆိုင်နေကြရပါသဖြင့် အသက်ရှင်သန်နိုင်ရေးအတွက် ခါးစည်း၍ ဖြစ်သလိုရုန်းကန်နေကြရပါသည်။ ထို့ကြောင့် ပြည်သူလူထု၏အခြေအနေမှာ ပေါက်ကွဲလုဆဲဆဲဖြစ်နေပါသည်။

အခြေခံစားသောက်ကုန်ဈေးနှုန်းများ အဆမတန်ကြီးမြင့်လာစေပြီး ပြည်သူလူထုကြီးတရပ်လုံးအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ ဆင်းရဲတွင်း ပိုမိုနက်စေသည်။ ထို့ကြောင့် တိုင်းပြည်တွင် မငြိမ်မသက်မှုများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာအာဏာပိုင်များ၏ တာဝန်သာဖြစ်သည်။

❑ ဩဂုတ်–၂၀၊

နံနက်ပိုင်း

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ကျောင်းသားများသည် လိုင်းကားများဈေးတက်သွားသည်ကို မကျေနပ်သဖြင့် လမ်းလျှောက်ဆန္ဒပြရန်စီစဉ်နေစဉ် အာဏာပိုင်များဘက်ကရိပ်မိသွားပြီး ကျောင်းသားများအတွက် ကျောင်းကားကို ချက်ချင်းစီစဉ်ပေးခဲ့ရသည်။

❑ ဩဂုတ် (၂၁)

ရန်ကင်းမြို့နယ်မှ အဲန်အယ်လ်ဒီဥက္ကဋ္ဌ ဦးမျိုးခင်နှင့် ဒုဥက္ကဋ္ဌဦးအေးမောင်တို့အပါအဝင် စုစုပေါင်း (၆) ဦးသည် လောင်စာဆီဈေးနှုန်းများ အဆမတန်မြင့်တက်သွားမှုကြောင့် မော်တော်ယာဉ်စီးနင်းခနှုန်းထားများ ဈေးတက်သွားသည်ကို ဆန္ဒပြရန် တာမွေပလာဇာရှေ့မှ စတင်၍ လမ်းလျှောက်ဆန္ဒပြရာ တာမွေမြို့နယ်ရှိ ရွှေဗဟိုအထူးကုဆေးခန်းရှေ့တွင် ကြံ့ဖွံ့ (၅၀–၆၀) က ခြိမ်းခြောက်တားဆီးပြီး လိုင်းကားပေါ်သို့ အတင်းတင်လွှတ်ခြင်းခံခဲ့ရသည်။

❑ နံနက် (၁၀ း ၀၀)

လောင်စာဆီဈေးနှုန်းမြင့်တက်လာမှုကြောင့် ကားခဈေးနှုန်းမြင့်တက်မှုကို လျှော့ချပေးရေးတောင်းဆိုသော ကျောင်းသား (၅) ဦးအဖမ်းခံလိုက်ရသည်။ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းနှင့် ရွှေပြည်သာလမ်းဆုံရှိ ကောင်းလက်ဖက်ရည်ဆိုင်တွင်တတိယနှစ်ဆေးကျောင်းသား (၃) ဦး၊ ပထဝီကျောင်းသားတဦးနှင့် ဓာတုဗေဒပထမနှစ်ကျောင်းသားတဦးတို့သည် ယာဉ်စီးခများ လျှော့ချပေးရေးနှင့် လျှော့မပေးပါက လမ်းလျှောက်ဆန္ဒပြကြရန် လှုံ့ဆော်သောစာကို လက်ဖက်ရည်ဆိုင်တွင်ကပ်အပြီး ပြန်အထွက်တွင် အဖမ်းခံရခြင်းဖြစ်သည်။

❑ နေ့လည်ပိုင်း

(၈၈) မျိုးဆက်များ၏ လောင်စာဆီဈေးနှုန်းကျဆင်းရေးတောင်းဆိုသောကြေညာ ချက်ကို ဝါရင့်နိုင်ငံရေးသမားများက ထပ်ဆင့်ထောက်ခံလိုက်သည်။

❑ ဩဂုတ် (၂၂)

ညသန်းခေါင်အချိန်

(၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်သော ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ အပါအဝင် ကျောင်းသားခေါင်းဆောင် (၂၀) ဦးကို အာဏာပိုင်များကနေအိမ်များမှ လာရောက်ဖမ်းဆီးသွားသည်။ စစ်အုပ်စု၏ ဖမ်းဆီးမှုသည် ငြိမ်းချမ်းစွာနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုလုပ်ဆောင်နေသူများကို နိုင်ငံရေးအကြမ်းဖက်လိုက်ခြင်းဖြစ်သည်ဟု ဖမ်းဆီးမခံရဘဲ ရှောင်တိမ်းလွတ်မြောက်နေသူကိုဌေးကြွယ်ဦးဆောင်သော (၈၈) မျိုးဆက်များက ကြေညာချက်ထုတ်ပြန်သည်။

❑ နေ့လည်ပိုင်း

၈၈ မျိုးဆက်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) တို့မှ ဦးဆောင်ပြီး လောင်စာဆီကျဆင်းရေးအတွက် ရန်ကုန်မြို့ မြေနီကုန်းမှ သမိုင်းလမ်းဆုံးအထိဆန္ဒပြ။ မြေနီကုန်းမှ လူတရာခန့်ဖြင့် စထွက်ခဲ့ပြီး လှည်းတန်းအရောက်တွင် လူငါးရာခန့်တိုးလာပြီး သမိုင်းအရောက်တွင် လူတထောင်ခန့်ဖြစ်လာသည်။ ဆန္ဒပြပွဲကို (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့မှ မမီးမီး၊ မနီလာသိန်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မဖြူဖြူသင်း၊ နော်အုန်းလှတို့က ဦးဆောင်သည်။ ပါရမီလမ်းဆုံတွင် မမီးမီးက ပြည်သူလူထုအား တရားဟောသည်။ ဆန္ဒပြသူများနောက်သို့ ကြံ့ဖွံ့အဖွဲ့များက ဆိုင်ကယ်အစီးပေါင်းများစွာဖြင့် လိုက်လံအနှောင့်အယှက်ပေးခဲ့ပြီး ဓာတ်ပုံ၊ ဗွီဒီယိုမှတ်တမ်းတင်ခြင်းများဖြင့် လူစုခွဲရန်ကြိုးစားခဲ့သည်။ ဆန္ဒပြချီတက်နေစဉ်အတွင်း နော်အုန်းလှအပါအဝင်အမျိုးသမီး (၇) ဦးကို ဖမ်းဆီးခဲ့ပြီး အုတ်ကျင်းအရောက်တွင် အသင့်စောင့်နေသော ကြံ့ဖွံ့အဖွဲ့က အတင်းဝင်ရောက်ရိုက်နှက်သဖြင့် ရဟန်းတော် (၂) ပါးအပါအဝင် လူအမြောက်အများ ဒဏ်ရာရသည်။ ဆန္ဒပြသူ (၄၀) ကျော်ကို ဒိုင်နာကားပေါ်သို့ ဖမ်းဆီးတင်ဆောင်သွားသည်။ နေ့လည် (၂) နာရီတွင် ရန်ကုန်မြို့လယ် အနော်ရထားလမ်းရှိ နီလာဒံပေါက်ဆိုင်ရှေ့တွင် ဆန္ဒပြရန်ကြိုးစားသည့် လူငယ် (၆) ဦးကို အာဏာပိုင်များကဖမ်းဆီးသွားသည်။

❑ ညနေ (၄ း ၀၀)

နံနက်ပိုင်းက လှည်းတန်းလမ်းဆုံတွင် စတင်ခဲ့သော အမျိုးသားရေးဦးဝင်းနိုင်နှင့် မြန်မာပြည်ဖွံ့ဖြိုးတိုးတက်ရေးလိုလားသူများ ဦးဆောင်သော ဆန္ဒပြသူအင်အား (၃၀၀) ခန့်သည် ဆူးလေဘုရားတွင် စုရုံးနေရာမှ ညနေ (၄) နာရီခွဲတွင် လူစုခွဲလိုက်ကြသည်။

❑ ညနေ (၆ း ၀၀)

နော်အုန်းလှနှင့်အတူ အဖမ်းခံရသူ (၇) ဦးစလုံး ပြန်လည်လွတ်မြောက်လာသည်။ မနီလာသိန်း၊ မဖြူဖြူသင်း၊ ကိုရာဇာ စသော အရေးကြီးခေါင်းဆောင်များ အဖမ်းမခံရ

■ နောက်စာမျက်နှာသို့ ...

























■ စာမျက်နှာ (၃) မှ ...

ရေး တိမ်းရှောင်နေကြသည်။

❑ ဩဂုတ် (၂၃)

နေ့လည် တနာရီခန့်က အမေရိကန်သံရုံးရှေ့၌ ဦးအုန်းသန်း တကိုယ်တော်ဆန္ဒပြသည်။ ဆန္ဒပြပွဲသည် (၁၀) မိနစ်သာကြာမြင့်ပြီး အာဏာပိုင်များသည် ဦးအုန်းသန်းကို လာရောက်ဖမ်းဆီးသွားသည်။ ဦးအုန်းသန်းသည် နိုင်ငံရေးအကျဉ်းသားဟောင်းတဦးဖြစ်ပြီး ဧပြီလအတွင်းကလည်း ထိုအလားတူ ဆန္ဒပြမှုမျိုး (၂) ကြိမ်ပြုလုပ်ခဲ့သည်။ ကိုထင်ကျော်ဦးဆောင်သော ကုန်ဈေးနှုန်းကျဆင်းရေးဆန္ဒပြပွဲတွင်လည်း ပူးပေါင်းခဲ့သည်။

❑ ရန်ကုန် – ရွှေဂုံတိုင်

နံနက် (၉) နာရီခန့်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) အဖွဲ့ဝင်များသည် တာမွေမှ ရွှေဂုံတိုင်သို့ လူ (၄၀) ခန့် နှစ်ယောက်တွဲချီတက်ဆန္ဒပြနေစဉ် ခြောက်ထပ်ကြီးဘုရားဝန်းကျင်မှ စ၍ ကြံ့ဖွံ့နှင့် စွမ်းအားရှင် (၃၀) ကျော် တားဆီးပြီး ရွှေဂုံတိုင်လမ်းအလွန်တွင် ဆန္ဒပြလူအုပ်ကို အကြမ်းဖက်ဖြိုခွဲပြီး ကားပေါ်သို့ ဖမ်းဆီးတင်ဆောင်သွားသည်။ အဖမ်းခံရသူများတွင် ရန်ကင်း အဲန်အယ်လ်ဒီဥက္ကဋ္ဌ ဦးမျိုးခင်လည်းပါဝင်သည်။

❑ ရန်ကုန်–တောင်ဒဂုံ

နံနက် (၈) နာရီတွင် တောင်ဒဂုံမြို့နယ်၌ အဲန်အယ်လ်ဒီအဖွဲ့ဝင် (၃၀) ခန့် လမ်းလျှောက်ဆန္ဒပြရာ တုတ်များကိုင်ဆောင်လာသော ကြံ့ဖွံ့အဖွဲ့များက လာရောက်နှောင့်ယှက်ကြသည်။ နှောင့်ယှက်သူများတွင် မြို့နယ် မယကဥက္ကဋ္ဌကိုယ်တိုင်ပါဝင်ပြီး ဆန္ဒပြပွဲဦးဆောင်သူ အဲန်အယ်လ်ဒီအဖွဲ့ဝင် ဦးစိုးငယ်နှင့် အမျိုးသမီးနှစ်ဦးကို ဖမ်းဆီးသွားသည်။

❑ မကွေးတိုင်း– ရေနံချောင်း

နံနက် (၆) နာရီ မှ (၁၀) နာရီခွဲအထိ အဲန်အယ်လ်ဒီပါတီဝင်များနှင့် ဒေသခံလူထုစုစုပေါင်း (၅၀) ကျော် လမ်းလျှောက်ဆန္ဒပြကြသည်။ အာဏာပိုင်များ၏ နှောင့်ယှက်မှုမရှိပဲ အေးချမ်းစွာပြီးဆုံးသော်လည်း ညနေပိုင်းတွင် ရေနံချောင်းအဲန်အယ်လ်ဒီမှ ဦးတင့်လွင်နှင့်ဒေါ်ခင်စောဌေးတို့အား ခရိုင်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မယကရုံးတွင် ခေါ်တွေ့ကာ ၂/၈၈ အရ အရေးယူနိုင်သည်ဟု ခြိမ်းခြောက်ပြောဆိုသည်။

❑ ရန်ကုန်– မြေနီကုန်း

မြေနီကုန်းတွင် နံနက်ပိုင်းက ဆန္ဒပြရန်စီစဉ်နေသည့် သဃ်န်းကျွန်း၊ ဒဂုံ၊ ရန်ကင်းမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် (၁၀) ဦးကို ကြံ့ဖွံ့၊ စွမ်းအားရှင်နှင့် ရဲက ရိုက်နှက်ဖမ်းဆီးသွားသည်။

❑ မွန်းလွဲပိုင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက်တစောင်ထုတ်ပြန်ရာတွင် ဖမ်းဆီးနေရသူများကို ချက်ချင်းလွှတ်ပေးရေး၊ ရိုက်နှက်ထိုးကြိတ်ခြင်းများ၊ အသက်အန္တရာယ်ထိခိုက်စေခြင်းများလုံးဝမပြုလုပ်ရန်၊ လူမဆန်ကြမ်းတန်းစွာပြုမူခြင်း၊ ရိုင်းစိုင်းစွာဆဲခြင်းများကို ချက်ခြင်းရပ်တန့်ပေးရန် တောင်းဆိုသည်။

❑ ဩဂုတ် ၂၄

ရန်ကုန်မြို့၊ တောင်ဒဂုံ

နံနက်ပိုင်းက ဒဂုံမြို့သစ်တောင်ပိုင်း၌ အဲန်အယ်လ်ဒီပါတီလူငယ်အဖွဲ့ဝင်များဖြစ်ကြသည့် ကိုအောင်စောဦး၊ ကိုစောလွင်၊ ကိုသိန်းအောင်မြင့်နှင့် ကိုညွန့်ဝင်းတို့ (၄) ဦးသည် လိုင်းကားဂိတ်တွင် ကားစောင့်နေစဉ်တွင် အဖမ်းခံရသည်။

❑ ပုသိမ်–ဧရာဝတီတိုင်း

နံနက် (၉) နာရီခန့်က ပုသိမ်မြို့ ကုန်သည်လမ်းတွင် အဲန်အယ်လ်ဒီအဖွဲ့ဝင် ဦးအေးဝင်းသည် ဓာတ်ဆီဈေးအတက်၊ ပြည်သူ့အခက်စာတမ်းကို လည်ပင်းမှာဆွဲလျက် ငြိမ်းချမ်းစွာ တကိုယ်တော်ဆန္ဒပြနေစဉ် (၁၀) မိနစ်အကြာတွင် ဖမ်းဆီးခံလိုက်ရသည်။

❑ ရန်ကုန်– တာမွေပလာဇာ

(၈၈) မျိုးဆက်ကျောင်းသားအဖွဲ့နှင့် အဲန်အယ်လ်ဒီပါတီဝင်များဦးဆောင်၍ တာမွေပလာဇာတွင်ဆန္ဒပြမည်ဟု သတင်းထွက်ပေါ်ခဲ့သဖြင့်ကြံ့ဖွံ့နှင့် စွမ်းအားရှင် (၁၀၀) ခန့်သည် ဒိုင်နာကား (၅) စီးဖြင့် နေ့လည် (၁) နာရီတွင် တာမွေပလာဇာသို့ရောက်ရှိလာသည်။

❑ မကွေးတိုင်း – ရေနံချောင်း

လူ (၂၀) ကျော်ပါသည့် လမ်းလျှောက်အဖွဲ့သည် မြို့နယ် မယကရုံးတွင် လောင်စာဆီဈေးနှင့် ယာဉ်စီးခနှုန်းထားကြီးမြင့်မှုပြဿနာကို မယကဥက္ကဋ္ဌနှင့် သွားရောက်ဆွေးနွေးပြီး တမိုင်ကွာခရီးကို တနာရီကြာလမ်းလျှောက်ဆန္ဒပြခဲ့သည်။ မယကဥက္ကဋ္ဌက ဓာတ်ဆီဈေးနှုန်းများတက်သွားသော်လည်း ကားခကို နဂိုအတိုင်းပြန်ချပေးမည်ဟု ကတိပေးခဲ့သည်ဟု ဆိုသည်။

❑ ရန်ကုန်၊ မြို့တော်ခန်းမရှေ့

နေ့လည် (၂) နာရီခန့်က မြို့တော်ခန်းမရှေ့တွင် ဆန္ဒပြသမား (၁၀၀) ခန့် ဆန္ဒပြရန် စုရုံးနေစဉ် လူ (၂၀) ခန့်ကို ရဲ၊ ကြံ့ဖွံ့များက အကြမ်းဖက်ဖမ်းဆီးလိုက်သည်။ မြို့တော်ခန်းမတဝိုက်တွင်လည်း စစ်သားအင်အား (၁၀၀၀) ကျော် ချထားလိုက်ကြောင်း မြို့ခံများကပြောသည်။

❑ ရန်ကုန်– စင်ထရယ်ဟိုတယ်ရှေ့

ညနေ (၂) နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းလမ်း မီးရထားရုံနှင့် စင်ထရယ်ဟိုတယ်ရှေ့တွင် လူပေါင်း (၂၀) ခန့်ဆန္ဒပြခဲ့သည်။ အနည်းဆုံးမိန်းကလေးတဦးအပါအဝင် ဆန္ဒပြသူ (၆) ဦး အဖမ်းခံလိုက်ရသည်။

❑ ညနေပိုင်း

(၃) ရက်ဆက်တိုက်ဆန္ဒပြပွဲများတွင် ပျောက်ဆုံးနေသော ကိုထင်ကျော်၏အသံကို လေလှိုင်းပေါ်တွင် ပြန်လည်ကြားရသည်။ ကိုထင်ကျော်က လူထုကြားတွင်ရှိနေပြီး မကြာမီ မြင်ကွင်းသို့ တကျော့ပြန်လာမည်ဟု ပြောကြားသည်။

ကိုမင်းကိုနိုင်အပါအဝင် (၈၈) မျိုးဆက်ကျောင်းသားများကို အင်းစိန်ထောင်သို့ပို့လိုက်ကြောင်း၊ ကိုမာကီးကို တဦးတည်းအဝေးသို့ပို့လိုက်ကြောင်း သတင်းများထွက်ပေါ်နေသည်။

လွန်ခဲ့သောတရက်က အဖမ်းခံထားရသော ကိုဌေးကြွယ်၏အကိုဖြစ်သူ ကိုအောင်ကျော်ဦးနှင့် မအေးအေးထွန်းတို့ကို ပြန်လွှတ်ပေးသည်။

❑ ညပိုင်း

(၈) လေးလုံးအရေးတော်ပုံတွင် တက်ကြွစွာပါဝင်ခဲ့သူဖြစ်ပြီး (၁၉၈၈ မှ ၁၉၈၉) ခုထိ ဒေါ်အောင်ဆန်းစုကြည်၏ အနီးကပ်လုံခြုံရေးယူခဲ့ပေးသော သုံးရောင်ခြယ်အဖွဲ့ဝင်တဦးဖြစ်ခဲ့သူ မစန္ဒာမင်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေ၍ လူကိုပါဖမ်းဆီးသွားသည်။ (၉၈) ကျောင်းသားလှုပ်ရှားမှုတွင်ပါဝင်ခဲ့သူ မနိုဗယ်အေးကို လာရောက်ဖမ်းဆီးသွားသည်။ ဩဂုတ်လ (၂၂) ရက်နေ့ကတည်းကတိမ်းရှောင်နေသော ကိုဌေးကြွယ်၊ ကိုထင်ကျော်၊ (၂၃) ရက်နေ့ဆန္ဒပြပွဲကို ဦးဆောင်ခဲ့သော အမျိုးသမီးခေါင်းဆောင်များကို ပိုက်စိတ်တိုက်ရှာဖွေနေသည်။ မြန်မာပြည်အနှံ့အပြားနှင့် နယ်စပ်ဂိတ်များအထိ ကိုဌေးကြွယ်နှင့် ကိုထင်ကျော်တို့၏ ဓာတ်ပုံမိတ္တူများပေးပို့ထားပြီး ခရီးသွားတိုင်း၏ မျက်နှာနှင့် ဓာတ်ပုံထဲမှ မျက်နှာပုံကို တိုက်ကြည့်နေသည်ဟု သတင်းများကဆိုသည်။

❑ ဩဂုတ် (၂၅)

ကိုမင်းကိုနိုင်အပါအဝင် ရှစ်လေးလုံးမျိုးဆက်ခေါင်းဆောင် (၁၃) ဦးကို အင်းစိန်ထောင်သို့ပို့လိုက်ကြောင်း (၈၈) မျိုးဆက်အသိုင်းအဝိုင်းက ပြောသည်။ ယနေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် ကိုမင်းကိုနိုင်ဦးဆောင်သောအဖွဲ့သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အန္တရာယ်ပြုမှု၊ ပြည်ပအကြမ်းဖက်အဖွဲ့များ ဆက်သွယ်မှု စသည့်စွပ်စွဲချက်များဖြင့် ဝေဆာနေသည်။ ၎င်းစွဲချက်များသည် ထောင်ဒဏ် အနှစ် (၂၀) ချမှတ်နိုင်သော ပုဒ်မများဖြစ်သည်။

❑ ရန်ကုန်– သိမ်ကြီးဈေး

ကိုထင်ကျော်၊ ကိုဇော်ညွန့်၊ ကိုကံနှင့် ဦးဟန်တီတို့သည် သိမ်ကြီးဈေးရှေ့တွင် ကုန်ဈေးနှုန်းကျဆင်းပေးရေးပိုစတာကို ကိုင်ဆောင်လျက် ဆန္ဒပြနေစဉ်တွင် ကြံ့ဖွံ့၊ ရဲဟု ယူဆရသူများက ထိုးကြိတ်ပြီးနောက် အရပ်သုံးကားတစီးပေါ်တင်ဆောင်သွားကြောင်း မျက်မြင်သက်သေများကဆိုသည်။

❑ အခြားဒေသများ

မိုးကုတ်၊ တောင်တွင်းကြီး၊ ရေနံချောင်းတို့တွင်လည်း လောင်စာဆီဈေးနှုန်းကျဆင်းရေး ဆန္ဒပြပွဲများဆက်လက်ဖြစ်ပွားသည်။

❑ နိုင်ငံတကာပန်ကြား

အဖမ်းခံနေရသော (၈၈) မျိုးဆက်ခေါင်းဆောင်များအပါအဝင် လွှတ်မြောက်

■ စာမျက်နှာ (၅) ကော်လံ (၁) သို့ ...

■ စာမျက်နှာ (၄) ဆန္ဒပြသတင်းမှ ...

ရေးအတွက် ကုသလမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက လုပ်သင့်လုပ်ထိုက်သည်များ ဆက်လက်ဆောင်ရွက်ပေးရန် ရှောင်တိမ်းလွတ်မြောက်နေသူ မမီးမီးအပါအဝင် အခြား (၈၈) မျိုးဆက်ခေါင်းဆောင်များက တောင်းဆိုသည်။

❑ ဩဂုတ် (၂၆)

ရေနံချောင်းမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒေါ်ခင်စောမြွေးဦးဆောင်သော အဖွဲ့ဝင် (၂၀) ခန့်သည် လမ်းလျှောက်ဆန္ဒပြပွဲများကို ဆက်လက်လုပ်ဆောင်သည်။ အာဏာပိုင်များဘက်က ငြိမ်းချမ်းစွာဆန္ဒပြမှုများကို ဟန့်တားနှောင့်ယှက်ခဲ့ပြီး ညနေပိုင်းတွင် အဖွဲ့ချုပ်ဝင်ခေါင်းဆောင်တချို့ကို ခေါ်ယူသတိပေးခဲ့သည်။

အာဏာပိုင်များသည် သဃ်န်းကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် မခင်ထားရီ၏နေအိမ်နှင့် (၈၈) မျိုးဆက်ကျောင်းသား ကိုအောင်နိုင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေပြီး ဓာတ်ပုံနှင့် စာရွက်စာတမ်းများ သိမ်းဆည်းသွားသည်။

စစ်အစိုးရအနေဖြင့် ဆန္ဒပြသူများကို အကြမ်းဖက်တိုက်ခိုက်နေသည့်ကိစ္စကို ရပ်တန့်ပေးရန် တိုင်းရင်းသားပါတီ (၁၁) ပါတီဖြင့် ဖွဲ့စည်းထားသော တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ (ယူအဲန်အေ) က ကြေညာချက်ထုတ်ပြန်သည်။

❑ ဩဂုတ် (၂၇)

ပဲခူး (ပဲခူးတိုင်း)

နံနက် (၉) နာရီတွင် ပဲခူး၊ ကဝ၊ သနပ်ပင်နှင့် ဝေါစသည့်မြို့နယ် (၄) ခုမှ အဲန်အယ်လ်ဒီအဖွဲ့ဝင်အင်အား (၅၀) ခန့်ကို ဝေါမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ရွှေမှဦးဆောင်၍ ပဲခူးဈေးမှ စတင်လမ်းလျှောက်ဆန္ဒပြခဲ့ကြသည်။ (၂) နာရီခန့်အကြာ လိပ်ပြာကန်၊ လမ်း (၃၀) အရောက်တွင် မယကဥက္ကဋ္ဌက ဆန္ဒပြသူများအားရုံးသို့ခေါ်ယူခဲ့ပြီး နေ့လည် (၁၂) တွင် ပြန်လွှတ်ပေးခဲ့သည်။

❑ ဩဂုတ် (၂၈)

ရခိုင်ပြည်နယ်၊ စစ်တွေ။

ရှစ်လေးလုံးလူထုလှုပ်ရှားမှုတွင် ဦးဆောင်ခဲ့သော ဒေသခံခေါင်းဆောင်များနှင့် ရဟန်းသံဃာတော်များပါဝင်သော လောင်စာဆီဈေးနှုန်းကျဆင်းရေး ဆန္ဒပြသူများသည် စစ်တွေမြို့လမ်းမတလျှောက် (၁) နာရီကြာ ချီတက်ဆန္ဒပြခဲ့ကြသည်။

❑ ရန်ကုန်–လှည်းတန်း

မွန်းလွဲတနာရီတွင် မစုစုနွေးဦးဆောင်သော လောင်စာဆီဈေးနှုန်းကျဆင်းရေး ဆန္ဒပြသူ (၅၀) ခန့်သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်–အင်းစိန်လမ်းမ လှည်းတန်းကားမှတ်တိုင်အနီးတွင် လမ်းလျှောက်ဆန္ဒပြရာ ကြံ့ဖွံ့တ်နှင့် စွမ်းအားရှင်များက အကြမ်းဖက်လူစုခွဲပြီး လူတဒါဇင်ကျော်ကို ဖမ်းဆီးခဲ့သည်။ အဓိကရုဏ်းအတွင်း သတိလစ်လုလုဖြစ်နေသော မစုစုနွေးကို အဲန်အယ်လ်ဒီလူငယ်များမှ ဘားလမ်းရှိ မွတ်ဆလင်ကုသိုလ်ဖြစ် ဆေးရုံသို့ပို့ဆောင်ခဲ့ရသည်။ ❖

# တွေ့ဆုံဆွေးနွေးရေးလုပ်ဆောင်ရန်အရေးကြီးသောအချိန်

တွေ့ဆုံဆွေးနွေးရေးနည်းလမ်းသည်သာ မြန်မာပြည်တွင် ငြိမ်းချမ်းစွာဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အပါအဝင် နိုင်ငံတကာအစိုးရများက တသဘောတည်းရှိကြပါသည်။ အောက်ဖော်ပြချက်များသည် မြန်မာပြည်တွင် တပတ်ကြာ လူထုဆန္ဒပြပွဲများဖြစ်ပွားအပြီးတွင် ထုတ်ပြန်သော နိုင်ငံအစိုးရများ၏ကြေညာချက်များ၏ အနှစ်သဘောဖြစ်ပါသည်။

(အယ်ဒီတာအဖွဲ့)

❑ မစ္စတာဘန်ကီမွန်း (ဩဂုတ်လ–၂၃)

မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပွားနေတဲ့ ဆန္ဒပြမှုတွေကို အနီးကပ်စောင့်ကြည့်နေပါတယ်။ အထူးသဖြင့် ကျောင်းသားခေါင်းဆောင်တွေနဲ့ ဆန္ဒပြသူတွေကို အာဏာပိုင်တွေဘက်က ဖမ်းဆီးတာနဲ့ပတ်သက်ပြီးတော့ စိတ်ပူမိပါတယ်။ ဆန္ဒပြရာမှာ ဘယ်အဖွဲ့အစည်းကမှ ရန်စတာမျိုးမလုပ်ဖို့ အာဏာပိုင်တွေဘက်က ထိန်းပေးရမယ့်အပြင် ဆန္ဒပြတာတွေကို အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းတုံ့ပြန်ဖို့လည်းတောင်းဆိုပါတယ်။ လွန်ခဲ့သော (၉) နှစ်အတွင်း အကြီးမားဆုံးဆန္ဒပြမှုများနှင့် ရင်ဆိုင်နေရတဲ့ စစ်အစိုးရအနေဖြင့် ဆန္ဒပြမှုများကို ကြမ်းကြမ်းတမ်းတမ်းဆက်ဆံတာတွေကိုရပ်တန့်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အကျိုးဖြစ်ထွန်းမည့် တွေ့ဆုံဆွေးနွေးရေး အမြန်လုပ်ဆောင်ရန် သမိုင်းအရ အရေးကြီးသောအချိန်သို့ရောက်ပါပြီ။

❑ အမေရိကန်အစိုးရ (ဩဂုတ်လ ၂၂)

အဖမ်းခံနေရတဲ့ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုကိုကြီးနှင့် ငြိမ်းချမ်းစွာလူထုဆန္ဒဖော်ထုတ်ခဲ့ကြသော ဒီမိုကရေစီထောက်ခံသူများကို ပြန်လွှတ်ပေးဖို့ အမေရိကန်အစိုးရက တောင်းဆိုပါတယ်။ စစ်အစိုးရဟာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် လှုပ်ရှားတဲ့ လူထုကို ခြိမ်းခြောက်နှုတ်ပိတ်နေတယ်ဆိုတာ ထင်ရှားပါတယ်။ အမေရိကန်အစိုးရအနေဖြင့် နောက်ထပ်တောင်းဆိုလိုတာက မြန်မာပြည်မှာ ဒီမိုကရေစီအရပ်သားအစိုးရပေါ်ပေါက်ရေးအတွက် ဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားအင်အားစုတွေနဲ့ အဓိပ္ပါယ်ပြည့်ဝတဲ့ တွေ့ဆုံဆွေးနွေးပွဲတွေကို လုပ်ဆောင်ဖို့ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို အမြန်ပြန်လွှတ်ပေးဖို့ကိစ္စ၊ တိုင်းရင်းသားနယ်မြေတွေမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေရပ်တန့်ပေးဖို့ကိစ္စ၊ လူသားချင်းစာနာမှုအကူအညီပေးနေသောအဖွဲ့များ ထိန်းချုပ်နေတဲ့ကိစ္စ၊ ဒါတွေအားလုံးကို ရပ်တန့်ပေးဖို့ ထပ်ဆင့်တောင်းဆိုပါတယ်။

❑ ယူနိုက်တက်ကင်းဒမ်း (ဩဂုတ်–၂၂)

၈၈ မျိုးဆက်ကျောင်းသားများကို (၂၁–၂၂) ရက်နေ့တွေမှာ ဖမ်းဆီးထားတဲ့ကိစ္စတွေကို ရပ်တန့်ပေးဖို့ ဗြိတိန်အစိုးရက တောင်းဆိုပါသည်။ အဖမ်းခံရသူများသည် နှစ်ရှည်လများခံစားနေရတဲ့လူထု၏ စီးပွားရေးအကြပ်အတည်းကို ကိုယ်စားဖော်ပြသူများဖြစ်ပါသည်။ ဗြိတိန်အစိုးရအနေဖြင့် ဆန္ဒပြသူများတောင်းဆိုသော ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် စစ်မှန်သောတွေ့ဆုံဆွေးနွေးမှု ပေါ်ပေါက်ရေးကိုထောက်ခံသည်။ တဆက်တည်းတွင် ဖမ်းဆီးထားသူများကို ချက်ချင်းပြန်လွှတ်ပေးရန် တောင်းဆိုပါသည်။

❑ ပြင်သစ်အစိုးရ (ဩဂုတ်–၂၂)

ဒါဟာ မြန်မာပြည်က ဒီမိုကရေစီလှုပ်ရှားမှုတွေအပေါ်မှာ အာဏာပိုင်တွေက နောက်ထပ်ဖိနှိပ်ပြလိုက်တာပါပဲ။ ဒီလူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်သူများကို ချက်ချင်းပြန်လွှတ်ပေးဖို့၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားတွေကိုလည်း ပြန်လွှတ်ပေးဖို့ ပြင်သစ်အစိုးရအနေဖြင့် စစ်အစိုးရကိုတောင်းဆိုပါတယ်။ ရန်ကုန်မှာ ဒီမိုကရေစီအရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြသူများကို စစ်အစိုးရထောက်ခံသူများက အကြမ်းဖက်တိုက်ခိုက်နေတဲ့ကိစ္စကိုလည်း ပြင်သစ်အစိုးရက အလွန်အမင်းစိုးရိမ်နေပါတယ်။ ဒီလိုတုံ့ပြန်ချက်တွေကြောင့် ဆန္ဒပြသူတွေမှာ မလိုလားအပ်သော အကျိုးဆက်တွေဖြစ်ပေါ်လာရင် ဒါတွေအားလုံးစစ်အုပ်စုမှာ တာဝန်ရှိပါတယ်။ နိုင်ငံရေးအင်အားစုတွေနဲ့ လူမှုအဖွဲ့အစည်းတွေအားလုံးပါဝင်သော တွေ့ဆုံနွေးရေးနည်းလမ်းသာ စစ်မှန်သော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလမ်းကြောင်းဖြစ်တယ်လို့ ပြင်သစ်အစိုးရက အခိုင်အမာယုံကြည်ပါတယ်။ ပြင်သစ်အစိုးရအနေဖြင့် မြန်မာပြည်တွင် ငြိမ်းချမ်းစွာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ဆောင်သူများဘက်က ရပ်တည်ပါသည်။

❑ ဗားကရက်ဟာဗယ် (ဩဂုတ်–၂၃)

စစ်အုပ်စုလက်အောက်မှာ သူတို့ရဲ့အခြေခံအခွင့်တွေ (၁၉) နှစ်ကြာ ပြားပြားဝပ်ခဲ့ရတဲ့ မြန်မာပြည်သူတွေဟာ လမ်းမပေါ်ရောက်လာကြပြန်ပါပြီ။ ဒါဇင်နဲ့ချီတဲ့ ကျောင်းသားခေါင်းဆောင်တွေ အဖမ်းခံခဲ့ရတာတောင် ရာပေါင်းများစွာသောလူထုကြီးဟာ လွတ်လပ်ပြီး သာယာဝပြောတဲ့နိုင်ငံမှာ နေထိုင်လိုတဲ့ သူတို့ရဲ့ဆုံးဖြတ်ချက်တွေကို လမ်းမတွေပေါ်မှာ စုရုံးပြသနေကြတာဖြစ်ပါတယ်။ ယခုတကြိမ်တွင် ကမ္ဘာ့အသိုင်းအဝိုင်းကြီး၊ အထူးသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ကမ္ဘာ့မီဒီယာများမှတဆင့် လူထုကြီး၏ တရားမျှတသောတောင်းဆိုသံများကိုကြားနိုင်လောက်ပါပြီ။ စစ်အစိုးရအနေဖြင့် လူထုကြီး၏ဆန္ဒဖြစ်သော ဒေါ်အောင်ဆန်းစုကြည်၊ မင်းကိုနိုင်နှင့် တခြားနိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးတောင်းဆိုသံကို နားထောင်သင့်ပြီး အာဏာအတွက် နောက်ဆုံးခံကတုတ်ကနေ အင်အားမသုံးပါနှင့်တော့။ ၁၉၈၈ ခုနှစ်ကဖြစ်ခဲ့သော ကံဆိုးမိုးမှောင်ကျမှုမျိုး နောက်ထပ်တခါမကြုံရအောင် ငြိမ်းချမ်းသောတွေ့ဆုံဆွေးနွေးရေးလုပ်ဆောင်ဖို့ ကျွန်ုပ်တောင်းဆိုပါတယ်။

❑ ကနေဒါအစိုးရ၊ (ဩဂုတ်–၂၂)

ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဂျင်မီတို့ခေါင်းဆောင်သော ၈၈ မျိုးဆက်ကျောင်းသားများကို ဖမ်းဆီးလိုက်ခြင်းသည် စစ်အုပ်စုက ဒီမိုကရေစီနှင့်လွတ်လပ်ခွင့်ကို မလေးမစား လုပ်ပြလိုက်ခြင်းပင်ဖြစ်သည်။ ဖမ်းဆီးထားသူများကို ချက်ချင်းပြန်လွှတ်ပေးဖို့ ကနေဒါအစိုးရကတောင်းဆိုပါတယ်။ လူ့အခွင့်အရေးကိုလေးစားဖို့၊ မြန်မာပြည်သူတွေရဲ့ အခြေခံအခွင့်အရေးကို အသိအမှတ်ပြုဖို့ ကနေဒါအစိုးရက စစ်အစိုးရကို တိုက်တွန်းပါတယ်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကိုပြန်လွှတ်ပေးပြီး အတိုက်အခံဒီမိုကရေစီအင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ ထပ်ဆင့်တောင်းဆိုပါတယ်။

❑ ဆွီဒင်အစိုးရ (ဩဂုတ်–၂၄)

လတ်တလောဖြစ်ပေါ်နေသော ရန်ကုန်မှ ၈၈ မျိုးဆက်ကျောင်းသားများ၏ ငြိမ်းချမ်းစွာဆန္ဒပြပွဲများသည် မြန်မာပြည်သူများအကြားတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသော မကျေမနပ်ဖြစ်မှုများနှင့် မျှော်လင့်ချက်မဲ့မှုများကို ဖော်ပြလိုက်မှုပင်ဖြစ်သည်။ လောင်စာဆီဈေးနှုန်း တိုးမြှင့်လိုက်ခြင်းမှ ထွက်ပေါ်လာသော ဆန္ဒပြမှုများသည် နှစ်ပေါင်းများစွာ စစ်အုပ်စု၏ နိုင်ငံရေးဖိနှိပ်မှုနှင့် စီးပွားရေးတွင် စီမံခန့်ခွဲမှုညံ့ဖျင်းမှုများ၏ ရလဒ်ဖြစ်သည်။ ဒီမိုကရေစီထောက်ခံသူများကို ဖမ်းဆီးမှုများအား ဆွီဒင်အစိုးရအနေဖြင့်ရှုတ်ချပြီး၊ လတ်တလော ဖမ်းဆီးထားသူများနှင့် နိုင်ငံရေးအကျဉ်းသားများကို ချက်ချင်းလွှတ်ပေးဖို့၊ အတိုက်အခံများနှင့် စစ်မှန်သောတွေ့ဆုံဆွေးနွေးရေးလုပ်ဆောင်ဖို့ တောင်းဆိုပါသည်။

❑ အိုင်ယာလန်အစိုးရ (ဩဂုတ်– ၂၄)

မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဂျင်မီ စသောဒီမိုကရေစီရေးလှုပ်ရှားသူ (၁၃) ဦးကို ဖမ်းဆီးလိုက်ခြင်းအပေါ် ကျွန်ုပ်တို့အနေဖြင့် လုံးဝရှုတ်ချပါသည်။ အဖမ်းခံရသူများသည် အခြားသူများနှင့်အတူ လောင်စာဆီဈေးနှုန်းတိုးမြှင့်လိုက်ခြင်းကြောင့်ဖြစ်ပေါ်လာသောလူထု၏ စီးပွားရေးဝန်ထုပ်ဝန်ပိုးအတွက် ကိုယ်စား ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်နေသူများဖြစ်သည်။ ယခုအဖမ်းခံရသူများနှင့် နေအိမ်အကျယ်ချုပ်ကျခံနေရသော ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာပြည်တွင် အားလုံးကျယ်ကျယ်ပြန့်ပြန့်ပါဝင်သောနည်းလမ်းဖြင့် ဒီမိုကရေစီစနစ်တည်ဆောက်ရန် လုပ်ဆောင်နေသူဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် မြန်မာပြည်တွင်အဖမ်းခံနေရသော နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးကို ထပ်ဆင့်တောင်းဆိုလိုက်ပြီး လက်ရှိအမျိုးသားညီလာခံကိုလည်း အင်အားစုများ ယခုထက်ကျယ်ကျယ်ပြန့်ပြန့်ပါဝင်နိုင်သောနည်းလမ်းဖြင့်လုပ်ဆောင်ရန် တိုက်တွန်းလိုပါသည်။ အဆိုပါကိစ္စတွင် လွှတ်တော်ကိုယ်စားလှယ် (၉၂) ဦးက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးထံသို့ အဆိုပြုထားသောအချက်များသည် မြန်မာပြည်တွင် ဒီမိုကရေစီထွန်းကားရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အလေးအနက်ထား စဉ်းစားစရာအချက်များအဖြစ် ယုံကြည်ပါသည်။

❑ ချက်အစိုးရ (ဩဂုတ်–၂၄)

ဩဂုတ်လ (၂၁–၂၂) ရက်နေ့ ဆန္ဒပြပွဲများတွင်အဖမ်းခံလိုက်ရသော ဒီမိုကရေစီလိုလားသူများနှင့် ၈၈ မျိုးဆက်ကျောင်းသားများသည် စစ်အစိုးရလက်အောက်တွင် ကာလရှည်ကြာ စီးပွားရေးဒုက္ခများခံစားနေရသော လူထုကြီး၏ကိုယ်စား ငြိမ်းချမ်းစွာဆန္ဒပြသူများဖြစ်သည်။ ထို့ကြောင့် လတ်တလောဖမ်းဆီးထားသူများအပါအဝင်၊ နိုင်ငံရေးအကျဉ်းသားများနှင့် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးဖို့ ချက်အစိုးရအနေဖြင့် တောင်းဆိုပါသည်။ ယခုဖမ်းဆီးမှုများနှင့်ပတ်သက်၍ စစ်အစိုးရကိုပြင်းပြင်းထန်ထန်ရှုတ်ချကြောင်းနှင့် ဒီမိုကရေစီလိုလားသူများနှင့် ၎င်းတို့၏ဒီမိုကရေစီဖော်ဆောင်ရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးအတွက် ကြိုးပမ်းချက်များကိုထောက်ခံပါသည်။

❖

**မတရားသည့် အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ**



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# လူထုဆန္ဒပြပွဲနှင့်အကြမ်းဖက် ဖမ်းဆီးမှုများအပေါ် နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏တုံ့ပြန်မှု

"မြန်မာပြည်မှာ လူသားတိုင်း ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို ဆုံးရှုံးနေသလို လူ့အခွင့်အရေးတွေကို ကာကွယ်ဖို့ကြိုးစားသူတွေ၊ ဒီမိုကရေစီကိုဖော်ဆောင်ဖို့ ကြိုးစားသူတွေရဲ့ တောင်းဆိုမှုတွေကို အခုလို ဖမ်းဆီးနေတဲ့ မြန်မာစစ်အစိုးရရဲ့လုပ်ရပ်ဟာ အင်မတန်ရုပ်ဆိုးပါတယ်။ ဒါကို ကျမတို့ ပြင်သစ်အစိုးရကိုတင်ပြပြီး အမြန်ဖိအားပေးဖို့ တောင်းဆိုထားပါတယ်"

ကက်သရင်းဖွန်ဆွာ (Cathrine Fornçoise)
FIDH ခေါ် နိုင်ငံတကာလူ့အခွင့်အရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့တာဝန်ခံ

"ဒီကနေ့မနက်ပဲ နယ်လ်သာလန်ပါလီမန်ထံကို အဖမ်းခံထားရတဲ့ (၈၈) ကျောင်းသားခေါင်းဆောင်တွေရဲ့ကိစ္စတွေ၊ လူထုဆန္ဒပြမှုတွေကို နှောင့်ယှက်ပြီးဖမ်းဆီးတဲ့ကိစ္စတွေအပြင် မြန်မာလူထုတွေ ရင်ဆိုင်နေရတဲ့ ပြဿနာတွေအကြောင်းကို တယ်လီဖုန်းနဲ့ရော စာနဲ့ပါ နှစ်မျိုးစလုံးပေ့ါလေ။ လှမ်းပြီးတော့ အကြောင်းကြားထားပါတယ်တဲ့။ နယ်သာလန်ပါလီမန်အဖွဲ့ကတာဝန်ရှိသူက ဒီကိစ္စကို နယ်လ်သာလန်အစိုးရအနေနဲ့ ချက်ချင်းကူညီဆောင်ရွက်ဖို့ကြိုးစားမှာဖြစ်သလို အီးယူ (ဥရောပသမဂ္ဂ) ထံကိုလည်း ဆက်သွယ်ပြီး နယ်လ်သာလန်အပါအဝင် ဥရောပသမဂ္ဂကြီးတခုလုံးက မြန်မာစစ်အစိုးရကို ဖိအားပေးဖို့ ချက်ချင်းဆောင်ရွက်မယ်"

ပီတာရတ်စ် (Peter Ras)
နယ်လ်သာလန်အခြေစိုက်၊ Burma Center Netherlands အဖွဲ့တာဝန်ခံ

"ဒီကျောင်းသားခေါင်းဆောင်တွေရဲ့ပြောဆိုချက်နဲ့ သူတို့က စစ်အစိုးရကို အသိပေးနေတာတွေကို သေချာကြည့်မယ်ဆိုရင် သူတို့က ပြည်သူလူထုကို အတင်းအကြပ်ဖိနှိပ်တွန်းအားပေးတာမျိုးတွေမလုပ်ပါနဲ့။ လောင်စာဆီဈေးတွေ တိုးမြှင့်လိုက်တဲ့အတွက် ပြည်သူတွေဒုက္ခရောက်နေတယ်။ အောက်ခြေပြည်သူတွေအတွက်ငဲ့ကွက်ပြီး မှားယွင်းနေတာတွေကို ပြင်ဆင်ပေးပါဆိုတာမျိုးကို သူတို့က အစိုးရကို အကြောင်းကြားတာပါ"

ဂျိုးဇက်ဆေးလ်ဗားစတိုင်း (Joseph Silver Stein)
အမေရိကန်ပြည်ထောင်စု Rutgers တက္ကသိုလ်ဂုဏ်ထူးဆောင်အငြိမ်းစားပါမောက္ခ

"မြန်မာလူထုရဲ့အခြေအနေတွေဟာ တကယ့်ကိုစိုးရိမ်စရာပါ။ ဒီလိုအခြေအနေတွေမှာ အင်္ဂလန်အစိုးရကရော၊ ကုလသမဂ္ဂအဖွဲ့ကြီးကပါ အမြန်ဆုံး မြန်မာ့အရေးကို ဖိအားပေးဖြေရှင်းနိုင်ဖို့ ကြိုးစားကြလိမ့်မယ်လို့မျှော်လင့်ပါတယ်"

မာခ့်ဖာမနာ (Mark Farmaner)
Burma Campaign UK အဖွဲ့က ဒါရိုက်တာ

"မြန်မာနိုင်ငံမှ ထောင်မကျသေးတဲ့သူ အဖမ်းမခံရသေးတဲ့သူ သန်း (၅၀) လောက်ရှိပါတယ်။ အဲဒီသန်း (၅၀) က သူတို့ပါအဖမ်းခံရင် စစ်အစိုးရဘာလုပ်မလဲ။ သန်း (၅၀) မပြောနဲ့။ လူ (၁) သန်းလောက်အဖမ်းခံပါ။ မြန်မာစစ်အစိုးရက ဘာလုပ်နိုင်မလဲ။ မြန်မာပြည်သူတွေက ခေါင်းဆောင်တွေအဖမ်းခံလိုက်ရပြီဆိုရင် ငြိမ်မနေဘဲ ဆက်လှုပ်ရှားမယ့် မဟာဗျူဟာရှိဖို့အရေးကြီးပါတယ်။ စစ်အစိုးရရဲ့အားနည်းချက်တွေကို သိရပါလိမ့်မယ်"

ဗိုလ်မှူးကြီး ရောဘတ်ဟယ်လ်ဗေး (Robert Helvey)
မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်စစ်သံမှူးဟောင်း

"ဒါဟာ ငြိမ်းငြိမ်းချမ်းချမ်းလုပ်ကြတဲ့ဆန္ဒပြပွဲတွေပါ။ အခုအဖမ်းခံရတဲ့ကျောင်းသားတွေဟာ သူတို့အမြင်တွေကို ဒီမိုကရေစီနည်းလမ်း ကျကျဖော်ပြဖို့ ကြိုးပမ်းသူတွေပါ။ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရော၊ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်နာမင်းကြီးကရော အားလုံးမျှော်လင့်တာက သူတို့အားလုံးကို ချက်ချင်းပြန်လွှတ်ပေးမယ်ဆိုတာပါပဲ။ ဘာ့ကြောင့်လဲဆိုရင်တော့ဗျာ။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဒီမိုကရေစီနည်းကျဆန္ဒပြသူတွေကို ထိန်းသိမ်းထားတဲ့တချိန်ထဲမှာ ဒီမိုကရေစီရှေးရှုတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေဆက်လုပ်သွားဖို့ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်ပါ့မလဲ"

မစ္စတာ ပင်ဟေးရိုး (Mr. Paulo Sergio Pinheiro)
မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလအထူးသံတမန်



# တိုက်ပွဲထဲမှတိုက်ပွဲခေါ်သံ



"ကျနော်တို့က ပြည်သူတွေရဲ့ဘဝဟာ ဘယ်အခြေနေရောက်သွားတယ်ဆိုတာကို လက်တွေ့ထင်ဟပ်ပြလိုက်တာ။ ပြည်သူတွေဟာ နောက်ဆိုလို့ရှိရင် ရတဲ့ဝင်ငွေနဲ့ မော်တော်ကားစီးဖို့နဲ့ မလုံလောက်တော့တဲ့အတွက်ကြောင့် ဟောဒီလို လမ်းမတွေပေါ်ရောက်လာလိမ့်မယ်ဆိုတာကို အမြည်းသဘောနဲ့ကျနော်တို့ပေးလိုက်တာပဲ။ ဒါ နမူနာပဲရှိပါသေးတယ်။ ပြည်သူလူထုရဲ့အခက်အခဲကို တကယ်ဖြေရှင်းချင်တဲ့ဆန္ဒ သူတို့မှာရှိသလားမရှိဘူးလားဆိုတာကိုပြည်သူတွေ သိသွားဖို့ကလိုရင်းဖြစ်တယ်ဗျ။ ပထမဦးဆုံးခြေလှမ်းဟာ သူတို့တကယ်လို့ ဖြေရှင်းချင်တဲ့ဆန္ဒရှိတယ်ဆိုရင် သူတို့ဘက်ကတရားဝင် ဟောဒီအခက်အခဲကိုတော့ ဘယ်ပုံဘယ်နည်းနဲ့ဖြေရှင်းပါ့မယ်ဆိုတဲ့ အကြောင်းပြန်ချက်မျိုးကို ကျနော်တို့ခေါ်မယ်။ အဲလိုမဟုတ်ဘဲ ပြည်သူတွေမအောင့်နိုင်လို့ ထွက်လာခဲ့လို့ရှိရင်လဲ အဲဒီပြည်သူတွေနဲ့ ဖြေရှင်းကြပေတော့ ...."

( မင်းကိုနိုင်)

(ကိုမင်းကိုနိုင်သည် အထက်ပါစကားများကိုအဖမ်းမခံရခင် (၃)ရက်၊ ဩဂုတ်လ (၁၉) ရက်နေ့က လမ်းလျှောက်ဆန္ဒပြပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။)



"ကျနော်တို့ဟာ ဒီစနစ်ကိုပြောင်းလဲနိုင်ဖို့အတွက် မြန်မာနိုင်ငံသားတွေစုပေါင်းပြီးတော့ ဝိုင်းဝန်းပြီးတော့ လုပ်ဆောင်ကြတဲ့နေရာမှာပါ။ ဒီထိပ်တိုက်တွေ့ဆုံရေးဆိုတာလောက်မဟုတ်ပါဘူး။ ဒီစနစ်တခုလုံးကိုပြောင်းပစ်ဖို့ပါ။ ဒီစနစ်ကိုပြောင်းပစ်ဖို့အတွက်ကို ကျနော်တို့ နိုင်ငံသားတွေဟာ ဘာကိုပဲ ရင်းနှီးရ ရင်းနှီးရ ဒီထက်ပိုဆုံးရှုံးစရာမရှိတော့ပါဘူး။ ဒီအခြေအနေက အဆုံးရှုံးဆုံးအခြေအနေပါ။ နိုင်ငံသားတွေဟာ လုံခြုံမှုနဲ့လွတ်လပ်မှုရဲ့အရသာကိုမရတဲ့ နိုင်ငံသားတွေဖြစ်နေပါပြီ။ အဲ့ဒီကျတော့ ကျနော်တို့ဟာ တခြားရွေးစရာလမ်းမရှိတော့ဘူးရှိရင်တော့ အရိုးတွေတောင်လိုပုံနေမှ တည်ဆောက်လို့ရတော့မယ်ဆိုလို့ရှိရင်လည်း ကျနော်တို့မျိုးဆက်တခေတ်ဟာ ကျနော်တို့ မျိုးဆက်သစ်တွေဟာ ရင်းဆက်ဖို့အဆင်သင့်ပါပဲ။ မြန်မာနိုင်ငံကိုချစ်တဲ့ပြည်သူတွေအားလုံးဟာ အရိုးတောင်လိုပုံဖို့ဝန်မလေးသလို သွေးစွန်းတော့မှပြောင်းလဲမယ့် အပြောင်းအလဲအတွက်လည်း စွန့်လွှတ်ဖို့ စွန့်စားဖို့ ဝန်မလေးတော့ပါဘူး။ ဒီထက်ပိုပြီးစွန့်လွှတ်စရာ ဘာမှမရှိဘူး။ ဒီထက်ပိုပြီးဆုံးရှုံးစရာဘာမှမရှိတော့ပါဘူး ...."

(ကိုဌေးကြွယ်)

(ကိုဌေးကြွယ်ကို နအဖက ဖမ်းဝရမ်းထုတ်ထားပြီး အာရ်အက်ဖ်အေနှင့် ရေဒီယိုအင်တာဗျူးတွင်ပြောကြားခြင်းဖြစ်သည်။)



"မိမိတို့ရဲ့လိုအပ်နေတဲ့အခွင့်အရေးကို ကျမတို့ဘယ်နိုင်ငံကိုမှ တောင်းဆိုလို့ရမှာမဟုတ်ပါဘူး။ ဘယ်သူ့ကိုမှလည်း မျှော်ကိုးလို့ရမှာမဟုတ်ပါဘူး။ မိမိတို့ဆုံးရှုံးနေတဲ့အခွင့်အရေးတွေ မိမိတို့ရပိုင်ခွင့်တွေအတွက် ကိုယ်တိုင်တောင်းဆိုမှရမယ်။ အဲဒါကြောင့်မို့ ပြည်သူအပေါင်းဟာ ကျမတို့နှင့်ပူးပေါင်းဆောင်ရွက်ကြပါ။ ကျမတို့မျိုးဆက်ခေါင်းဆောင်တွေအဖမ်းခံထားရပေမယ့် ကျမတို့ကျန်ရှိနေတဲ့ကျောင်းသားတွေဟာ ဒီနေ့ဒီအချိန်မှာ လူထုအရှေ့မှာ မားမားမတ်မတ်ရပ်တည်ပြီးတော့ ကျမတို့ နောက်ဆုံးထောင်ထဲဝင်သွားသည်အထိ ကျမတို့ အသက်သေသွားသည်အထိ ပြည်သူတွေရဲ့ဆုံးရှုံးနေတဲ့အခွင့်အရေးတွေ မတရားခံ နေရတာတွေအားလုံးကို ကျမတို့ပြည်သူ့အရှေ့ကနေ ရဲရဲဝံ့ဝံ့ရပ်တည်ပြီးတော့ ငြိမ်းချမ်းစွာနဲ့ဆန္ဒပြသွားမှာဖြစ်ပါတယ်။ ဘယ်သောအခါမှ ကျမတို့နောက်မဆုတ်ပါဘူး။ ကျမတို့ကိုဘယ်လောက်ပဲဖိနှိပ်ပါစေ၊ ဘယ်လောက်ပဲဖမ်းဆီးပါစေ၊ ဘယ်လောက်ပဲရိုက်နှက်ပါစေ၊ ဘယ်လိုမျိုး ကျမတို့ကိုဒုက္ခပေးပါစေ၊ ကျမတို့အသက်သေသွားသည်အထိ ကျမတို့နိုင်ငံ ကျမတို့ တိုင်းပြည်နဲ့လူမျိုးကောင်းစားဖို့အတွက် ကျမတို့ဟာလူထုရှေ့မှာ မားမားမတ်မတ် ရပ်တည်မယ် ...."

မမီးမီး

(မမီးမီးသည် (၂၂) ရက်နေ့ဆန္ဒပြပွဲတွင် အဓိကခေါင်းဆောင်များအနက်တဦးဖြစ်ပြီး အထက်ပါစကားများကို ဆန္ဒပြချီတက်သည့်လမ်းတွင် လူထုအားစည်းရုံးဟောပြောခဲ့ခြင်းဖြစ်သည်။)

# ပြည်သူလူထုဟာ သစ္စာမဖောက်ဘူး…



ဗညြ

❑ လမ်းပေါ်မှာ ဆန္ဒပြနေကြသူတွေက ပတ်ဝန်းကျင်ကလူတွေကို “မကြောက်ကြပါနဲ့၊ ထွက်ခဲ့ကြပါ၊ ပူးပေါင်းလှည့်ပါ” လို့ လှမ်းပြီးခေါ်တာ မဆန်းဘူး။

ဒါပေမဲ့ ဆန္ဒပြပွဲအောင်မြင်မှုမရတာ လူထုကြီးကြောက်နေလို့ဆိုပြီး နိဂုံးချုပ်လို့ကတော့ အမှားကြီး မှားကြလိမ့်မယ်။ ဗမာပြည်သမိုင်းမှာ နာမည်ကြီးလှတဲ့ လူထုအပေါ်အမြင်မှားမှု၊ ပြစ်မှားမှုကြီးတခုကို ကြားဖူးကြမယ်ထင်တယ် … ။ ❑

ညောင်နှစ်ပင်ညီလာခံကနေ ဗမာပြည်နိုင်ငံရေးကို သေဒဏ်ပေးဖို့ နောက်ဆုံးစီရင်ချက်ချဖို့စည်းဝေးနေချိန်မှာပဲ လမ်းမတွေပေါ်မှာ ပြည်သူလူထုဟာ အဲဒီညောင်နှစ်ပင်ညီလာခံအပါ နအဖစစ်အုပ်စုကိုပါ သေဒဏ်ပေးဖို့ ဆန္ဒပြနေကြတယ်။

နအဖအဖို့ အလစ်ခံလိုက်ရတာလို့ မပြောနိုင်ဘူး။ သူတို့ပြင်ဆင်ထားတာတွေ အများကြီးပဲ။ ဒါပေမဲ့ သူတို့တွက်ထားတာထက် ဖြိုခွဲရခက်နေတာတော့ အမှန်ပဲ။ ဆန္ဒပြပွဲတခုကို ဖြိုခွဲရတာမခက်ဘူး။ ဒါပေမဲ့ ဆန္ဒပြပွဲမှန်သမျှ ပျောက်သွားအောင်လုပ်ဖို့ ကျတော့ သူတို့ထင်သလိုမလွယ်တာ တွေ့နေရတယ်။ နောက်ပြီး ဒါတွေဟာ အခုမှအစပဲ ရှိသေးတယ်ဆိုတာကို ဗမာပြည်ရဲ့နိုင်ငံရေး အကြောင်းနားလည်သူတိုင်း သဘောပေါက်ကြတယ်။ နအဖလည်း ကောင်းကောင်းနားလည်တယ်။ သူခိုးနဲ့အိမ်ရှင်သာသိတယ်ဆိုတာမျိုး။ အခုကိစ္စဟာ လောင်စာဆီပြဿနာသက်သက်မဟုတ်ဘူးဆိုတာလည်း ရှင်းနေတယ်။

အမှန်ပဲ ….

အစဆိုတော့ ပါဝင်တဲ့ဦးရေနည်းနေသေးတယ်။ တချို့က ပြည်သူလူထုကြီး ပါမလာရကောင်းလားလို့ စိတ်တို၊ စိတ်ပျက်တာတွေ ကြားနေ၊ တွေ့နေရတယ်။ တချို့ကဆိုရင် ပြည်သူလူထုဟာ ကြောက်တယ်လို့တောင် နိဂုံးချုပ်ကြတယ်။ လောကမှာ ကိုယ်လုပ်တဲ့ အလုပ်တိုင်း သူများလိုက်မလုပ်တာကို သတ္တိနည်းတယ်လို့ လက်ညှိုးထိုးလို့ မဖြစ်ပါဘူး။ ဘာကြောင့် အဲဒီလိုကွာဟနေတယ်ဆိုတာကို သေသေချာချာ လေ့လာပိုင်းခြား နည်းနာရှာဖို့ပဲဖြစ်တယ်။

လမ်းပေါ်မှာ ဆန္ဒပြနေကြသူတွေက ပတ်ဝန်းကျင်ကလူတွေကို “မကြောက်ကြပါနဲ့၊ ထွက်ခဲ့ကြပါ၊ ပူးပေါင်းလှည့်ပါ” လို့ လှမ်းပြီးခေါ်တာ မဆန်းဘူး။ ဒါပေမဲ့ ဆန္ဒပြပွဲအောင်မြင်မှုမရတာ လူထုကြီးကြောက်နေလို့ဆိုပြီး နိဂုံးချုပ်လို့ကတော့ အမှားကြီးမှားကြလိမ့်မယ်။ ဗမာပြည်သမိုင်းမှာ နာမည်ကြီးလှတဲ့ လူထုအပေါ်အမြင်မှားမှု၊ ပြစ်မှားမှုကြီးတခုကို ကြားဖူးကြမယ်ထင်တယ်။ အလံနီ သခင်စိုးကိစ္စပဲ။ ဗကပထဲကခွဲထွက်ပြီးစမှာ တခြားသူအားလုံးကို အချောင်သမားလို့ အပြစ်တင်ပြီး လက်မတွဲနိုင်ဘူးလို့ ကြေညာထားတဲ့သခင်စိုးဟာ ရန်ကုန်မှာ လူထုဆန္ဒပြပွဲကြီးတခုကို သူတို့ချည်းဖော်ထုတ်ဖို့ စည်းရုံးတရားဟောတော့ လူထုကထွက်မလာဘူး။ သူတို့အလံနီလေး လက်တဆုပ်စာလောက်ဆိုတော့ အစိုးရက ရေပိုက်တွေနဲ့ အလွယ်တကူဖြိုခွဲပစ်လိုက်တယ်။ အဲဒီအခါမှာ အတော်ရှက်သွားတဲ့သခင်စိုးက “ရန်ကုန်မြို့က လူထုဟာ လူထုမဟုတ်ဘူး။ လဒ္ဒပဲ” လို့ ပြောခဲ့တယ်။ အဲဒီစကားဟာ ရာဇဝင်ကိုတွင်ရောဆိုတာမျိုးဖြစ်ခဲ့တယ်။ ဆိုလိုတာ လူထုကို သေသေချာချာ အကဲဖြတ်တာ၊ ပါလာအောင် လုပ်တာတို့ဟာ အရည်အချင်းတခုဖြစ်တယ်။ လူထုဟာ သမိုင်းဖန်တီးသူဖြစ်တယ်ဆိုတာ တရားသဘော၊ သမိုင်းခေတ်နဲ့ ချီပြီးပြောတာဖြစ်တယ်။ လှုပ်ရှားမှုတခု၊ တိုက်ပွဲတခုစီအတွက် သီးခြားစီ ခွဲခြမ်းစိပ်ဖြာသုံးသပ်ပြီး လုပ်ငန်းစဉ်တွေ၊ နည်းပရိယာယ်တွေ ချမှတ်ရတယ်။

လူထုနဲ့ပတ်သက်လာရင် ကိုယ်ကသူ့ဆီကိုသွားရတာဟာ အခြေခံတရားဖြစ်တယ်ဆိုတာမမေ့သင့်ဘူး။ ကိုယ်က သူ့ဆီကို ထဲထဲဝင်ဝင်သွားနိုင်မှ သူကကိုယ့်ဆီကိုလာမှာ။ ကိုယ်ကအမိန့်ပေးသလို ငါ့နောက်လိုက်ခဲ့ကြလို့ ခေါ်နေလို့မဖြစ်ဘူး။ လူထုမပါဘဲ ကိုယ်က ဘာမှလုပ်လို့မရဘူး။ လူထုဘက်ကတော့ ဒီခေါင်းဆောင်ကိုမကြိုက်ရင် နောက်ခေါင်းဆောင်ကို ရွေးချယ်လို့ရတယ်။ ဒီနိုင်ငံမှာ ဒီလူထုပဲရှိတယ်။ ကိုယ့်မှာ ရွေးစရာမရှိဘူး။ ဒီလူထုလက်ခံသဘောပေါက်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာပဲ စဉ်းစားသင့်တယ်။

တပွဲထဲ၊ တချီထဲနဲ့ လူထုတရပ်လုံး လမ်းပေါ်တက်လာတယ်ဆိုတာ ဘယ်သမိုင်းမှာမှမရှိဘူး။ ရှစ်လေးလုံးအရေးတော်ပုံကြီး ရှေ့မှာ ဇာတ်တိုက်တာတွေ ဘယ်နှစ်ကြိမ် ဘယ်နှစ်လီလုပ်ခဲ့ရတယ်ဆိုတာ ပြန်စဉ်းစားကြည့်ပါ။ ကိုယ့်ဘက်က ဘယ်လောက်ပြင်ဆင်မှုတွေလုပ်ထားတယ်ဆိုတာလည်း အရေးကြီးတယ်။ အမာခံအတွင်းစည်း တည်ဆောက်တာဟာ အရည်အတွက်အားဖြင့် ဘယ်လောက်များလို့ ဘယ်လောက်ကျယ်ပြန့်သလဲ။ နောက်ပြီး လူထုထဲကို ဘယ့်ကလောက် စိမ့်ဝင်ထားနိုင်သလဲဆိုတာလည်း ပြန်ဆန်းစစ်ရမယ်။ အရင်တုန်းက တနေရာရာကဖောက်ခွဲလိုက်ရင် အုံကြွလိုက်လာကြတယ်ဆိုတာဟာ သူ့ရှေ့က၊ သိပ်မကြာလှသေးတဲ့ကာလအတွင်းမှာဖြစ်ပေါ်ခဲ့တဲ့ အရေးအခင်းတွေ ရှိနေလို့ဆိုတာဟာ တကြောင်းဖြစ်တယ်။ အခုဟာက အဲဒီလိုရှေ့ပြေးတွေ စပြီးဖော်ထုတ်နေတဲ့အဆင့်မျိုးပဲ ရှိသေးတယ်။ နောက်ပြီး အရင်ကလည်း အဲဒီလိုဖောက်ခွဲတုန်းမှာပဲ အဖမ်းခံသွားရတယ်ဆိုတဲ့ အဖြစ်အပျက်မျိုးတွေလည်း မနည်းဘူးဆိုတာ မမေ့သင့်ဘူး။

ဒါပေမဲ့ ပြည်သူလူထုဟာ ဒီနေ့ဖြစ်နေတာတွေကို မျက်စိမှိတ်၊ နားပိတ်ထားကြတာမဟုတ်ဘူး။ သူတို့မျက်စိဖွင့်၊ နားစွင့်ပြီး စောင့်ကြည့်နေကြတာသာဖြစ်တယ်။ ဘယ်သူတွေပါသလဲ၊ ဘယ်သူတွေမပါဘူးလဲ၊ သူတို့ခေါင်းထဲမှာ စဉ်းစားနေတာပဲ။ သူတို့လေးစားယုံကြည်တဲ့ ဘယ်သူဘယ်ဝါတွေက ဘယ်လိုတုန့်ပြန်သလဲ။ ဘယ်လိုသဘောထားဖော်ပြသလဲ။ သူတို့မဲဆန္ဒပေးခဲ့တဲ့လူတွေ ဘယ်လိုအခန်းကပါဝင်သလဲ။ ဒါတွေအားလုံးကို ထည့်တွက်ကြတာ ဓမ္မတာဖြစ်တယ်။ ကိုယ့်အိမ်နီးနားချင်းထဲက ဘယ်သူတွေပါသလဲ။ ကိုယ်သိတဲ့လူပါသလား။ ဒါ့အပြင် ဘယ်သူတွေ–ဘယ်သူတွေ မပါသေးသရွေ့တော့ မပါသေးဘူးဆိုတဲ့ စဉ်းစားနည်းမျိုး လူထုမှာ ရှိတတ်ကြတာပဲ။ ဒါမဆန်းဘူး။ လူထုကို နိုင်ငံရေးသမားလို တွက်တာ၊ စဉ်းစားတာ၊ တောင်းဆိုတာဟာ ကိုယ်သူငယ်နာမစင်သေးတာကို ပြတာသာဖြစ်တယ်။

ဗမာပြည်မှာ လူထုအုံကြွမှုတွေ မပေါ်စေချင်တဲ့၊ ဗမာပြည်ပြဿနာကို စစ်အစိုးရအလိုကျ လိုက်လျောဖြေရှင်းစေချင်ကြတဲ့ ဗမာပြည်သားတချို့နဲ့ နိုင်ငံခြားသား တချို့တွေဟာ လူထုမပါတာကိုထောက်ပြပြီး ညောင်နှစ်ပင်ကိုလက်ခံခိုင်းနေကြတယ်။ စစ်ကားကြီးတစင်း ဒုံးစိုင်းမောင်းဝင်လာတာကို ရှေ့ကနေ ဝင်မတားနဲ့။ စပယ်ယာလုပ်ပြီး စစ်ဗိုလ်ကိုယပ်ခတ်ပေးဖို့ တိုက်တွန်းနေတဲ့ ပုဂ္ဂိုလ်တွေဟာလည်း သူတို့ပြောသာမယ့် အကွက်ကိုစောင့်နေကြတယ်။ အခုအထိတော့ သူတို့ဘာမှမပြောနိုင်ကြဘူး။ ချောင်မှာကုတ်နေကြတယ်။ ဒီနေ့တိုက်ပွဲဟာ ကျားနဲ့ဆင် လယ်ပြင်တွေ့နေတဲ့ အနေအထားဖြစ်တယ်။ နအဖဟာ ဘယ်လိုကြားဝင်မှုကိုမှ လက်မခံဘူး။ သေတဲ့အထိ မိုက်ဖို့ဆုံးဖြတ်ထားတယ်ဆိုတာ ရှင်းနေတယ်။

သူတို့ဟာ သူတို့ရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ အတည်ဖြစ်ဖို့အတွက် ဘာမဆိုလုပ်မှာပဲ။ အဲဒါဟာ ဗမာပြည်နိုင်ငံရေးနဲ့ ဗမာပြည်ရဲ့အနာဂတ်၊ ဒီမိုကရေစီရေးတို့ကို သေဒဏ်စီရင်တာဖြစ်မှာပဲ။ ဒါကိုပျက်အောင်ဖျက်ဖို့ဟာ ဒီနေ့အရေးကြီးတာဝန်ပဲ။ တကယ်တော့ လူထုဆန္ဒခံယူပွဲအဆင့် ရောက်သွားတယ်ဆိုရင်ပဲ နအဖအဖို့အမြတ်ရသွားပြီ။ အဲဒီအဆင့်မှာ သူတို့ဖွဲ့စည်းပုံကို ထောက်ခံမဲရအောင် နည်းမျိုးပေါင်းစုံနဲ့ ညစ်မယ်ဆိုတာ ဘာမှသံသယဖြစ်စရာမလိုဘူး။ အဲဒီလိုနည်းနဲ့ အတည်ပြုလို့ရရင်ရ၊ မရရင်။ မရရင်ကော ဘာထူးမှာလဲ။ သူတို့လက်ရှိပုံစံအတိုင်း ဆက်အုပ်ချုပ်သွားဖို့ အကြောင်းပြစရာရသွားတာပဲဖြစ်မယ်။ ဒါကြောင့် ဆန္ဒခံယူပွဲဆိုတာ နအဖအဖို့တော့ နိုင်လည်းနိုင်၊ ရှုံးလည်းနိုင်ပဲ။

ဒီနေ့အခါမှာ ကိုယ့်ကိုထောက်ခံတဲ့ မီဒီယာတွေရှိနေတယ်ဆိုတာ သမိုင်းရဲ့ထူးခြားချက်ပဲ။ အင်မတန်ကောင်းတဲ့ အချက်လည်းဖြစ်တယ်။ ဒါပေမဲ့ မီဒီယာနဲ့မြေအောက်လုပ်ငန်းဟာ ပြဒါးတလမ်း၊ သံတလမ်းဖြစ်တယ်ဆိုတာကို သတိပေ့ါလို့မဖြစ်ဘူး။ နောက်ပြီး ဒီမီဒီယာတွေက အေးလွင်တို့၊ ဇာနည်တို့လိုလူတွေကိုလည်း စင်ထိုးပေးနေတယ်ဆိုတယ်။ မီဒီယာနယ်ပယ်မှာ မထင်မှတ်ဘဲနဲ့ စစ်ပွဲတွေဖြစ်ပေါ်နေတယ်။ အဲဒီစစ်ပွဲဟာ ပြည်သူလူထုရဲ့ အတွေးအခေါ်ကို အနည်းနဲ့ အများ ဂယက်ရိုက်တယ်။

ပြည်သူလူထုဟာ နအဖအကြောင်း မသိတာမဟုတ်ဘူး။ သိတယ်။ ဒါပေမဲ့ တိုက်ပွဲဝင်ဖို့၊ လူထုလှုပ်ရှားမှုကြီးတွေဆင်နွှဲဖို့ အတွေးအခေါ်အရ အသင့်ဖြစ်ပြီလား။ ဒီနှစ်ဆင့်ဟာမတူဘူး။ အတွေးအခေါ်အဆင့် ရောက်အောင်ဆိုတာ လက်တွေ့အပါ နည်းပေါင်းစုံနဲ့ တဆင့်မြှင့်တင်ရသေးတယ်။ နောက်ပြီး လိုအပ်ရင်ရဲဆေးတင်တဲ့ တိုက်ပွဲတွေလည်း ဖြတ်သန်းစေရသေးတယ်။

တခုကတော့ သေချာတယ်။ ပြည်သူလူထုဟာ ဘယ်တော့မှသစ္စာမဖောက်ဘူး။

ဗညြ

❖

# မင်းကိုနိုင်နှင့် ကျောင်းသားခေါင်းဆောင်များကို တရားစွဲမည်ဟုဆို



❑ ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖမ်းဆီးထားသူ အဲန်အယ်လ်ဒီအဖွဲ့ချုပ်ဝင်များ၊ ကျောင်းသားလူငယ်များ စုစုပေါင်း (၄၀) ကျော်၏အမည်များကို ဖော်ပြထားသော်လည်း မည်သူ့ကို မည်သည့်နေရာတွင် စစ်ဆေးမည်ဟူသော အသေးစိတ်အချက်အလက်များကိုဖော်ပြထားခြင်းမရှိပါ။ ❑

ဩဂုတ် (၂၅)။ မိုးကြိုးသတင်းစဉ်

ဩဂုတ်လ (၂၂) ရက်နေ့ ညသန်းခေါင်အချိန်က အဖမ်းခံထားရသော မင်းကိုနိုင်၊ ကိုကိုကြီးအပါအဝင် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များကို ယခုအခါ နာမည်ဆိုးဖြင့်ကျော်ကြားသော အင်းစိန်ထောင်သို့ပို့လိုက်ပြီဖြစ်ကြောင်း အေအက်ဖ်ပီ သတင်းတပုဒ်ကဆိုသည်။

ယနေ့ထုတ်မြန်မာ့အလင်းသတင်းစာအရလည်း ကျောင်းသားခေါင်းဆောင်ဟောင်းများကို တရားဥပဒေကြောင်းအရ အရေးယူသွားမည်ဟုဆိုသည်။။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းသူများ၏ ကံကြမ္မာနှင့်ပတ်သက်၍ စစ်အစိုးရ၏ ပထမဆုံး လူသိရှင်ကြားထုတ်ဖော်ပြောဆိုမှုတွင် ကိုမင်းကိုနိုင်ဦးဆောင်သောအဖွဲ့သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အန္တရာယ်ပြုမှု၊ ပြည်ပအကြမ်းဖက်အဖွဲ့များနှင့် ဆက်သွယ်မှုစသည့် စွပ်စွဲချက်များဖြင့် ဝေဆာနေသည်။ ၎င်းစွဲချက်များသည် ထောင်ဒဏ်အနှစ် (၂၀) ချမှတ်နိုင်သော ပုဒ်မများဖြစ်သည်။

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖမ်းဆီးထားသူ အဲန်အယ်လ်ဒီအဖွဲ့ချုပ်ဝင်များ၊ ကျောင်းသားလူငယ်များ စုစုပေါင်း (၄၀) ကျော်၏အမည်များကို ဖော်ပြထားသော်လည်း မည်သူ့ကို မည်သည့်နေရာတွင် စစ်ဆေးမည်ဟူသော အသေးစိတ်အချက်အလက်များကိုဖော်ပြထားခြင်းမရှိပါ။

ရှစ်လေးလုံးမျိုးဆက်ခေါင်းဆောင်များသည် ဩဂုတ် (၂၂ –၂၄ ) ရက်နေ့များတွင် လောင်စာဆီကျဆင်းရေးအတွက် လူထောင်ချီဆန္ဒပြမှုမတိုင်ခင် နာရီပိုင်းအလို၊ ညဥ့်နက်သန်းခေါင်အချိန်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

အဖမ်းခံရသူ (၁၃) ဦးတွင် နာမည်ကြီးခေါင်းဆောင်တဦးဖြစ်သော ကိုဌေးကြွယ်တဦးတည်းသာ လွတ်မြောက်နေပြီး ယခုအခါ စစ်အစိုးရက ဖမ်းဝရမ်းထုတ်ထားသည်။ အလားတူ (၂၂) ရက်နေ့ဆန္ဒပြပွဲခေါင်းဆောင်များဖြစ်သော မဖြူဖြူသင်း၊ မမီးမီး၊ မနီလာသိန်း စသော အထင်ကရခေါင်းဆောင်များလည်း အဖမ်းမခံဘဲ ရှောင်တိမ်းနေရသည်။

အခြားအမျိုးသမီးခေါင်းဆောင်တဦးဖြစ်သော မစုစုနွေး၏နေအိမ်တွင် အာဏာပိုင်များက စက္ကန့်မလပ်စောင့်ကြည့်နေသဖြင့် လွန်ခဲ့သောရက်များမှ ယခုတိုင် အိမ်ထဲမှ အိမ်ပြင်ထွက်မရဖြစ်နေသည်။

စစ်အစိုးရအာဘော်သတင်းတွင် လူထုဆန္ဒပြပွဲများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တာဝန်မကင်းဟုလည်း စွပ်စွဲထားသေးသည်။

မိသားစုဝင်များက အဖမ်းခံရသူများ၏ ကျန်းမာရေးအပေါ် စိုးရိမ်သောကဖြစ်နေကြသည်။ အဖမ်းခံနေရသူ (၈၈) မျိုးဆက်ခေါင်းဆောင်များသည် စစ်အစိုးရ၏ အကျဉ်းထောင်များတွင် ဆယ်စုတခုထက်မနည်း နေခဲ့ဖူးသူများဖြစ်ပြီး ယခုအခါ အသက် (၄၀) ဝန်းကျင်ရှိနေကြပြီဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့တွင် လုံခြုံရေးတင်းကြပ်ထားဆဲဖြစ်ပြီး အိမ်တိုင်းတွင် ဧည့်စာရင်းတိုင်ကြားရန် ညွှန်ကြားထားသည်။ ပြည်တွင်းခရီးစဉ်များနှင့် နယ်စပ်ဂိတ်များတွင်လည်း လူတိုင်းက မှတ်ပုံတင်စစ်ဆေးခြင်း၊ လွန်ခဲ့သော ရက်များအတွင်း အတိုက်အခံများအပေါ် အကြမ်းဖက်နှိမ်နင်းခဲ့သော စစ်အုပ်စု၏လုပ်ရပ်ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အပါအဝင်၊ အမေရိကန်၊ ချက်သမ္မတနိုင်ငံ၊ အိုင်ယာလန်၊ ဆွီဒင်၊ ကနေဒါ၊ နော်ဝေ၊ ပြင်သစ်၊ ယူကေ စသော ယဉ်ကျေးသောနိုင်ငံများက ရှုတ်ချကြသည်။

၁၉၈၈ ခုနှစ်ကလည်း ဒီမိုကရေစီလိုလားသူ ရဟန်း၊ ရှင်လူ စုစုပေါင်း (၄၀၀၀) ခန့်ကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် နာမည်ဆိုးဖြင့် ကျော်ကြားသော စစ်အုပ်စုသည် ၎င်းကျော်ကြားမှုကို ဆယ်စုနှစ်ခုနီးပါး ဆက်လက်ထိန်းသိမ်းထားသည်။

❖

# နမချင်းကိုယ်ချင်းစာနာကြရန် ကြံ့ဖွံ့နှင့် စွမ်းအားရှင်များကို ၈၈ မျိုးဆက်ကျောင်းသူများပြောကြား



ကိုယ့်လူမျိုးအချင်းချင်း အမျိုးသမီးများ၏ အရှက်နှင့်သိက္ခာကို နမသားချင်းစာနာကာ ကူညီကာကွယ်ပေးကြရန် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် စွမ်းအားရှင်များအား (၈၈) မျိုးဆက်ကျောင်းသူများက ပြောကြားလိုက်သည်။

လောင်စာဆီဈေးနှုန်းကျဆင်းရေး ဆန္ဒပြပွဲများအတွင်း အမျိုးသမီးများကို ကြံ့ဖွံ့နှင့်စွမ်းအားရှင်အဖွဲ့များက ကိုယ်ထိလက်ရောက် အကြမ်းဖက်နှောင့်ယှက်မှုများရှိခဲ့သည့်အပေါ် (၈၈) မျိုးဆက် အမျိုးသမီးခေါင်းဆောင်များက ထုတ်ဖော်ပြောဆိုလိုက်ခြင်းဖြစ်သည်။

ဩဂုတ်လ (၂၅) ရက်နေ့ညက (၈၈) မျိုးဆက်ကျောင်းသူများဖြစ်သော မစန္ဒာမင်းနှင့် မနိုဘယ်အေးတို့ကို နေအိမ်တွင်လာရောက် ဖမ်းဆီးသွားသည့်ကိစ္စ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် မခင်ထားရီအိမ်ကိုလည်း ပိုင်ပိုင်စီးစီး ဝင်ရောက်မွှေနှောက်ခဲ့သည့်ကိစ္စများကြောင့် ယခုအခါ အမျိုးသမီးများသည် ကိုယ့်အိမ်တွင်မနေနိုင်ဘဲ ထွက်ပြေးတိမ်းရှောင်နေကြရသည်ဟု (၈၈) မျိုးဆက်ကျောင်းသူ မမီးမီးကပြောသည်။

ထို့သို့ထွက်ပြေးတိမ်းရှောင်သူများထဲတွင် ငယ်ရွယ်သည့် ကျောင်းသူများ၊ အပျိုအရွယ်မိန်းကလေးများ၊ ကလေးငယ်နှင့်ခွဲကာ ရှောင်ပုန်းနေရသည့် မိခင်များလည်းပါဝင်သည်။

(၈၈) မျိုးဆက်ကျောင်းသူ မနီလာသိန်းကလည်း ကိုယ့်နိုင်ငံရေးကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် လုပ်ဆောင်စရာများကျန်နေသေးသဖြင့် လောလောဆယ်တွင် အဖမ်းမခံနိုင်သေးဟု ပြောသည်။

ဆန္ဒပြပွဲများတွင် လက်ကိုင်တုတ်သဖွယ် အသုံးချခံရသူများကို နအဖက တနေ့လျှင် ကျပ် (၂၀၀၀ မှ ၅၀၀၀) အထိ နေ့တွက်ပေးခိုင်းစေခြင်းဖြစ်ပြီး အဆိုပါ ယောကျ်ားသားများက တိုင်းပြည်ကောင်းစားရေးအတွက် အသက်နှင့်ဘဝကိုစတေးထားသော မိန်းမသားများကို အကြမ်းဖက်နေခြင်းသည် နည်းလမ်းမကျဟုလည်း မနီလာသိန်းက ပြောကြားသည်။

❖

# မစုစုနွေးလှူဒါန်းသောအဝတ်အစားများကို ဆင်းရဲသားများထံမှ အာဏာပိုင်များသိမ်းယူ



ဩဂုတ် (၁၄) ရက်နေ့၊ နံနက် (၉ း ၃၀) နာရီက လှိုင်သာယာမြို့နယ်၊ ရပ်ကွက် (၁၅)၊ (၁၆)၊ (၁၇) တို့တွင် မစုစုနွေးနှင့်အဖွဲ့သည် ရေဘေး၊ လေဘေးဒဏ်ခံရသူများနှင့် နွမ်းပါးချို့တဲ့သူများကို အဝတ်အစားများ သွားရောက်လှူဒါန်းဝေငှခဲ့သည်။

ရယကဥက္ကဋ္ဌနှင့် ရဲတပ်ကြပ်ကြီးအောင်ကျော်ဝင်းဦးဆောင်သောအဖွဲ့သည် ဆင်းရဲသူများထံမှ အဝတ်အစားများကို အာဏာသုံးသိမ်းယူသွားသည့်လုပ်ရပ်သည် လက်ခံနိုင်ဖွယ်မရှိဟု မစုစုနွေးကပြောသည်။

"မြန်မာနိုင်ငံမှာနော်။ ဆင်းရဲဒုက္ခရောက်နေတာကို လှူတဲ့သူတွေက လှူနေတာကိုနောက်၊ ကြားထဲက ကဖျက် ယဖျက်လုပ်ပြီးတော့ အခုလိုမျိုးကြားကနေတားမြစ်ပိတ်ပင်တာဟာ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေရဲ့အကျင့်စရိုက်လည်းမဟုတ်ပါဘူး"ဟု ၎င်းကပြောသည်။

လှူဒါန်းဝေငှရာသို့ နွမ်းပါးချို့တဲ့သူ (၃၀၀) ကျော်ခန့် လာရောက်လက်ခံရယူခဲ့ကြပြီး၊ ထိုသို့ဝေငှနေစဉ်အချိန်ထိ အာဏာပိုင်များမှ လာရောက်နှောင့်ယှက်ခြင်းမရှိသော်လည်း လှူဒါန်းမှုအပြီးတွင် အဝတ်အစားများကို အာဏာပိုင်များက လမ်းတွင် သိမ်းယူသွားကြသည်။

လှိုင်သာယာမြို့နယ် အမှတ် (၆၈) ဘတ်စ်ကားစီး၍အပြန်တွင် ကားစထွက်ကတည်းက ဘတ်စ်ကားအနောက်မှ ဆိုင်ကယ်လ်တစီးပါလာခဲ့ပြီး လှိုင်သာယာအဝေးပြေးဂိတ်အရောက်တွင် အခြားကားများကို စစ်ဆေးခြင်းမရှိဘဲ၊ ဆိုင်ကယ်သမား၏ ညွှန်ကြားချက်အရ မစုစုနွေးစီးလာသော ဘတ်စ်ကားကိုသာ ရပ်တန့်ခိုင်းပြီး ယာဉ်မောင်းနှင့်စပယ်ယာအား ဂိတ်တဲထဲသို့ ခေါ်ယူမေးမြန်းစစ်ဆေးခဲ့သည်။

အလှူခရီး၌ မစုစုနွေးနှင့်အတူ ကိုအိုးဝေနှင့် ကိုနေဒွန်းတို့လည်း လိုက်ပါသွားကြသည်။

❖

## ဆန္ဒပြမှုဖြစ်ပွားသည့် (၅) ရက်အတွင်း လူတရာကျော်အဖမ်းခံရဟု အေအေပီပီပြော

ဩဂုတ် (၂၇)

စစ်အစိုးရသည် နိုင်ငံရေးလှုပ်ရှားသူ တရာကျော်ကို ယခုလ (၂၁) ရက်နေ့မှ (၂၅) ရက်နေ့အတွင်း ဖမ်းဆီးခဲ့သည်ဟု ထိုင်းအခြေစိုက် အေအေပီပီခေါ် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းက ပြောဆိုလိုက်သည်။ နိုင်ငံရေးလှုပ်ရှားသူ တရာကျော်အား စစ်အစိုးရကဖမ်းဆီးကြောင်း ကြေညာချက်ကို အေအေပီပီအဖွဲ့၏ ဩဂုတ်လ (၂၇) ရက်နေ့နေ့စွဲဖြင့် ထုတ်ပြန်ခြင်းဖြစ်ပြီး အဖမ်းခံရသူများမှ ၎င်းတို့စုံစမ်းရရှိထားသည့် လူတရာ၏ အဖမ်းခံရသည့် အချိန်၊ နေရာနှင့် အဖမ်းခံရပုံတို့ကိုလည်း ကြေညာချက်နှင့် အတူပူးတွဲတင်ပြထားသည်။ စစ်အစိုးရက ကျောင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးလှုပ်ရှားသူ (၆၄) ဦးကို ဖမ်းဆီးထားကြောင်း သတင်းထုတ်ပြန်ခဲ့သော်လည်း (၈၈) မျိုးဆက်ကျောင်းသားများကအပါအဝင် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ် သူပေါင်း (၁၀၀) ကျော်အဖမ်းခံရသည်ဟု အေအေပီပီကဆိုသည်။ ပြည်သူလူထု တရပ်လုံးနှင့် နိုင်ငံတကာက ယခုမတရားမှုကို လက်ပိုက်ကြည့်နေလျှင် အဖမ်းခံရသူများသည် နှစ်ရှည်ထောင်ဒဏ်များကျခံရနိုင်သည်ဟု အေအေပီပီ၏အတွင်းရေးမှူးဖြစ်သူ ကိုတိတ်နိုင်ကပြောသည်။ ထို့ကြောင့် အဖမ်းခံရသူများလွတ်မြောက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် ယခုကြေညာချက်ကို ထုတ်ပြန်ရခြင်းဖြစ်သည်ဟု ကိုတိတ်နိုင်ကဆိုသည်။ ❖

# ကြမ်းတော်တော်ထမင်းဗူးကလေးရဲ့ အမွှင့်တေးသွား

ဇွန်မိုး



(၁)

အခုဖြစ်ပေါ်နေတဲ့ ပြည်တွင်းက ဆန္ဒပြပွဲတွေကို ဘယ်လိုအကဲဖြတ်ကြမလဲ။

ဒါတွေဟာ (၈၈) အရေးတော်ပုံကြီးရဲ့ အစပျိုးနေ့ရက်တွေလိုမျိုး ဖြစ်နေပြီလို့ဆိုရင် ရမလား။

ကျနော်တော့ ဖြစ်နေပြီလို့ဆိုချင်တယ်။

(၂)

နအဖစစ်အုပ်စုဟာ ၂၀၀၇ ခုနှစ်၊ ဩဂုတ် (၁၅) ရက်နေ့မှာ လောင်စာဆီဈေးကို အဆမတန်ခုန်တက်လိုက်တယ်။

ဓာတ်ဆီ (၁) ဂါလံဟာ (၁,၅၀၀) ကျပ်ကနေ (၂၅၀၀) ကျပ် ဖြစ်သွားတယ်။

ဒီဇယ် (၁) ဂါလံဟာ (၁,၅၀၀) ကျပ်ကနေ (၃၀၀၀) ကျပ်ဖြစ်သွားတယ်။

စီအဲန်ဂျီတယူနစ်ဈေးက (၅၇) ကျပ်ကနေ (၂၇၂ ‧ ၂၅) ကျပ် ဖြစ်သွားတယ်။

ဒါ သူ ဘာလုပ်လိုက်တာလဲ။

သူ့စီးပွားရေးပညာရှင်ဆိုသူတွေက ဘယ်လိုပဲသုံးသပ်ပြပြ။ လက်တွေ့မှာတော့ ကားခတွေတက်သွားတယ်။ သယ်ယူစရိတ်တွေတက်သွားတယ်။ အကျိုးဆက်အားဖြင့် ကုန်ဈေးနှုန်းတွေတက်သွားတယ်။ အခြေခံစားကုန်သောက်ကုန်ဈေးတွေ တက်သွားတယ်။

ဒါဟာ လူထုရဲ့အိတ်ထဲက ပိုက်ဆံတချို့ကို စက္ကန့်ပိုင်းအတွင်းမှာ နအဖက ဥပဒေမဲ့စွာ အတင်းဆွဲလုပြီး ယူလိုက်တာပဲမဟုတ်လား။

အရင်ဘဲဥတခြမ်းစားခွင့်ရနေတဲ့ ကလေးကို အခုဘဲဥတစိပ်ပဲစားတော့လို့ တချက်လွှတ် အမိန့်ထုတ်လိုက်တာပဲမဟုတ်လား။

အရင် ပဲဟင်းထဲ ဆီကလေးတပေါက်နှစ်ပေါက်ခတ်ခွင့်ရနေသေးတဲ့ အိမ်ရှင်မကို "ဆီတစက်မှမခတ်နဲ့။ ဒီအတိုင်းချက်။ နင့်ယောက်ျားရော၊ နင့်သားသမီးတွေရော နင်ရော ဒီအတိုင်းစားကြ၊ ဘာအတွန့်မှမတက်ကြနဲ့" လို့ ငေါက်ငန်းပြောဆိုလိုက်တာပဲမဟုတ်လား။

ကျနော် ဒီအတိုင်းပဲမြင်တယ်။

(၃)

ကျောင်းအသွား ခါတိုင်းလို ငါးဆယ်ပဲထည့်အလာ၊ ကားခက တစ်ရာခုန်တက်သွားတော့ မပေးနိုင်ဖြစ်သွားပြီး မော့ငေးငေးလေးဖြစ်သွားရရှာတဲ့ ကလေးမျိုး။

စပယ်ယာက "မပေးနိုင်ရင် ရှေ့မှတ်တိုင်ဆင်း"လို့ ခတ်ဆတ်ဆတ် အပြောခံရလို့ ငိုမဲ့မဲ့ဖြစ်သွားရတဲ့ အဖြူအစိမ်းဝတ် အပျိုပေါက်ကျောင်းသူမလေးမျိုး။

အဲဒီလိုကလေးတွေရဲ့ခံစားမှုမျိုး ဗိုလ်ချုပ်မှူးကြီးရဲ့မြေးတွေ ခံစားဖူးပါသလား။

တခါလောက်ဖြစ်ဖြစ် ခံစားကြည့်စေချင်တယ်။ အဲဒီလိုဘဝမျိုး နေကြည့်ဖို့မဆိုထားနှင့် စိတ်ကူးကြည့်ရုံနှင့်တင် စိန်စီထားတဲ့မြေးတွေ သွက်သွက်ခါအောင် ရူးသွားနိုင်တယ်။

ထမင်းဗူးထဲမှာ ဟင်းနှင့်တူတာ ဘာမှထည့်မလာနိုင်လို့ သူငယ်ချင်းတွေနှင့်ဝေးဝေးကိုသွားသွားပြီး တယောက်တည်းခိုးစားရတဲ့ ကလေးမျိုး။

မိဘတယောက်အနေနှင့် စဉ်းစားကြည့်စမ်းပါဗျာ ....

"ခမျာ ဘယ်လောက်မျက်နှာငယ်ရှာလိုက်မလဲ"

အဲဒီမျက်နှာငယ်မှုမျိုး၊ အဲဒီသိမ်ငယ်မှုမျိုးနှင့် အတန်းထဲမှာ စာတော်အောင် ဘယ်လိုလုပ်သင်ယူနိုင်တော့မှာလဲ။

ဘယ်လိုလုပ် ကြည်နူးချမ်းမြေ့စွာ ဂုဏ်မပျက် မာန်မချ ရင်ကော့ပြီး သင်ယူဆည်းပူးနိုင်တော့မှာလဲ။

အဲဒါဟာ ကျနော်တို့လူထုရဲ့ နေ့စဉ်ဘဝတွေပါ။

အခုဟာက .... အဲဒီ ထမင်းချည်းပါတဲ့ ကြမ်းထော်ထော်ထမင်းဗူးလေးကိုတောင် လုံးဝရုပ်စဲလိုက်သည်"လို့ ရှူးသွပ်စွာကြေညာလိုက်တယ်။

ပြည်သူတွေရဲ့လက်ထဲက (၇၅) ကျပ်တန်၊ (၃၅) ကျပ်တန်နှင့် (၂၅) ကျပ်တန်တွေဟာ တမဟုတ်ချင်း စက္ကူစုတ်ဖြစ်သွားရတဲ့နေ့ပေါ့၊

ကျနော်ကောင်းကောင်းမှတ်မိတယ်။

အဆောင်စာရိတ်သွင်းစရာမရှိတော့တဲ့ ကျောင်းသားတွေ၊

လဘက်ရည်ထွက်သောက်ဖို့တောင် မလွယ်မကူဖြစ်သွားကြရတာတွေ၊

အဆောင်မှူးတွေကိုယ်တိုင်ကလည်း ဘာနှင့်ဈေးဝယ်ပြီး ဘယ်လိုချက်ကျွေးရမလဲ ကြရတာပါ။

ဒါကြောင့်လည်း "ငွေစက္ကူအရေးအခင်း" လို့ခေါ်တဲ့ ကျောင်းသားလှုပ်ရှားမှုတွေ တက္ကသိုလ်တိုင်း၊ ကောလိပ်တိုင်းမှာလိုလို ဖြစ်ခဲ့ကြတယ်။

အဲဒီ မီးပွားတွေကပဲ ၁၉၈၈ မတ်လမှာ မီးတောက်တွေထတောက်၊

ဇွန်လမှာ မီးတောက်တွေ ထတောက်၊

နောက်ဆုံးဘယ်လိုမှ ငြိမ်းလို့ သတ်လို့မရတဲ့ (၈၈) ရဲ့မီးတောက် မီးလျှံကြီးဖြစ်ပွားပေါ်ပေါက်ခဲ့ရတယ်မို့လား။

တိုက်ပွဲဆိုတာ ဖန်တီးယူလို့မရဘူး။

ဥုံဖွ မန်းလို့လည်း မရဘူး။



နအဖစစ်အုပ်စုက စစ်ဘီနပ်နှင့် ကန်ထုတ်ပစ်လိုက်တဲ့ကိစ္စပါ။

(၄)

ဒါဟာ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့ကအဖြစ်အပျက်နှင့် တော်တော်ဆင်ပါတယ်။

အဲဒီတုန်းကလည်း ဒီလိုပဲ။

ဗိုလ်နေဝင်းရဲ့ စီးပွားရေးပေါ်လစီတွေ လွဲချင်တိုင်းလွဲ၊ ချော်ချင်တိုင်းချော်ပြီး သူကိုယ်တိုင် မရှုနိုင် မကယ်နိုင်ဖြစ်လာတဲ့အခါ၊

"ငွေစက္ကူတွေကို တရားဝင်သုံးစွဲခြင်းအား ဤအမိန့်ထုပ်ပြန်လိုက်သည့်အချိန်မှစ၍ မစီမံတတ်တော့တာတွေ။

ဒါက တက္ကသိုလ်တွေထဲမှာ။

အရပ်ထဲမှာက ဒီထက်အပုံကြီး ပိုဆိုးတယ်။

အမောဖောက်နေတဲ့အမေကို ဆေးကုဖို့ နားကပ်ကလေးချွတ်ပြီး ပေါင်လို့ရလာတဲ့ ပိုက်ဆံထုတ်သေးသေးလေးက ဘာမှဆို ဘာမှလုပ်လို့မရတော့ဘူးဆိုတဲ့အခါ ပဋာမြေလူးဖြစ်သွားရတာတွေ။

သားရှင်ပြုဖို့ အားခဲပြီးစုထားတဲ့ပိုက်ဆံထုတ်ကလေး ထုတ်ထုတ်ပြီး စိုက်စိုက်ကြည့်ရင်း စိတ်ကယောက်ကယက်ဖြစ်သွားရရှာတဲ့အဖြစ်တွေ၊ တော်တော်ကို ခါးသည်းခဲ့

"ဘယ်နေ့မှာ ဘယ်တိုက်ပွဲဖြစ်စေ" ဆို တာမျိုး ဖန်ဆင်းယူလို့ရတာမျိုးလည်း မဟုတ်ဘူး။

တကယ်ကို ကျိုးကြောင်းဆီလျော်တဲ့ အခြေအနေတွေ၊ အချက်အလက်တွေ ပြည့်စုံ လာမှ ထဖြစ်တတ်တဲ့အမျိုးပါ။

အရင်ကတည်းက မဆလတစ်ပါတီစနစ်ရဲ့အောက်မှာ အဆင်းရဲဆုံး၊ ဖွံ့ဖြိုးမှုနောက်အကျဆုံးနိုင်ငံအဖြစ် ခါးကျိုးမတတ်ရုန်းကန်နေကြရတဲ့ ပြည်သူတွေရဲ့ ချွေးခံအင်္ကျီထဲက (၂၅) ကျပ်တန်တရွက်ကစ လုယူခံလိုက်ရတဲ့အခါ ....

ဘယ်သူမှတားထားလို့မရတော့တဲ့ လူထုတိုက်ပွဲတွေ သဲဆည်ကျိုးသလို တဝုန်းဝုန်းပေါ်ပေါက်ခဲ့တာ အားလုံးမှတ်မိနေကြမှာပါ။

(၅)

ဗိုလ်နေဝင်းက ဒီတိုက်ပွဲတွေကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

စစ်ဝါဒီတို့ရဲ့ထုံးစံအတိုင်းပဲ ဟိုတံဆိပ်ကပ် ဒီတံဆိပ်ကပ်နှင့် အမျိုးမျိုးစွပ်စွဲပြီး ချေမှုန်းခဲ့တာပဲ။

အလုပ်သမားပဲဖြစ်ဖြစ် ....

ကျောင်းသားပဲဖြစ်ဖြစ် ....

ရဟန်းသံဃာပဲဖြစ်ဖြစ် ....

သူ့ရာဇပလ္လင်ကိုလာလှုပ်လို့ကတော့ ဘယ်မီးမှအကူးမခံဘူး။

မလောင်ခင်ကတည်းက တားရေးက သူတို့ပေါ်လစီပဲ။

ကျောင်းသားတွေကို စားရိတ်ပေးပြီး အမြန်ပြန်လွှတ်၊ လူစုကွဲမှ အိမ်လိုက်ဖမ်း၊

ပြီးတော့ ကိုဖုန်းမော်တို့ပြဿနာကို ဘယ်လိုရှင်းခဲ့သလဲ။

တံတားဖြူမှာ ဘယ်လိုရှင်းခဲ့သလဲ။

မြေနီကုန်းမှာ ဘယ်လိုရှင်းခဲ့သလဲ။ လူမဆန်အောင်ကို တားခဲ့ဆီးခဲ့တာပါ။

အဲဒီလို အပြင်းအထန်တားဆီးဖို့၊ ရှင်းထုတ်ဖို့ကြိုးစားနေတဲ့ကြားကပဲ မဆလတပါတီ အာဏာရှင်စနစ်ကိုဖြိုချဖျက် သိမ်းပစ်ခဲ့နိုင်တဲ့ (၈၈) အရေးတော်ပုံကြီးကို ကျနော်တို့လူထုဟာ ဂုဏ်ရောင်ပြောင်စွာဆင်နွှဲနိုင်ခဲ့ကြတဲ့သမိုင်းဟာ အခုထိ ကျနော်တို့ရင်ထဲမှာ နွေးနေဆဲပါ။

(၆)

အခုလည်းလုပ်လာနေပြီ။

ဒီအတိုင်းပဲ၊

ဗိုလ်နေဝင်း၊ ဗိုလ်စိန်လွင်၊ ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေ။ တပုံတည်း၊ တဖြတ်တည်းပဲ။

(၈၈) ကျောင်းသားတွေက "ဒီလို လောင်စာဆီဈေး မတန်တဆတက်လိုက်တာကတော့ အကျိုးဆက်တွေမကောင်းနိုင်ဘူး။ ဒီကိစ္စ ဖြေရှင်းပေးစေချင်ပါတယ်" လို့ ရိုးရိုးသားသားထောက်ပြတယ်။

ဒါဟာ ကျောင်းသားတွေရဲ့အမြော်အမြင်ကြီးမှုဖြစ်တယ်။ စေတနာအပြည့်နှင့် ထောက်ပြမှုဖြစ်တယ်။

လူထုအကျိုးတင်မကဘူး။ သူ့အကျိုးအတွက်ပါ အမြော်အမြင်ကြီးကြီးနှင့် ထောက်ပြတာဖြစ်တယ်။

ဒါကို အလေးထားဖြေရှင်းပေးရမယ့်အစား ညအချိန်မတော်ကို ဝင်ဖမ်းတယ်။ အော်ပရေးရှင်တခုသဖွယ် စီးနင်းရှာဖွေတယ်။ အနှစ် (၂၀) ထောင်ချပစ်နိုင်တယ်လို့ ခြိမ်းခြောက်တယ်။ မတော်မတရားတွေ စွပ်စွဲပုတ်ခတ်တယ်။

အဲဒီကျောင်းသားတွေကိုလည်း စာနာ၊

ထိုးတက်လာတဲ့ ကုန်ဈေးနှုန်းကလည်း မခံနိုင်တော့လောက်အောင်ဖြစ်လာဆိုတဲ့ အခြေအနေအောက်မှာ –

"ကုန်ဈေးနှုန်းချပေးဖို့"၊ "လောင်စာဆီဈေး ပြန်ချပေးဖို့" တောင်းဆိုရင်း လူထုတွေက လမ်းမတွေပေါ်ထွက်လာကြတယ်။

■ စာမျက်နှာ (၁၂) ကော်လံ (၁) သို့ ...

# နိုင်ငံတနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသာ အဓိကမဏ္ဍိုင်

## မြန်မာပြည်ရွှေ့ပြောင်းအလုပ်သမားများပညာရေးကော်မတီဥက္ကဋ္ဌ ဆရာမကြီး နော်ဖောရေနှင့် မိုးကြိုးသတင်းစဉ် အင်တာဗျူး



❑ ပညာရေးကဏ္ဍဟာ အရေးကြီးတဲ့ကဏ္ဍဖြစ်တယ်။ ပြီးတော့ ဒီပညာရေးကဏ္ဍကိုလည်း ဦးဆောင်တဲ့ခေါင်းဆောင်လူကြီးတွေပေါ့။ တကယ်လုပ်နေ၊ တကယ်ကိုင်နေ တကယ်ရိုးသားဖြောင့်မတ်ပြီးတော့ ဒီပညာရေးကိုစောက်ချနိုင်မယ့်လူတွေ အများကြီးလိုအပ်တယ်။ ခေါင်းဆောင်တွေလိုအပ်တယ်။ လာမယ့်အနာဂတ်မှာလည်း ဒီလိုမျိုး ပညာရေးဖွံ့ဖြိုးမှုကို လုပ်နိုင်မယ့်လူကြီးပေါ့နော်။ ခေါင်းဆောင်တွေမွေးထုတ်နိုင်ဖို့ ခုနကျမပြောသွားတဲ့ အဓိကအချက် တကယ်လုပ်နိုင်တဲ့လူ။ ပြီးတော့ တကယ်ရိုးသားဖြောင့်မတ်မှုရှိတဲ့လူ။ ကလေးတွေရဲ့ပညာရေးကို တကယ်စိတ်ရင်းစေတနာမှန်နဲ့လုပ်နိုင်တဲ့လူ။ အဲလိုမျိုးခေါင်းဆောင်တွေ မွေးထုတ်နိုင်ဖို့ အဲဒါကို ဆုတောင်းပေးပါတယ် ...။ ❑

*မေး။ ။ ပထမဆုံး Ashoka ဆုရတဲ့ ဆရာမကြီးရဲ့ခံစားချက်နဲ့ပဲစရအောင်ပါ။*

ဖြေ။ ။ ဒီ ASHOKA အသင်းကိုရရှိခြင်းဖြင့် ကျမတို့လုပ်ငန်းရဲ့တိုးတက်မှုကို အများကြီးလမ်းကြောင်းဖွင့်ပေးနိုင်ပါတယ်။ ဘာဖြစ်လဲဆိုရင် ဒီ ASHOKA အသင်းကို ရရှိတဲ့လူတိုင်းကို သူ့ရဲ့အခွင့်အရ ဒီ ASHO-KA အသင်းကို နိုင်ငံတကာမှာ နိုင်ငံပေါင်း (၆၀) မှာရှိတဲ့ ASHOKA အသင်းတွေနဲ့ ဆက်သွယ်ဆက်ဆံခွင့်လည်းရမယ်။ သူတို့ရဲ့ အခက်အခဲ၊ သူတို့ရဲ့လိုအပ်ချက်၊ သူတို့ရဲ့ လုပ်ငန်းလိုအပ်ချက်ဖြစ်ဖြစ်၊ မိသားစုရဲ့ လိုအပ်ချက်ပဲဖြစ်ဖြစ် သူတို့က ထောက်ပံ့ပေးတယ်။ ငွေရေးကြေးရေးနဲ့ရော ထောက်ပံ့ပေးနိုင်တယ်။ အဲဒီလိုပဲ ထိုနည်းတူစွာပဲ ASHOKA အသင်းဝင်ဖြစ်ရတဲ့အတွက်ကြောင့် အခုဟာဆိုရင် ထိုင်းအခြေစိုက် ASHOKA ဖြစ်နေတယ်ဆိုတော့ ပိုပြီးတော့ ထိုင်းအုပ်ချုပ်ရေးပိုင်းမှာဖြစ်ဖြစ်၊ ပညာရေးပိုင်းမှာပဲဖြစ်ဖြစ် ပိုပြီးတော့လုပ်နိုင်ပါတယ်။

*မေး။ ။ လောလောဆယ်အထိ နယ်စပ်တကျောမှာ ရွှေ့ပြောင်းကျောင်းပေါင်း ဘယ်လောက်ရှိနေပြီလဲ။ ဆရာမကြီးတို့ရွှေ့ပြောင်းအလုပ်သမားများ ပညာရေးကော်မတီက ဘယ်လိုလုပ်ငန်းတွေကို လုပ်ဆောင်နေပါသလဲ။*

ဖြေ။ ။ နယ်စပ်မှာကတော့ ရွှေ့ပြောင်းအလုပ်သမားကျောင်းတွေကတော့ အားလုံးစုစုပေါင်း (၅၂) ကျောင်းရှိတယ်။ ကျမတို့ကော်မတီရဲ့လက်အောက်မှာကျတော့ အားလုံး (၃၅) ကျောင်းရှိတယ်။ အဲ့ဒီအပြင် နယ်စပ်ဒေသတွေ ကျမတို့ IDP ပေါ့။ ဗမာပြည်ဘက်မှာဆိုရင်လည်း (၁၅) ကျောင်းရှိတယ်။ အားလုံးစုစုပေါင်း (၄၂) ကျောင်းရှိတယ်။ ကျမတို့ အခု ဒီထိုင်းပညာရေးဌာနနဲ့ လက်ရှိ ကျမတို့ပူးပေါင်းပြီးတော့လုပ်နေတဲ့လုပ်ငန်းကတော့ သင်ရိုးညွှန်းတန်းကိစ္စ၊ ပြီးတော့ Migrant ကျောင်းတိုင်းကို တရားဝင်မှတ်ပုံတင်နိုင်ဖို့ကိစ္စ၊ ပြီးတော့ Teacher Training ပေါ့နော်။ အခု ကျမတို့ဆိုရင် ကျောင်းပိုင်းမှာဆိုရင် ထိုင်းစာမသင်မနေရ။ ထိုင်းရဲ့ယဉ်ကျေးမှုတွေသင်ရမယ်ဆိုတော့ ဒီထိုင်းစာနဲ့ ထိုင်းယဉ်ကျေးမှုတွေသင်မယ့် ဆရာ၊ ဆရာမတွေအတွက်ကို သူတို့က သင်တန်းပေးပေးမယ်။ အစည်းအဝေးတွေလုပ်ပေးမယ်။ အစည်းအဝေးမှာဆိုရင် ဘယ်လိုမျိုးသင်ရိုးညွှန်းတမ်းကွပ်ကဲမှုကို ဘယ်လိုလုပ်မလဲ။ ဆရာ၊ ဆရာမတွေအရည်အချင်းကို ဘယ်လိုမြှင့်တင်ပေးမယ့်သင်တန်းမျိုးတွေပေးမလဲ။ ပြီးတော့ ဒီ Migrant ကျောင်းတွေကို တရားဝင်ဖြစ်ဖို့နည်းလမ်းတွေ။ အခုဆို အဲဒီကိစ္စတွေမှာဆိုရင် ကျမတို့မူကြမ်းပေါ့နော်။ မူကြမ်း Policy လည်း ကျမတို့ဆွဲပြီးပြီ။ အခုကျမတို့အထက် Cabinet ကိုလည်း ပို့ထားပြီးပြီ။ ပြီးတော့ အခုဆိုရင် Meeting တွေမှာဆိုရင် ကျမတို့ ဒီဒေသမှာရှိတဲ့နယ်ခံ၊ လူဝင်မှုကြီးကြပ်ရေး၊ ပုလိပ်၊ စစ်တပ် အားလုံးကို ကျမတို့ဖိတ်ခေါ်ပြီးတော့ ကျမတို့ရဲ့အခြေအနေကိုတင်ပြပြီးတော့ ကျမတို့ရဲ့လုံခြုံရေးကိစ္စတွေဆွေးနွေးနိုင်တယ်။ အဲဒါကို အခုဆိုရင် သူတို့ဘက်ကလည်း လုံခြုံရေးကိစ္စတွေမှာပါဝင်ပြီးတော့ အများကြီးကူညီနေတာတွေ့ရတယ်။

*မေး။ ။ ဒါကလက်ရှိအခြေအနေပေါ့လေ။ လွန်ခဲ့တဲ့ (၁၀) နှစ်တိုက်ကို ပြန်ကြည့်ရအောင်။ ဆရာမကြီးကို ပညာရေးလုပ်ငန်းတွေကို ဇောက်ချလုပ်ဖို့အတွက် ဘယ်အရာတွေက တွန်းအားဖြစ်စေခဲ့သလဲ။*

ဖြေ။ ။ ဒီမဲဆောက်ကို စရောက်ရောက်ချင်းကတော့ ဒီလိုပဲပေါ့နော်။ ပြည်တွင်းမှာကတော့ ကျောင်းဆရာမတယောက်အနေနဲ့တော့ လုပ်လာတာတော့ တော်တော်ကြာပြီ။ ဒါပေမယ့် ပြည်တွင်းမှာနေမရတော့ ဒီမဲဆောက်ကိုရောက်လာတဲ့အခါကျတော့ သုံး၊ လေးနှစ်အတွင်းမှာတော့ ဝမ်းစာအတွက်ပဲရှာပြီးတော့ အလုပ်လုပ်ရတယ်။ နောက်ပိုင်းမှာ အခုကျမနေတဲ့ ဒီဒေသတဝိုက်မှာ မြန်မာအလုပ်သမားတွေ အများကြီးရှိတယ်။ သူတို့မိသားစုတွေ၊ သူတို့ကလေးတွေလည်းတွေ့ရတယ်။ အဲ့ဒီအပြင် လမ်းပေါ်မှာ အမှိုက်တွေလိုက်ကောက်တဲ့ကလေးတွေလည်း အများကြီးတွေ့ရတော့ အဲ့ဒီကလေးတွေဟာ ကျောင်းတက်ဖို့ အခွင့်အရေးမရှိဘူး။ ထိုင်းကျောင်းမှာတက်ဖို့ကလည်း ထိုင်းကျောင်းက အဲဒီအချိန်တုန်းကဆိုရင် ဗမာပြည်ကကလေးတွေကို ထိုင်းကျောင်းက လက်မခံဘူး။ ဘာဖြစ်လို့လဲဆိုရင် သူတို့မှာ မွေးစာရင်းလည်းမရှိဘူး။ အိမ်ထောင်စုစာရင်းလည်းမရှိဘူး။ နောက်တခုကျတော့ သူတို့က တနေ့လုပ် တနေ့စား မိသားစုထဲကဖြစ်တဲ့အတွက်ကြောင့် ကျောင်းစရိတ်ကိုလည်း မတတ်နိုင်ဘူး။ ကျန်းမာရေးဘက်ကိုကြည့်မယ်ဆိုရင်လည်း ကျန်းမာရေးစရိတ်တွေလည်း မရှိဘူးပေါ့နော်။ ဆင်းဆင်းရဲရဲတွေနဲ့ပဲ ဒုက္ခခံနေရတာပဲတွေ့တယ်။ တချို့ကလေးတွေ ပညာမသင်ရတော့ အသက်လေးငါးဆယ်နှစ်၊ ဆယ့်သုံးနှစ်၊ ဆယ့်ငါးနှစ်လောက်ရောက်လို့ရှိရင် သူတို့က ကျပန်းအလုပ်၊ မိဘတွေနောက်သူတို့ကလိုက်ပြီးတော့ အလုပ်လိုက်လုပ်တာတို့။ မဟုတ်လည်း မိဘတွေကတော့ တခြားမြို့ရွာတွေ၊ ချင်းမိုင်တို့ဘာတို့ပို့ပြီးတော့ အလုပ်သွားလုပ်ခိုင်းတဲ့ အဲ့ဒီကလေးတွေက တချို့ကပြန်လာတာကိုတွေ့ရတယ်။ တချို့ကျတော့ ပျောက်သွားတယ်။ အလုပ်ကောင်းကောင်းရလို့ပဲ ဘန်ကောက်မှာပဲဆက်နေတာလား။ သို့မဟုတ်လည်း တခုခုပေါ့။ ပျောက်သွားတာပေါ့။ အဲဒီလိုမျိုးလည်း တွေ့ရတယ်။ စိတ်မကောင်းမိဘူးပေါ့နော်။ ဒီကလေးတွေအတွက် အနာဂတ်မှာ သူတို့ကိုယ်သူတို့ ပြန်ပြီးတော့ အသက်မွေးဝမ်းကြောင်းတာပဲဖြစ်ဖြစ်၊ ပြန်ပြီးတော့ သူတို့ကိုယ်သူတို့ ကြည့်ရှုနိုင်ပစေဆိုပြီးတော့ ဒီကျောင်းကလေးကိုဖွင့်ရင် သူတို့လည်း အခြေခံပညာရေးကိုလည်း သူတို့တတ်လာမယ်။ ရေးတတ်၊ ဖတ်တတ်လာမယ်။ လူလိမ်လူညာရဲ့အလိမ်ကိုလည်း သူတို့မခံရတော့ဘူး။ အဓိကကတော့ မူးယစ်ဆေးဝါးကနေပြီး လွတ်ကင်းဖို့။ ပြီးရင် ကူးသန်းရောင်းဝယ်ရေးကနေ လွတ်ကင်းဖို့ရည်ရွယ်ပြီးတော့ ဒီကျောင်းလေးကို စဖွင့်ခဲ့တာပါ။

*မေး။ ။ အခုဆိုရင်ဆရာမကြီးတို့ကျောင်းတွေကနေ Further Study ဆက်နိုင်တဲ့ကျောင်းသားအရေအတွက် ဘယ်လောက်ရှိပြီလဲ။*

ဖြေ။ ။ ဆယ်တန်းအောင်သွားပြီးတော့ တခြား Further Study ကိုသွားတဲ့ကျောင်းသူ၊ ကျောင်းသားတွေကျတော့ ကိုယ့်ကျောင်းအနေနဲ့တော့ အရေအတွက်ပြောလို့မရဘူး။ ဘာဖြစ်လည်းဆိုရင် စုပေါင်းပြီးတော့ ဒီနယ်စပ်တလျှောက်မှာရှိတဲ့ကလေးတွေကို စိစစ်ပြီးတော့ Further study ကို တက်နိုင်တဲ့အခြေအနေမျိုးမှာ ကျမတို့ကလုပ်ပေးတဲ့အခါကျတော့ အဲဒါကြောင့်မို့လို့ကျောင်းက ဆယ်တန်းရယ်လို့မဟုတ်ဘူး။ အခုဆို ကျမတို့ပညာရေးကော်မတီမှာ WH Program ရှိတယ်။ အဲဒီလိုမျိုး Program နဲ့အောင်သွားတဲ့ကလေးတွေပဲရှိတာပေါ့။ WH ဆိုတာ (Wide Horizon။ အဲဒါကတော့ ဆယ်တန်းလိုကျောင်းမျိုးပေါ့နော်။ ဆယ်တန်းလိုကျောင်းသား ပါသွားတာတော့ရှိတယ်။ ဆယ်တန်းကျောင်းသားကနေပြီး အောင်သွားတာကတော့ (၂) ယောက်ပေါ့။ ဒီ WH မှာဆိုရင် လူလည်းနည်းနည်းပဲရှိတယ်။ အယောက်ပေါင်း (၂၅) ယောက် အောင်သွားတယ်။ ဆယ်တန်းကတော့ ကျမတို့ ကျောင်းသက်သက်ပဲဆို (၅) ယောက်ပဲအောင်တယ်။ ဒီ WH ကျောင်းမှာကျတော့ ဒီပညာရေးကော်မတီရဲ့ ကျမတို့ဖွင့်ထားတဲ့ကျောင်းမှာ အစကနေ အခုထက်ထိဆိုရင်တော့ တိုးတက်မှုတွေကအများကြီးရှိတာပေါ့။ ဥပမာဆိုရင် ကျမတို့ စစဦးဆုံးဖွင့်တာကတော့ ကျောင်းသား (၂၅) ယောက်နဲ့ ကျမကိုယ်တိုင်ပဲ ဆရာမတယောက်။ မူလတန်းအဆင့်ပဲ၊ သူငယ်တန်းပဲပေါ့နော်။ အခု ဒီ ၂၀၀၇ မှာဆိုရင် ကျောင်းသားပေါင်းက (၅၇၀) ရှိတယ်။ မူကြိုကနေ (၁၂) တန်းအပြင် WH Program ပါဆိုရင် အားလုံးပေါင်း (၆၀၀) လောက်ရှိမယ်။ ကျောင်းဆရာ၊ ဆရာမပေါင်းကတော့ (၃၇) ယောက်ရှိတယ်။

*မေး။ ။ ဆရာမကြီးရဲ့အိပ်မက်တွေအကောင်အထည်ပေါ်လာပြီပေါ့။*

ဖြေ။ ။ ၂၀၀၄ ကနေ ၂၀၁၀ ခုနှစ်အတွင်းကို ကျမ ကျောင်းကြီးကြီးတကျောင်းဖွင့်နိုင်အောင်၊ အထက်တန်းအထိကိုဖွင့်နိုင်အောင်။ ပြီးရင် ကျောင်းအကြိုအပို့ ကိုယ်ပိုင်ကား၊ ကိုယ်ပိုင်ကျောင်းနဲ့ ကိုယ်ပိုင်မူနဲ့ပေါ့။ အဲဒီလိုမျိုးကျမစိတ်ကူးထားတယ်။ နောက်တခုကျတော့ ဆယ်တန်းအောင်ပြီးလို့ရှိရင် ဆယ်တန်းကို ကျောင်းပြီးသွားတဲ့ကလေးတွေကို University တို့၊ ဘာတို့တက်နိုင်ဖို့တွေကို လမ်းစရှာထားတယ်။ အဲဒါမှမတက်နိုင်ဘူး။ ကျမ ဒီ Language Center ဒါမှမဟုတ် Vocational Center တခုခုကိုပြင်ထားတယ်။ ဒီရည်ရွယ်ချက်ထဲမှာဆိုရင် အခုဆိုရင် အကုန်လုံးလောက်ကတော့ ပြည့်စုံလောက်ပြီပေါ့။ အခုလက်ရှိ ဆက်လို့ရမယ့်ဟာကျတော့ Vocational/ Language Cen-ter ပြန်ဆက်ပြီးတော့ဖွင့်နိုင်ဖို့ အောင်သွားတဲ့ကလေးတွေ University ဆက်တက်နိုင်မယ်။

*မေး။ ။ စောစောကပြောတဲ့အထဲမှာ ပြည်တွင်းဒုက္ခသည်များ (အိုင်ဒီပီ) ကျောင်းတွေအကြောင်းတွေက မြန်မာပြည်ဘက်အခြမ်းမှာလား။*

ဖြေ။ ။ အဲဒီ IDP တွေကတော့ အမည်းရောင်နယ်မြေလို့ပဲ ပြောရမှာပေါ့နော်။ ဒို့ဗမာစစ်အစိုးရနဲ့ပြောရမယ်ဆိုရင် အမည်းရောင်နယ်မြေဆိုတော့ သူတို့က နယ်စပ်နဲ့နီးတယ်။ ပြီးတော့ အဲဒီနေရာတွေက ပြည်တွင်းစစ်နဲ့ မကင်းဘူး။ ပြည်တွင်းစစ်ကြောင့် သူတို့ဟာ တတောင်တက်၊ တတောင်ဆင်းနဲ့

■ စာမျက်နှာ (၁၁) ကော်လံ (၁) သို့ ...

■ စာမျက်နှာ (၁၀) အင်တာဗျူးမှ ...

ရွှေ့ပြောင်းပြီးတော့နေရတဲ့ ရွာသူရွာသားတွေကနေစပြီးတော့ ကျောင်းကလေးတွေပေါ့နော်။ မူလတန်းအဆင့် ကျောင်းကလေးတွေပေါ့နော်။ လက်ရှိအခြေအနေက ကျေးရွာတချို့က တိုက်ပွဲဖြစ်နေတယ်ဆိုတော့ ဒီနှစ်အတွင်းမှာသူတို့က ကျောင်းမဖွင့်နိုင်ဘူး။ အဲဒီတော့ ဖွင့်နိုင်တဲ့အခါကျတော့မှ ပြန်ပြီးစုပေါင်းဖွင့်လိမ့်မယ်။ Mobile ရယ်လို့ မဟုတ်ပါဘူး။ ကျောင်းကလေးက သေးသေးလေး။ ဒါပေမယ့် သူတို့ကနယ်စပ်နဲ့ နီးစပ်တဲ့ရွာတွေပဲ။ အဲဒီလိုမျိုးကျတော့ ကျမတို့က ပြန်ပြီးတော့စုစည်းပြီးတော့ ကျောင်းကလေးတွေဖွင့်ပြီးတော့ ကလေးတွေပညာရေးအတွက် ရည်ရွယ်ပြီးတော့ လုပ်ပေးတာပါ။ တကယ့်တကယ်တိုက်ပွဲခဏခဏဖြစ်နေတဲ့ ကျောင်းကျတော့ ကျမတို့လည်း ဝင်လို့မရဘူးလေ။ လုံခြုံရေးမရှိဘူးပေါ့နော်။ အသက်အန္တရာယ်စိုးရိမ်ရတယ်ပေါ့နော်။ အဲဒီအခါကျတော့ ဖွင့်နိုင်တဲ့နေရာလောက်မှာပဲ စုပေါင်းဖွင့်ပြီးတော့ တချို့ကျောင်းဆိုရင် တော်တော်လေးဆင်းရဲတယ်။ တချို့ကျောင်းဆိုရင် ကျောင်းတောင်မှ ဆောက်လို့မရဘူး။ တဲလေးထဲမှာ ယာယီလေး၊ သူများအိမ်ထဲမှာယာယီလေး ဖွင့်နေရတဲ့ကျောင်းမျိုးလည်းရှိတယ်။ တချို့ကျောင်းကတော့ ကျမတို့ ကောင်းကောင်းမွန်မွန် ဝါးနဲ့ဆောက်ပေးနိုင်တယ်။ တချို့ကျတော့ အကာလေးကိုသစ်ကလေးနဲ့၊ အခင်းကတော့ ဘာမှမရှိဘဲ ဒီအတိုင်းပဲ ဆောက်ပေးတယ်။

*မေး ။ ။ နယ်စပ်မှာ ကျောင်းနေအရွယ်ကလေး မြန်မာပြည်ကလေးအရေအတွက်နဲ့ တကယ်ကျောင်းတက်ခွင့်ရတဲ့ အခြေအနေက ဘယ်လောက်ကွာဟနေသလဲခင်ဗျာ။*

ဖြေ ။ ။ ကျောင်းနေနိုင်တဲ့ကလေးတွေဦးရေကို ကျမတို့ Survey လုပ်တဲ့အခါကျတော့ ကျောင်းနေနိုင်တဲ့ ကလေးတွေဦးရေဟာ ဒီထိုင်းနိုင်ငံမှာ (၃၀,၀၀၀) လောက်ရှိတယ်။ ကျမတို့ ဒီထိုင်းနိုင်ငံ၊ တက်ခ်ခရိုင်မှာပေါ့။ ဒါပေမယ့် တကယ့်တကယ်ကျောင်းတက်နိုင်တဲ့ကလေးက ဒီနှစ်ရဲ့စာရင်းအရပေါ့နော်။ (၈,၀၀၀) လောက်ရှိတယ်။ ကျောင်းကိုရောက်ပြီး ပညာသင်နေတဲ့ကလေးက (၈,၀၀၀) လောက်ရှိတယ်။ ကျောင်းနေအရွယ်မှာ ကျောင်းမတက်နိုင်တဲ့ကလေးက (၃၀,၀၀၀) လောက်ရှိတယ်။

*မေး ။ ။ ဒါဖြင့် ကလေး သုံးပုံ (၂) ပုံလောက်က ကျောင်းအပြင်ရောက်နေကြတာပေါ့။*

ဖြေ ။ ။ ဒီအခက်အခဲတွေကို ကျော်နိုင်ဖို့အတွက် ကျမတို့မှာတော့ အခက်အခဲအများကြီးရှိပါတယ်။ ဒီပညာရေးဌာနနဲ့ ဆက်စပ်အလုပ်လုပ်တဲ့နေရာမှာပဲဖြစ်ဖြစ်၊ ဒီ Authority တွေနဲ့ပဲဖြစ်ဖြစ်၊ တရားမဝင်အနေနဲ့ အလုပ်လုပ်တဲ့အခါကျတော့ သူတို့ဆီက Guide Line ယူပြီးတော့ ပေးထားတာပေါ့။ ကျောင်းသေးသေးလေးတွေဆိုရင် ကျောင်းကြီးကြီးတကျောင်း ဖြစ်အောင်စုပါ။ လုပ်ပါဆိုပြီးတော့ ကျောင်းအသစ်တွေကို ဆက်ပြီးတော့မဖွင့်ပါနဲ့။ သူတို့အနေနဲ့ ဆက်ဖွင့်မယ်ဆိုရင်လည်း သူတို့လုံခြုံရေးကို တာဝန်မယူနိုင်တဲ့အကြောင်းပေါ့။ အဲဒီအတွက်ကြောင့် သူတို့က ကျောင်းအသစ်မဖွင့်ရတော့ဘူး။ တတ်နိုင်ရင် ကျောင်းသေးသေးလေးတွေကို စုပါပြောလာတဲ့အပေါ်မှာ ဆရာမရဲ့အစီအစဉ်အရတော့ Mobile ဆရာတွေနဲ့ ကျောင်းကိုမရောက်လာတဲ့ကလေးတွေကို သင်ပေးဖို့အစီအစဉ်ရှိပါတယ်။ စပြီးတော့လည်း လုပ်နေပါတယ်။ အောင်မြင်လား၊ မအောင်မြင်ဘူးလားဆိုတာကို တနှစ်ပြီးသွားတော့မှ ကျမတို့ ပြန်သုံးသပ်ပါမယ်။ လောလောဆယ်အရတော့ ဒီကျောင်းမနေနိုင်တဲ့ကလေးတွေက တချို့ဒေသကျတော့ တော်တော်လေး အတွင်းကျကျသွားရတယ်။ ကားလမ်းလည်း မရောက်ဘူး။ ဆိုင်ကယ်လမ်းလည်းမရောက်ဘူး။ ထိုင်းမှာပဲ။ စက်ဘီးနဲ့လည်းသွားလို့မရဘူး။ ခြေလျင်နဲ့သွားလို့ရတယ်။ အဲဒီလိုနေရာမျိုးကို ကျမတို့က ကျောပိုးအိတ်ကျောင်းဆရာအနေနဲ့ ကျမတို့ဒေသတခုထဲမှာတွဲလုပ်မယ့်ဆရာတွေကို ကျမတို့စီစဉ်နေပါတယ်။ စပြီးတော့လုပ်နေတယ်။ ဒီ IDP မှာလည်း တကယ်လို့ အခြေအနေဒီထက်ဆိုးရင်လည်း ကျမတို့ Mobile အနေနဲ့ပဲ သွားဖို့စီစဉ်ထားပါတယ်။ သူတို့ကို အခြေခံရေးတတ်၊ ဖတ်တတ်အောင်ပေးနိုင်သေးတယ်လို့ ကျမမျှော်လင့်ပြီးတော့ ဒီလိုအစီအစဉ်ကို စီစဉ်ထားတာပါ။

*မေး ။ ။ ထိုင်းအစိုးရက နယ်စပ်မှာရှိတဲ့ ဆရာမကြီးတို့ကျောင်းတွေကို အရေအတွက်လျှော့ချဖို့၊ ကျောင်းတွေစုရမယ်လို့ စီစဉ်နေတယ်လို့ကြားပါတယ်။ ဒီအစီအစဉ်က ဘယ်လောက်လက်တွေ့ကျပါသလဲ။*

ဖြေ ။ ။ ကျမတို့ကတော့ ထိုင်းပညာရေးဌာနကိုတော့ တောင်းဆိုထားပါတယ်။ ကျောင်းတွေပြန်စုဖို့၊ ပေါင်းဖို့ဆိုတာ မလွယ်ကူတဲ့အလုပ်ပဲ။ နေရာထိုင်ခင်းလည်းကုန်တယ်။ ပြီးရင်လည်း Management ပိုင်းမှာလည်း ထပ်လိုမယ်။ ကျောင်းတွေပြန်စုတဲ့အခါ ကျောင်းဆရာအချင်းချင်း မသင့်မတင့်တဲ့ပြဿနာတွေလည်း ပါလာနိုင်တယ်။ ပြီးတော့ အကြိုအပို့ကိစ္စတွေအားလုံးပေါ့။ သူတို့ကတော့ အတတ်နိုင်ဆုံးကတော့ ဒီနှစ်အတွင်းကိုစုပေးဖို့။ ဒါပေမယ့် ကျမတို့ကတော့ သူတို့ကို အတတ်နိုင်ဆုံးစုပေးပါ့မယ်။ ပြီးရင် အစည်းအဝေးပြန်ခေါ်ပြီးမှ အကြောင်းကြားမယ်။ တကယ်လို့ ကျမတို့ မစုနိုင်ဘူး၊ အခက်အခဲရှိမယ်ဆိုရင်လည်း ပြန်ပြီးတော့ အကြောင်းကြားမယ်ဆိုတာကို သူတို့ကိုတောင်းဆိုထားတယ်။

*မေး ။ ။ ဆရာမကြီးတို့ ပညာရေးကော်မတီက ထိုင်းတနိုင်လုံးအတိုင်းအတာနဲ့လား။ ထိုင်းတောင်ပိုင်းက ကျောင်းတွေရော ကော်မတီထဲမှာပါလား။*

ဖြေ ။ ။ ကျမတို့အခုပညာရေး ကော်မတီက အခုတက်ခ်ခရိုင်၊ ငါးမြို့နယ်ထဲမှာရှိတဲ့ မဲဆောက်နယ်ကြားမှာရှိတဲ့ ငါးမြို့နယ်ပေါ့။ တောင်ပိုင်းကျောင်းတွေနဲ့တော့ ဆက်စပ်လုပ်တဲ့ကိစ္စတွေတော့ရှိပါတယ်။

*မေး ။ ။ နောက်ဆုံးမေးခွန်းပါပဲ။ ပညာရေးဆိုတာ ဆရာမကြီးအနေနဲ့ ဘယ်လိုအဓိပ္ပါယ်ဖွင့်မလဲ။*

ဖြေ ။ ။ ပညာရေးက တကယ်အဓိကကျတယ်လို့ပဲ ကျမထင်တယ်။ ဒီနိုင်ငံ တနိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ကျန်းမာရေး၊ အဖက်ဖက်တိုးတက်မှုမှာ ပညာရေးကအရေးကြီးတယ်။ အဲဒီကိစ္စဟာ ဒီနိုင်ငံတနိုင်ငံမှာရှိတဲ့ ဒီကလေးလူငယ်များရဲ့ပညာရေးအပေါ်ပဲ အဓိကမူတည်ပြီးတော့ တိုးတက်မှုတွေရှိလာတယ်။ ဒါ ကျမစဉ်းစားကြည့်တာ ပညာရေးက အဓိကဖြစ်တယ်။ အရေးကြီးတယ်။ ပညာရှိမှပဲ တိုးတက်မယ်။ ပညာမရှိဘူးဆိုရင် ဘယ်နေရာမှာပဲဖြစ်ဖြစ် ကျမတို့အောက်ကျနောက်ကျခံရမယ်။ အဲဒီအတွက်ကြောင့်မို့လို့ အဓိကပညာရေးကို ပိုပြီးတော့ လာမယ့်အနာဂတ်ကလေးတွေအတွက်ပေါ့နော်။ ထိထိရောက်ရောက်နဲ့ ပေးနိုင်ဖို့လိုအပ်ပါတယ်။

*မေး ။ ။ ထပ်ဖြည့်ပြောချင်တာရှိသေးရင်ပြောပါ။*

ဖြေ။ ။ ပညာရေးကဏ္ဍဟာ အရေးကြီးတဲ့ကဏ္ဍဖြစ်တယ်။ ပြီးတော့ ဒီပညာရေးကဏ္ဍကိုလည်း ဦးဆောင်တဲ့ ခေါင်းဆောင်လူကြီးတွေပေါ့။ တကယ်လုပ်နေ၊ တကယ်ကိုင်နေ တကယ်ရိုးသားဖြောင့်မတ်ပြီးတော့ ဒီပညာရေးကိုဇောက်ချနိုင်မယ့်လူတွေ အများကြီးလိုအပ်တယ်။ ခေါင်းဆောင်တွေလိုအပ်တယ်။ လာမယ့်အနာဂတ်မှာလည်း ဒီလိုမျိုးပညာရေးဖွံ့ဖြိုးမှုကို လုပ်နိုင်မယ့်လူကြီးပေါ့နော်။ ခေါင်းဆောင်တွေမွေးထုတ်နိုင်ဖို့ ခုနကျမပြောသွားတဲ့ အဓိကအချက် တကယ်လုပ်နိုင်တဲ့လူ။ ပြီးတော့ တကယ်ရိုးသားဖြောင့်မတ်မှုရှိတဲ့လူ။ ကလေးတွေရဲ့ပညာရေးကို တကယ်စိတ်ရင်းစေတနာမှန်နဲ့လုပ်နိုင်တဲ့လူ။ အဲလိုမျိုးခေါင်းဆောင်တွေ မွေးထုတ်နိုင်ဖို့ အဲဒါကို ဆုတောင်းပေးပါတယ်။ လာမယ့်အနာဂတ်မှာလည်း ပညာရေးကဏ္ဍမှေးမှိန်မသွားဘဲနဲ့ ပညာရေးကဏ္ဍဟာ ပိုပြီးတော့ ပွင့်လန်းလာလိမ့်မယ်။ ပြီးရင်လည်း ဒီပညာရေးခန်းတွေ၊ လူမှုရေး၊ အလုပ်သမား၊ နိုင်ငံရေးခေါင်းဆောင် ပြီးတော့ နိုင်ငံအကျိုးကိုပြန်လည်ပြီးတော့ သယ်ပိုးဆောင်နိုင်မယ့်ကလေးတွေမွေးထုတ်နိုင်မှာပါ။ အခုဟာကရိုးသားဖြောင့်မတ်မှုရှိမှ ဝိုင်းဝန်းပြီးတော့ ပံ့ပိုးကူညီနိုင်မယ့်သူတွေက ကိုယ့်ကိုယ်ကိုယုံကြည်မှာ။ ကိုယ့်ကိုပြန်ပြီးတော့ ပံ့ပိုးမှာ။ အဲလိုမျိုးမရှိဘူးဆိုရင် ကျမတို့ မပံ့ပိုးနိုင်ဘူးဆိုရင် ဒီပညာရေးလောကဟာ မှေးမှိန်သွားပြီ။ အဲဒါကြောင့်မို့လို့ တော်တော်အခက်အခဲကြုံရတာပေါ့။

*(နော်ဖောရေသည် ထိုင်း –မြန်မာနယ်စပ်အခြေစိုက် မြန်မာရွှေ့ပြောင်းကျောင်းများ၏ ပညာရေးကော်မတီ (BMWEC) ၏ ဥက္ကဋ္ဌတယောက်ဖြစ်ပြီး ပြီးခဲ့သည့်ဇူလိုင်လက ဝါရှင်တန်အခြေစိုက် ASHOKA ခေါ် နိုင်ငံပေါင်းစုံလူမှုဖွံ့ဖြိုးရေးကြိုးပမ်းသူများအသင်း (ASHOKA) ၏အသင်းဝင်အဖြစ် အသိအမှတ်ပြုခံရသည်။ ASHOKA တွင် နိုင်ငံပေါင်း (၆၀) ပါဝင်ပြီး၊ ယခုအချိန်အထိ အသင်းဝင်ပေါင်း (၁၈၀၀) ရှိပြီဖြစ်သည်။)*

❖

## အာဆီယံနိုင်ငံများပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ညီလာခံတွင် အဝေးရောက်မြန်မာလွှတ်တော်ကိုယ်စားလှယ်များပုံမှန်တက်ရောက်နိုင်



၂၅ ဩဂုတ် ၂၀၀၇

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲအနိုင်ရ မြန်မာပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄) ဦး လေ့လာသူတွေအဖြစ်တက်ရောက်သော အာဆီယံ ပြည်သူ့လွှတ်တော်များအဖွဲ့ AIPA ၏ (၂၈) ကြိမ်မြောက် ညီလာခံသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူတွင် ဩဂုတ်လ (၂၄) ရက်နေ့တွင်ပြီးဆုံးသွားပြီး နောင်နှစ်တွင် မြန်မာအမတ်များ ပုံမှန်တက်ရောက်ခွင့်ရနိုင်မည့်အခြေအနေအထိ တိုးတက်မှုများရှိခဲ့သည်။

အာဆီယံအသင်းကြီးအနေဖြင့် မြန်မာနိုင်ငံက စစ်အစိုးရအပေါ် ယုံကြည်ထောက်ခံမှုလျော့ပါးလာသည့်ကိစ္စကို ပြသသည့်အနေဖြင့် ပြည်ပရောက်အစိုးရနှင့် နိုင်ငံရေးအတိုက်အခံ၊ မြန်မာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ယခုနှစ် AIPA ညီလာခံကို တက်ရောက်ခွင့်ပြုခြင်းဖြစ်ကြောင်း နိုင်ငံရေးသုံးသပ်သူများကဆိုသည်။

ယခုနှစ် AIPA ညီလာခံသို့ ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်း၊ အင်္ဂပူမြို့နယ် အမှတ် (၂) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စန်းအောင်၊ ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဦး၊ တပ်ကုန်းမြို့နယ် အမှတ် (၂) မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်တို့နှင့်အတူ မြန်မာအမျိုးသမီးများအဖွဲ့ချုပ် WLB မှ မလွေအေးနန်းတို့သည် အထူးလေ့လာသူများအဖြစ်တက်ရောက်ခဲ့ကြသည်။

AIPA အာဆီယံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့သည် နောင်နှစ်ကျင်းပမည့် နှစ်ပတ်လည်ညီလာခံများတွင် မြန်မာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ပုံမှန်ညီလာခံကိုယ်စားလှယ်များအဖြစ် ဖိတ်ကြားသွားဖွယ်ရှိကြောင်း AIPA အရာရှိများ၏ ပြောဆိုချက်ကို အေပီသတင်းတွင် ကိုးကားထားသည်။

၎င်းကိစ္စကို လာမည့်နှစ် AIPA ၏ ညီလာခံတွင် အဆုံးအဖြတ်ပေးရန် AIPA ၏ထိပ်တန်းကော်မတီတခုကို ယခုနှစ် ညီလာခံက တာဝန်ပေးအပ်ထားသည်။

ယခုနှစ် AIPA ညီလာခံကိုတက်ရောက်ခဲ့တဲ့ အင်္ဂပူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းအောင်က ယခုတိုးတက်မှုသည် နှစ်ရှည်လများစောင့်ဆိုင်းခဲ့ရသော ရတောင့်ရခဲဖြစ်ပြီး အပြုသဘောဆောင် တိုးတက်သောဆုံးဖြတ်ချက်ကို နောက်နှစ်တွင် ချလိမ့်မည်ဟု မျှော်လင့်သည်ဟု ပြောသည်။

Asean Inter-Parliamentary Association (AIPA)ခေါ် ပြည်သူ့လွှတ်တော်များအဖွဲ့ကို ၁၉၇၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင် (၅) နိုင်ငံဖြစ်သော ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံတို့မှ လွှတ်တော်အမတ်များနှင့် စတင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး အခုအခါတွင် အာဆီယံ (၈) နိုင်ငံက လွှတ်တော်အမတ်များပါ ပါဝင်လာသည်။ နောက်ထပ် အာဆီယံအဖွဲ့ဝင်နှစ်နိုင်ငံဖြစ်သော မြန်မာနှင့် ဘရူနိုင်းနိုင်ငံများတွင် လွှတ်တော်မရှိသောကြောင့် လွှတ်တော်အမတ်များကို မစေလွှတ်နိုင်ဘဲ၊ နှစ်စဉ် AIPA ညီလာခံကိုလေ့လာရန် ကိုယ်စားလှယ်စေလွှတ်ခဲ့သည်။ ❖

■ စာမျက်နှာ (၁၉) ဆောင်းပါးမှ ...

ငြိမ်းချမ်းစွာဆန္ဒပြကြတယ်။

အခုလို အခြေအနေအကျိုးအကြောင်း ညီညွတ်လာတဲ့အခါမှာ ....

အခု ကျနော်တို့ကြားနေရသလို လှုပ်ရှားမှုတွေ ဆက်တိုက်ပေါ်ထွက်လာခဲ့တယ်။

ဒီလှုပ်ရှားမှုတွေနှင့်ပတ်သက်ပြီး အမေ မာပြောတာကိုပဲ နားထောင်ကြည့်ပါဦး။

"ဆန္ဒပြတာဟာ သိပ်ဆင်းရဲနေလို့ကွ။ အရင်တုန်းကလေ ....။ လူတယောက် တနေ့ကို ထမင်း (၂) ထပ်စားနိုင်တယ်မဟုတ်လား။ ဟင်းနဲ့နော်။ အခုဟင်းနဲ့မစားနိုင်ဘူး။ ပြီးတော့ (၂) ထပ်မစားနိုင်ဘူး။ တထပ်တည်းစားနေရတယ်။ ဟင်းနဲ့မစားပဲနဲ့ ဘာစားနေသလဲဆိုတော့ ဆီနဲ့ဆားနဲ့ ထမင်းနဲ့ အဲဒီလိုစားနေရတာ။ သိပ်ဆင်းရဲနေကြတယ်။"

နအဖစစ်အုပ်စုအဖို့တော့ ဒီမီးဟာ သူအကြောက်ဆုံးမီးပဲ။

ဘယ်လိုမှ အလောင်မခံနိုင်တဲ့မီး။

"မီးကို မလောင်ခင်တား"ဆိုတဲ့ သူ့ဆရာ့ဆရာကြီးတွေရဲ့ပေါ်လစီအတိုင်း မီးကုန်ယမ်းကုန်တားဆီးတော့တာပဲ။

အမျိုးသမီးရော၊ ခလေးရော၊ အဖွားအိုရော ဘာမှချမ်းသာမပေးဘူး။

သူ့လက်မရှိ့ပါးကွက်အာဏာသားအုပ်စုကို အရက်ကိုးမောင်းတိုက်ပြီး 'နာဠာဂီရိ' ဇာတ်ခင်းခိုင်းတော့တာပါ။

"မတရားမလုပ်နဲ့"

"ရှင်တို့ မတရားမလုပ်ကြနဲ့နော်" ဆိုတဲ့ အော်သံတွေ၊ ဟစ်သံတွေကြားမှာ ထမီအကျွတ်ကျွတ်၊ အင်္ကျီအစုတ်စုတ်နဲ့ ဂုတ်ကိုဆွဲပြီး ဖမ်းဆီးခံကြရ၊ ခေါင်းတွေ၊ မျက်နှာတွေ၊ ရင်ဘတ်တွေ၊ ကျောတွေမရွေး ဝါးရင်းတုတ်နဲ့ တိရိစ္ဆာတကောင်ရဲ့ရှူးသွပ်မှုမျိုးနဲ့ ရက်ရက်စက်စက် ရိုက်နှက်ခံကြရ၊ အဲဒီရိုက်နှက်သူတွေ၊ မအေနှမကိုင်တုတ်ပြီး မကြားဝံ့မနာသာ ဆဲရေးတိုင်းထွာနေတဲ့သူတွေ၊ အဲဒီလိုရိုက်ခိုင်း၊ ဆဲခိုင်းနေတဲ့နောက်က ကြိုးကိုင်သူတွေ၊ အမေမာမေးတဲ့ မေးခွန်းကို ခင်ဗျားတို့ဖြေရဲလား ....

"အခုဟာက လုံးလုံးမလုပ်သင့်ဘူးထင်တာပဲ။ ငတ်ပြတ်နေတာနော။ ငတ်နေလို့ ကျနော်တို့ငတ်နေပါတယ်။ ကျမတို့ ငတ်နေပါတယ်ဆိုတာကို ရိုက်နှက်နေလို့တော့ တော်သလား၊ မတော်သလား စဉ်းစားကြပေါ့။ ကိုယ်ချင်းစာစိတ် လုံးလုံးမရှိရင်တော့လည်းမတတ်နိုင်ဘူး"

ခင်ဗျားတို့ရဲ့ကလေးတွေကို ကျောင်းမမည်တဲ့ ကျောင်းစုတ်ကလေးမှာ –

ခင်ဗျားတို့ရိုက်လိုက်တဲ့လူတွေရဲ့ ကလေး တွေနဲ့ အတူထားနေရတာပဲမဟုတ်လား။

ခင်ဗျားနေမကောင်းရင်၊

ခင်ဗျားသမီးလေးနေမကောင်းရင်၊

ခင်ဗျားယောက္ခမကြီးနေမကောင်းရင်၊

ခင်ဗျားရော ခင်ဗျားတို့ဆရာကြီးတွေလို စင်္ကာပူသွားပြီးဆေးကုသခွင့်ရလို့လား။

စင်္ကာပူဆိုတာထားတော့။ လှိုင်သာယာက ပန်းလှိုင်အထူးကုဆေးရုံမှာတောင် တင်ပြီး ကုသခွင့်ရလို့လား။

ခင်ဗျားလည်း ....ခင်ဗျားရိုက်လိုက်တဲ့ လူတွေလို ဆေးတို့ဖတ်ကြီး၊ သူငယ်နာဝမ်း ပုတ်ချဆေးနှင့် အလွန်ဆုံး ပါရာစီတမော (၂) ပြားနဲ့ အဖျားဖြတ်ရတာပဲ မဟုတ်ဘူးလား။

(၇)

ကိုယ့်လူတို့ရေ ....

လူထုရဲ့အလုပ်အရှားကို ခင်ဗျားတို့ တားနိုင်မယ်လို့ထင်ရင်တော့ ခင်ဗျားတို့လောက် ရူးသွပ်တဲ့သူ ကမ္ဘာမှာရှိမှာမဟုတ်တော့ဘူး။

ဝါးရင်းတုတ်မဆိုထားနှင့် ....

မြန်မာပြည်သူလူထုဟာ လိုအပ်လာတဲ့ အချိန်မှာ ဂျီသရီးတွေ၊ ဂျီဖိုးတွေ၊ လှံစွပ်တွေကြားကကို နည်းနည်းမှ စိုးရွံ့နောက်တွန့်မှုမရှိပဲ ရဲရဲချီတက်ခဲ့ကြတာ ဘာကြောသေးလို့လဲ။

ခင်ဗျားတို့သာ မေ့ချင်မေ့နေကြ။

ခင်ဗျားတို့ ဆရာကြီးတွေက လုံးလုံးမမေ့ကြဘူး။

ဒါကြောင့် ချွေးသီးချွေးပေါက်ကျအောင် ကြောက်ကြောက်လန့်လန့်တွေဖြစ်နေကြပြီ။

မကြောက်လို့လည်းရမလား။

ရဲဝံ့တည်ကြည်တဲ့ဆန္ဒပြမှုတွေက နေ့တိုင်း၊ အချိန်တိုင်း ရန်ကုန်မှာဖြစ်၊ ရေနံချောင်းမှာဖြစ်၊ တောင်တွင်းကြီးမှာဖြစ်၊ မိုးကုတ်မှာဖြစ်၊ ပုသိမ်မှာဖြစ်။

မနေ့ကဆို ပဲခူးမှာ လူ (၁၀၀၀) ကျော် ချီတက်ဆန္ဒပြနိုင်ခဲ့ကြတယ်။

ဒီနေ့လည်း ရန်ကုန်လှည်းတန်းမှာ ထပ်ပြီးဆန္ဒပြနေကြပြန်ပြီ။

တပိုင်တည်းမှာပဲ စစ်တွေမှာ သံဃာတော်တွေဦးဆောင်ပြီး ဆန္ဒပြနေကြပြီ။

မန္တလေးမှာလည်း သံဃာတော်တွေရော၊ ကျောင်းသားတွေရော၊ လူထုရော လှုပ်လှုပ် လှုပ်လှုပ်ဖြစ်နေကြပြီ။

(၈)

ကနေ့လူထုတွေရဲ့ဘဝဟာ ဘယ်အခါကထက်မဆို ပိုမိုဆိုးဝါးနိမ့်ကျနေရတာ ....

အဲဒီအထဲမှာမှ ဒီလောင်စာဆီဈေးက လဲရာသူ့ခိုးထောင်း၊ ရေနစ်သူဝါးကူထိုးမိလျှက်သားဖြစ်သွားတာ ....

လူထုဒေါသတွေ ထိန်းချုပ်မရလောက်တော့အောင် အနိုင်ကျင့်ဗိုလ်ကျခံရတာ ....

ဒီလိုနှင့် လူထုတွေ လမ်းမတွေပေါ်တက်ပြီး ဆန္ဒတွေထုတ်ဖော်ပြသကြတာ ....

နအဖဟာ သတင်းပေးတွေ၊ စွမ်းအားရှင်တွေနဲ့ နည်းမျိုးစုံသုံးပြီး ပိတ်ဆို့ဖမ်းဆီးလာတာ ....

ဖမ်းဆီးနေတဲ့ကြားကကိုပဲ လှုပ်ရှားမှုတွေ၊ တိုက်ပွဲတွေ တပွဲပြီးတပွဲ၊ တမြို့ပြီးတမြို့ မီးပွင့်မီးပွားတွေလို တဖျတ်ဖျတ် ကူးစက်ပျံ့နှံ့နေတာ ....

စစ်အုပ်စုဟာ အိန္ဒြေဆည်မရအောင် ကြောက်လန့်တကြားဖြစ်လာတာ ....

စတဲ့စတဲ့ အချင်းအရာတွေအားလုံးဟာ (၈၈) အရေးတော်ပုံကြီးရဲ့ အစပျိုးနေ့တွေနှင့် အတော်ပဲတူနေတယ်လို့ ကျနော်ကပြောရင် လွန်တယ်လို့ဆိုလို့ရပါ့မလား။

ဒါဟာ .... ကျနော့်မိတ်ဆွေတယောက်ပြောသလို ၈၈ Part II ရဲ့အဖွင့်တီးလုံးတွေ မဟုတ်ပေဘူးလား ....။ ။

ဇွန်မိုင်း

၂၈၊ ၈၊ ၂၀၀၇

❖

# ဗကသများအဖွဲ့ချုပ်ပြန်လည်ထူထောင်၊ ခွပ်ဒေါင်းအလံကိုအမြင့်မားဆုံးလွှင့်ထူမည်

ဩဂုတ် (၂၈)

ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများမှသည် ၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီအရေးတော်ပုံကာလများအထိ ခေတ်အဆက်ဆက် သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ် (ဗကသ) ကို လက်ရှိတက္ကသိုလ်ကျောင်းသားများဖြင့် ယနေ့ပြန်လည်ဖွဲ့စည်းသည်။

လွတ်လပ်၍ တရားမျှတသောဒီမိုကရေစီနိုင်ငံသစ်ကိုရည်ရွယ်၍ ခေတ်အဆက်ဆက် ကျောင်းသားညီအကိုတော်များ၏ သမိုင်းပေးတာဝန်ကို ပခုံးပြောင်းထမ်းဆောင်ရန် မျိုးဆက်သစ်ကျောင်းသားများသည် ရာဇဝင်အစဉ်အလာထွန်းပြောင်ခဲ့သည့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ကို ပြန်လည်စုစည်းလိုက်ခြင်းဖြစ်ကြောင်း ဗကသပြန်လည်ဖွဲ့စည်းခြင်းကြေညာချက်တွင် ဖော်ပြထားသည်။

အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော ဗကသကို ဗဟိုစည်းသုံးကော်မတီအနေဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အဆင့်ဆင့်တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်သည်။

"ကျောင်းသားများသည် မိဘများမှ မွေးဖွားပေးလိုက်သော ပြည်သူ့သွေးသားများဖြစ်သည့်အတွက် ယခုအချိန်၌ မိမိတို့၏ မိဘများရင်ဆိုင်ခံစားနေရသော အခက်အခဲများ၊ မိမိတို့တိုင်းပြည်၏ ပြည်တွင်းနိုင်ငံရေးအခက်အခဲများ၊ ပညာသင်ကြားရာ၌ မိမိတို့ကိုယ်တိုင်ကြုံတွေ့နေရသော အခက်အခဲများ စသည့်အထွေထွေအခက်အခဲပေါင်းများစွာကို ညီညီညာညာစုပေါင်းဖြေရှင်းကြရန် အချိန်ကျရောက်နေပြီဖြစ်သည်" ဟု ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

၁၉၆၂ ခုနှစ်၊ စစ်အာဏာသိမ်းချိန်မှစ၍ စစ်အစိုးရ၏ ရက်စက်ရမ်းကားစွာဖြေရှင်းမှုကြောင့် ကျောင်းသားသမဂ္ဂဖိုချခံရသည့်ကိစ္စ၊ ၁၉၈၈ ခုနှစ်တွင် ဗကသအဖွဲ့ချုပ်ပြန်လည်ပေါ်လာသည့် သမိုင်းနှင့် မျိုးဆက်သစ်ကျောင်းသားများ၏ ပညာရေးအခြေအနေဆိုးဝါးသထက်ဆိုးဝါးလာသည့် အဖြစ်အပျက်များကိုလည်း ကြေညာချက်တွင်ဖော်ပြထားသည်။

ဗကသကို ၁၉၃၆ ခုနှစ်၊ မေလ (၈) ရက်နေ့တွင် ရန်ကုန်ဂျူဗလီဟော၌ ကျင်းပသည့် ကျောင်းသားညီလာခံ၌ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ပထမဆုံးဥက္ကဋ္ဌမှာ ဦးရာရှစ်ဖြစ်ပြီး၊ ဒုဥက္ကဋ္ဌမှာ ဗိုလ်ချုပ်အောင်ဆန်းဖြစ်သည်။

လွန်ခဲ့သည့် (၁၉) နှစ်၊ ၁၉၈၈ ခုနှစ် ဩဂုတ်လ (၂၈) ရက်နေ့၊ ရှစ်လေးလုံးအရေးတော်ပုံကာလအတွင်းက ဒီမိုကရေစီလှုပ်ရှားမှုကို ဦးဆောင်သည့် ကျောင်းသားများက ဗကသကို ပြန်လည်အသက်သွင်းခဲ့ကြပြီး ဥက္ကဋ္ဌမှာ ကိုမင်းကိုနိုင်ဖြစ်လာသည်။

❖

# အကြမ်းဖမ်းဆီးမှုများကို ပြင်းပြင်းထန်ထန်လက်တုံ့ပြန်မည်

လက်ရှိဖြစ်ပေါ်နေသော ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ် စစ်အုပ်စု၏လက်ပါးစေများဖြစ်သော ကြံ့ဖွံ့နှင့် စွမ်းအားရှင်များ၏ အကြမ်းဖက်မှုများကို လက်တုံ့ပြန်သွားမည်ဟု မျိုးချစ်လူငယ်တပ်ဦးအဖွဲ့က ဩဂုတ်လ (၂၈) ရက်နေ့စွဲဖြင့် ကြေညာချက်ထုတ်ပြန်သည်။

ပြည်သူများလက်ငင်းခံစားနေရသော အထွေထွေဆင်းရဲကြပ်တည်းမှုဘေးဆိုးကြီးမှ လွတ်မြောက်ရေးနည်းလမ်းမျိုးစုံ ကျင့်သုံးအဖြေရှာသွားမည်ဟုအဆိုပါပြည်တွင်း လူငယ်အင်အားစုများက ရာဇသံပေးသည်။

ငြိမ်ချမ်းစွာ ဆန္ဒပြဖော်ထုတ်သူများအပေါ် မတရားဖိနှိပ်ညှင်းပမ်းဖမ်းဆီးမှုများပြုလုပ်နေသော အဖွဲ့အစည်းအားလုံးကို ခေါင်းငုံ့မခံဘဲ ပြင်းပြင်းထန်ထန်တုံ့ပြန်သွားမည်ဟု ပြည်တွင်းရှိ တက္ကသိုလ်ကျောင်းသားများနှင့် လူငယ်များဖြင့် ဖွဲ့စည်းထားသော အဆိုပါအဖွဲ့ကဆိုသည်။

အလားတူ ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားများအဖွဲ့ချုပ်ကလည်း အကြမ်းမဖက် ငြိမ်းချမ်းစွာတိုက်ပွဲဝင်နေသော အရှိန်အဟုန်ကိုမြှင့်တင်ရန် (၃၁၊ ၈၊ ၀၇) မှ စတင်၍ တနိုင်ငံလုံးရှိ ရုံး၊ စက်ရုံ၊ အလုပ်ရုံ၊ ဌာနဆိုင်ရာလုပ်ငန်းခွင်မဝင်ဘဲ သပိတ်မှောက်ကြရန် အလုပ်သမားထုကို နှိုးဆော်ထားသည်။

၁၉၇၄ ခုနှစ်၊ ဇွန်လ (၆) အလုပ်သမားအရေးတော်ပုံ၊ ဦးသန့်ဈာပနလူထုလှုပ်ရှားမှု၊ မှိုင်းရာပြည့်ကျောင်းသားလှုပ်ရှားမှု ၁၉၇၅ ခုနှစ်၊ ဇွန်လနှစ်ပတ်လည် အရေးတော်ပုံ၊ (၈၈၈၈) အရေးတော်ပုံကြီးများတွင် စစ်အာဏာရှင်တို့၏ ရက်စက်ကြမ်းကြုတ်မှုများကို သတ္တိရှိရှိရင်ဆိုင်ကာ အသက်သွေးများပေးဆပ်၍ တိုက်ပွဲဝင်ခဲ့ကြသည့် အောင်ပွဲများကို ကြေညာချက်တွင် ဖော်ပြထားသည်။

အာဏာပိုင်တို့အနေဖြင့် ပြည်သူလူထု စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုဖူလုံရေး၊ အထွေထွေ သက်သာချောင်ချိမှုကိုရှေးရှုလျှက် လောင်စာဆီဈေးနှုန်းများကို မူလသတ်မှတ်သည့်ဈေးနှုန်းသို့ ချက်ချင်း ပြန်လည်ပြင်ဆင်သတ်မှတ်ပေးရန် အလုပ်သမားများသမဂ္ဂက တောင်းဆိုထားသည်။

အာဏာပိုင်များဘက်က တောင်းဆိုချက်ကို မလိုက်လျှောပါက တောင်းဆိုချက်မရမချင်း တိုက်ပွဲဝင် ကျောင်းသား၊ ရဟန်းရှင်လူ၊ ပြည်သူလူထုတရပ်လုံးနှင့်အတူ "လောင်စာဆီဖူလုံရေးနှင့် ကုန်ဈေးနှုန်းကျဆင်းရေးလူထုလှုပ်ရှားမှု" လမ်းလျှောက်ပွဲကို "၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့" နှင့် "မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလိုလားသူများအဖွဲ့"တို့နှင့်ပူးပေါင်းကာ လက်တွဲညီညီ အလုပ်မတက်ရေးတိုက်ပွဲကို တက်တက်ကြွကြွ ဆက်လက်ဆင်နွှဲသွားမည်ဖြစ်ကြောင်း "ဗမာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်" (ABWU) မှ ကြေညာထားသည်။

အထက်ပါကြေညာချက်များနှင့် တပြိုင်နက်တည်းထွက်ပေါ်လာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဩဂုတ်လ (၂၈) ရက်နေ့ကြေညာချက်တွင် အာဏာပိုင်များအနေဖြင့် ရဟန်းရှင်လူပြည်သူလူထုကို အကြမ်းဖက်ဖိုခွင်းမည့်အစား နအဖဘက်က လုပ်ဆောင်ပေးရန်ပျက်ကွက်နေသော ပြည်သူ့လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းပေးရန် အထူးကိစ္စတရပ်အနေဖြင့် လေးလေးနက်နက်တိုက်တွန်းတောင်းဆိုထားသည်။

တိုင်းပြည်တွင် အထွေထွေအကြပ်အတည်းဆိုက်နေသောအချိန်တွင် ရဟန်းပျိုများသမဂ္ဂ (ရန်ကုန်) ကလည်း ကြေညာချက် ထုတ်ပြန်ထားပြီး သံဃာတော်များအနေဖြင့် ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမတို့၏ အငတ်ဘေးဆိုက်နေသောအဖြစ်ကို စာနာသနားသောအားဖြင့် နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်များ၊ ကျောင်းထိုင်ဆရာတော်များ၊ စာချစာသင်ထေရ်အရှင်များ စုပေါင်းပြီး နအဖစစ်ဗိုလ်ချုပ်ကြီးများထံ မေတ္တာရပ်ခံစာများရေးသားပြီး နအဖစစ်အစိုးရနှင့် ဒီမိုကရေစီအင်အားစုများအကြားတွင် ဝင်ရောက်စေ့စပ်ပေးပါရန် နိုင်ငံတဝှမ်းရှိ သံဃာတော်များထံ စာရေးလျှောက်ထားသိသည်။

ဩဂုတ်လ (၂၂) ရက်နေ့တွင် ရန်ကုန်မှစတင်သော လောင်စာဆီဈေးကျဆင်းရေးနှင့် ကုန်ဆင်းနှုန်းကျဆင်းရေး ငြိမ်ချမ်းစွာ ဆန္ဒပြပွဲများသည် ယခုအခါ မန္တလေး၊ ပဲခူး၊ စစ်တွေ၊ ပုသိမ်နှင့် နိုင်ငံတဝှမ်းပျံ့နှံ့လျက်ရှိပြီး အာဏာပိုင်များက ဆန္ဒပြသူများကို (၁၀၀) ကျော်ကို အကြမ်းဖက်ဖမ်းဆီးခြင်းဖြင့်လက်တုံ့ပြန်ခဲ့သည်။ ❖



## ဝတပ်နှင့်နအဖတပ်များအကြားတွင် အခြေအနေတင်းမာ၊ စစ်ရေးပြင်ဆင်မှုများပြုလုပ်လာ

ငြိမ်းအဖွဲ့တဖွဲ့ဖြစ်သော ''ဝ'' တပ်ဖွဲ့များနှင့် နအဖတပ်များကြားတွင် အခြေအနေတင်းမာသဲဖြစ်ပြီး (၂) ဖက်စလုံးက စစ်ရေးပြင်ဆင်မှုများပြုလုပ်နေသည်ဟု နယ်စပ်သတင်းများအရသိရသည်။

နအဖဘက်က စစ်ရေးပြင်ဆင်မှုများ အကြီးအကျယ်လုပ်နေသည့်ကိစ္စကို တောင်ပိုင်းအဖွဲ့က ဗဟိုသို့အကြောင်းကြားထားပြီး မည်သို့တုံ့ပြန်ရမည်ကို ပန်ဆန်း (ဗဟိုဌာနဌာနချုပ်) ၏အမိန့်ကို စောင့်ဆိုင်းနေသည်ဟု သတင်းများကဆိုသည်။

အထက်ပါသတင်းကို ''ဝ'' တပ်ဖွဲ့များ အတည်ပြုချက်မပေးသော်လည်း ''ဝ'' တပ်နှင့်နီးစပ်နေသော ရှမ်းပြည်တပ်မတော်တောင်ပိုင်းက ဩဂုတ်လ (၁၂) ရက်နေ့ နေ့စွဲဖြင့် ကြေညာချက်တစောင်ထုတ်ပြန်ကာ စစ်ရေးသတိရှိကြရန် 'ဝ'တပ်များကိုလည်း သတိပေးထားသည်။

ရှမ်းသံတော်ဆင့်သတင်းနှင့် တရုတ်မြန်မာနယ်စပ်မှ စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက နအဖ၏စစ်ရေးတိုးချဲ့မှုသည် လောလောဆယ်တွင် တိုက်ပွဲထဖြစ်နိုင်သော အခြေအနေမဟုတ်သေးသော်လည်း ငြိမ်းအဖွဲ့များကို စစ်အားပြခြိမ်းခြောက်မှုဖြစ်သည်ဟုပြောသည်။

''ဝ''တောင်ပိုင်းတပ်သည် အနည်းဆုံးအင်အား အနည်းဆုံး (၈၀၀၀) နှင့် (၁၀,၀၀၀)ကြားရှိပြီး ပထဝီအနေအထားအရလည်း အပြန့်ကျယ်သဖြင့် နအဖဘက်က တော်ရုံအင်အားဖြင့် တိုက်နိုင်မည်မဟုတ်ဟုလည်း ဦးအောင်ကျော်ဇောက သုံးသပ်သည်။

ဤအတောအတွင်း ''ဝ''တပ်ဖွဲ့အခြေစိုက်ရာ အရှေ့ဘက်၊ ထိုင်းမြန်မာနယ်စပ်သို့ နအဖစစ်ကား အစီး (၄၀) ခန့်ရောက်ရှိနေကြောင်းလည်း ဒေသခံများကပြောသည်။ နအဖဘက်က စစ်အင်အားတိုးချဲ့ထားဖြင့် ''ဝ''ဘက်ကလည်း ရိက္ခာ၊ လက်နက်စုဆောင်းပြီး စစ်ရေးလေ့ကျင့်မှုများပြုလုပ်နေသည်ဟု ရှမ်းသံတော်ဆင့်သတင်းကဆိုသည်။

နအဖတပ်များ စစ်အင်အားတိုးချဲ့ချထားသော ထိုင်းမြန်မာနယ်စပ်တွင် ''ဝ'' တပ်ဖွဲ့အပြင်၊ ရှမ်းပြည်တပ်မတော် တောင်ပိုင်းနှင့် ရှမ်းတပ်ဖွဲ့တဖွဲ့ဖြစ်သော ''ဝ''အမျိုးသားတပ်မတော်တို့တပ်စွဲထားသဖြင့် နအဖက မည်သည့်တပ်ကို တိုက်ခိုက်မည်ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ ❖

## တရုတ်နယ်စပ်တွင် သေနတ်သံများပြန်ကြားမည်ကို ပြည်သူများစိုးရိမ်

ကေအိုင်အို ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့က အမျိုးသားညီလာခံသို့ တင်သွင်းထားသော (၁၉) ချက်ပါစာတမ်းကို ဆန့်ကျင်ကြရန် နအဖမြောက်ပိုင်းတိုင်း တိုင်းမှူးကလှုံ့ဆော်နေကြောင်း ကချင်သတင်းရပ်ကွက်များက သတင်းများကဆိုသည်။

မြစ်ကြီးနာအခြေစိုက် မြောက်ပိုင်းတိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကေအိုင်အို၏အဆိုပြုချက်သည် သီးခြားပြည်နယ်ခွဲထွက်ရေးကို ဦးတည်သည့်အပြင် ကချင်ပြည်နယ်တွင်းရှိ ကချင်မဟုတ်သော တိုင်းရင်းသားများ (အထူးသဖြင့်ရှမ်းလူမျိုးများ၏အခွင့်အရေး) ကို မလေးစားရာရောက်သည်ဟု အစည်းအဝေးတရပ်တွင် သွေးခွဲစကားပြောသည်။

သို့သော် ကေအိုင်အိုဌာနချုပ်မှ အဆင့်မြင့်အရာရှိတဦးဖြစ်သူ ဗိုလ်မှူးကြီးဂွမ်းမော်က ကေအိုင်အိုက အဆိုပြုထားသောအချက်များတွင် သီးခြားခွဲထွက်လိုသော သဘောမပါရှိဟုပြောသည်။

အမျိုးသားညီလာခံတွင် ၎င်းအဆိုပြုချက်နှင့်ပတ်သက်၍ ယခုချိန်အထိဆွေးနွေးခွင့်မရသေးသော်လည်း ကေအိုင်အိုတပ်များ၏စီးပွားရေးလုပ်ငန်းများကို ကန့်သတ်ခြင်းနှင့် တပ်ရိက္ခာလမ်းကြောင်းများတွင် လုံခြုံရေးတိုးချဲ့ထားဖြင့် နအဖဘက်က ပြန်လည်တုံ့ပြန်ခဲ့သည်။

တရုတ်–မြန်မာနယ်စပ် ကေအိုင်အိုထိန်းချုပ်ရာ လိုင်ဇာမြို့နှင့် ဗန်းမော်–မြစ်ကြီးနားမြို့များတွင် လမ်းတလျှောက်တွင် စစ်တပ်ဂိတ်များတွင် ခရီးသည်များကို စစ်ဆေးမေးမြန်းမှုများ၊ တရုတ်ပစ္စည်းတင်သွင်းသည့်အပေါ် ကန့်သတ်မှုများကို ယခင်ထက်တင်းကျပ်လာသည်ဟု ကုန်သည်များကပြောသည်။

ကေအိုင်အို အဖွဲ့ချုပ်ထိန်းချုပ်ရာ လိုင်ဇာဒေသ၊ တပ်မဟာ (၃) နယ်မြေနှင့် နယ်မြေချင်းထိစပ်သည့် မံစီ၊ မိုးမောက်၊ ဝိုင်းမော်မြို့နယ်တို့အတွင်းရှိ နအဖစစ်တပ်များသည် တပ်ဧရိယာအတွင်းကတုတ်ကျင်းများ၊ ဘန်ကာများကို ဩဂုတ်လဆန်းပိုင်းကတည်းက ပြင်ဆင်မွမ်းမံမှုများပြုလုပ်နေသည်ဟု ဒေသခံများကပြောသည်။

ကေအိုင်အိုထိန်းချုပ်ရာ လိုင်ဇာမြို့နှင့် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားအကြားတွင်လည်း လုံခြုံရေးများချထားသည်။

၁၉၉၄ ခုတွင် မြန်မာစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားသော ကေအိုင်အိုသည် လောလောဆယ်ကျင်းပနေသည့် အမျိုးသားညီလာခံတွင် တက်ရောက်နေပြီး ပြီးခဲ့သည့် ဇူလိုင်လလယ်ပိုင်းတွင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအချက် (၁၉) ချက်ပါ အကြံပြုမှုတရပ်တောင်းဆိုထားသည်။

ကေအိုင်အိုအပါအဝင် အပစ်ရပ်အဖွဲ့များကို အမျိုးသားညီလာခံပြီးသွားပါက လက်နက်ဖြုတ်သိမ်းတော့မည်ဆိုသည့်သတင်းများ ထွက်ပေါ်နေပြီး ထိုင်း–မြန်မာနယ်စပ်ရှိ ယူဒဗလျူအက်စ်အေ (ဝတပ်) ဖွဲ့နှင့် မိသားစု ရှမ်းပြည်မြောက်ပိုင်းသို့ရွှေ့ပြောင်းရန် နအဖကအမိန့်ပေးထားချိန်မှာပင် ယခုကဲ့သို့ ကချင်ပြည်နယ်အတွင်းရှိ နအဖစစ်တပ်များကို လုံခြုံရေးပြင်ဆင်မှုများလုပ်နေခြင်းဖြစ်သည်။ ❖

## ကချင်ပြည်နယ်အတွင်း နအဖက စစ်သားသစ်စုဆောင်းမှုပိုမိုများပြား

ဩဂုတ် (၂၇)

ကချင်ပြည်နယ်အတွင်းတွင် ဒေသခံစစ်တပ်နှင့် ဒေသခံအာဏာပိုင်များက စစ်သားသစ်စုဆောင်းမှုများကို ယခုလများအတွင်း ပိုမိုလုပ်ဆောင်နေကြောင်း ဒေသခံများကပြောသည်။

မိုးကောင်းမြို့ပေါ်ရှိ ရပ်ကွက်များတွင် ညပိုင်းလမ်းပေါ်၌တွေ့ရှိသူ လူငယ်များအား ဖမ်းဆီးကာ စစ်တပ်တွင် ဝင်ခိုင်းနေကြောင်း၊ (၁၈) နှစ်နှင့် (၂၅) နှစ်အရွယ် ကျောင်းသားအရပ်သားအားလုံးကို ညဘက်တွင် ဖမ်းဆီးခေါ်ဆောင်နေကြောင်း ဒေသခံအမျိုးသမီးတဦးကပြောသည်။

ဩဂုတ်လ (၁)ရက်နေ့က မိုးညှင်းမြို့ပေါ်ရှိ အောင်သပြေ၊ အရှေ့စု၊ နားခါမြို့၊ သာစည်၊ နတ်ကြီးကုန်း၊ နမီးစူ၊ အုတ်ကျင်း၊ စက်ကုန်း စသည့် ရပ်ကွက်ပေါင်း (၁၀) ခု အား တရပ်ကွက်လျှင် (၄) ဦးနှုန်းကျစု ဆောင်းပေးရန် ကျေးရွာများတွင် တည်ရှိအိမ်ခြေအလိုက် လူတဦးမှ ဆယ်ဦးအထိ စုဆောင်းရန် မိုးညှင်းမယကမှ ညွှန်ကြားထားသည်ဟု မိုးညှင်းဒေသခံများကပြောသည်။

မိုးညှင်းခရိုင်ရှိ နမ္မား၊ ဟိုပင်၊ အင်းတော်ကြီးဒေသများတွင် မယက၊ ရယကနှင့် ပြည်သူ့စစ်များက ဇူလိုင်လလယ်ပိုင်းမှစ၍ စစ်သားသစ်များစုဆောင်းပေးနေရကြောင်း၊ ဗန်းမော်ခရိုင်၊ မံစီမြို့နယ်အခြေစိုက်စစ်တပ်များကလည်း ဒေသခံလူငယ်များကို မှော်ခိုလုပ်ငန်းမှ အခွန်ကောက်လျှင် ဝင်ငွေဖြောင့်သည်ဟုဆိုကာ မက်လုံးပေးစည်းရုံးသိမ်းသွင်းနေကြောင်း မံစီဒေသခံတဦးကပြောသည်။

ကချင်ပြည်နယ် ပူတာအို၊ ဖားကန့်နှင့် ဝိုင်းမော်ဒေသများတွင်လည်း ယခုလများအတွင်း စစ်သားသစ်စုဆောင်းမှုများ တိုးမြှင့်လုပ်ဆောင်နေကြောင်း ကချင်သတင်းဌာနများက ထုတ်ပြန်ထားသည်။

Source: အဲန်အမ်ဂျီ

❖

## အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ ဇနီးကွယ်လွန်



၁၉၄၇ ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူကျဆုံးခဲ့ရသည့် ဗိုလ်ချုပ်၏အကိုအရင်းဖြစ်သူ ဦးဘဝင်း၏ဇနီး ဒေါ်ခင်စောအသက် (၁၀၁) နှစ်သည် တက္ကသိုလ်ရိပ်သာလမ်း အိမ်အမှတ် (၅၄) နေအိမ်တွင် ဩဂုတ်လ (၁) ရက်နေ့နံနက်က ကွယ်လွန်သည်။

အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်း၏ မိခင်ဖြစ်သည့်အပြင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏အဒေါ်လည်းဖြစ်သဖြင့် ဒီမိုကရေစီရေးလှုပ်ရှားသူအသိုင်းအဝိုင်းမှ နာရေးတွင် အားတက်သရောဝိုင်းဝန်းဆောင်ရွက်ကြကြောင်း ပြည်တွင်းသတင်းများအရသိရှိရသည်။ အထူးသဖြင့် အဲန်အယ်လ်ဒီခေါင်းဆောင်များ၊ မင်းကိုနိုင်နှင့် ကျောင်းသားခေါင်းဆောင်များ၊ ဝါရင့်နိုင်ငံရေးသမားများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ တက်ရောက်လာခဲ့ကြသော်လည်း စစ်အစိုးရ၏တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်ပို့ဆောင်သည်ကိုမတွေ့ရကြောင်း မိသားစုနှင့်နီးစပ်သောအသိုင်းအဝိုင်းမှ ထုတ်ဖော်ပြောကြားခဲ့သည်။

ကွယ်လွန်သူ ဒေါ်ခင်စော၏ခင်ပွန်းဖြစ်သူ ဦးဘဝင်းသည် အမျိုးသားကျောင်းဆရာကြီးအဖြစ်ထင်ရှားသူဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမည့် မောင်ထိန်လင်းအား ငယ်စဉ်က ပညာသင်စောင့်ရှောက်ပြုစုခဲ့သူဖြစ်သည်။ ဖဆပလ၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ဗိုလ်ချုပ်ခေါင်းဆောင်သောအစိုးရအဖွဲ့တွင် ဗိုလ်ချုပ်နှင့်အတူ လက်တွဲတိုက်ပွဲဝင်ခဲ့သည်။ ❖

## ရှမ်းတိုင်းရင်းသားခေါင်းဆောင်ကြီး ခွန်ကြာနု (ခ) စဝ်ဆိုင်စစ် ကွယ်လွန်



မြန်မာနိုင်ငံတွင် စစ်မှန်သောပြည်ထောင် စုစနစ်ပေါ်ထွန်းရေးနှင့် ရှမ်းတိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး အတွက် ကြိုးပမ်းဆောင်ရွက်သူ ရှမ်းခေါင်းဆောင်ကြီး ခွန်ကြာနု (ခ) စဝ်ဆိုင်စစ်သည် ဩဂုတ် (၁၃) နေ့၊ ညနေပိုင်းက ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် အဆုတ်နာရောဂါဖြင့် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် အသက် (၇၂) နှစ်အရွယ်ရှိပြီ ဖြစ်သည်။

ခွန်ကြာနုဟာ မြန်မာ့သမိုင်းမှာ ထင်ရှားလှသော ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့သူများထဲမှာ ပါဝင်သော ရှမ်းခေါင်းဆောင် ခွန်ကြာဘု၏ သားဖြစ်သည်။

ဝါရင့်ရှမ်းခေါင်းဆောင်ကြီးတဦး ဆုံးပါးသွားခြင်းသည် ရှမ်းပြည်တော်လှန်ရေး အတွက်သာမက ဖက်ဒရယ်စနစ် ပေါ်ထွန်းလာရေးကြိုးပမ်းသော တော်လှန်ရေးအင်အားစုများအားလုံးအတွက် ဆုံးရှုံးမှုတရပ်ပင်ဖြစ်သည်။

မွေးချင်း (၁၀) ဦးအနက် (၆) ယောက်မြောက်သားဖြစ်သူ ခွန်ကြာနုသည် ကွယ်လွန်ချိန်အထိ ရှမ်းပြည်အခြေခံဥပဒေပေါ်ထွန်းရေးနှင့် မြန်မာနိုင်ငံကိုစစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးတခုဖြစ်အောင် စူးစူးနစ်နစ် အားထုတ်ကြိုးပမ်းခဲ့သူဖြစ်သည်။

ခွန်ကြာနုသည် ရှမ်းပြည်တော်လှန်ရေးစတင်ချိန်ကတည်းက တော်လှန်ရေးတွင် အစဉ်တစိုက် ဘဝကိုမြှုပ်နှံထားရုံမျှမက ရှမ်းပြည်ရှိအဖွဲ့အချင်းချင်းကြားတွင် ညီညွတ်ရေးရရှိအောင် ကြိုးစားခဲ့သူဖြစ်သည်။

ဦးခွန်ကြာနုသည် ၁၉၅၈ ခုနှစ်တွင် ရှမ်းပြည်နယ်လွတ်မြောက်ရေးအတွက် ရှမ်းကျောင်းသားများနှင့်အတူ တောခိုခဲ့သည်။ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းပြီးနောက်ပိုင်း ဗိုလ်ချုပ်နေဝင်းအစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေးဆွေးနွေးချိန်တွင် ပါဝင်ခဲ့သည်။

သို့သော် ဗိုလ်ချုပ်နေဝင်းအစိုးရက ငြိမ်းချမ်းရေးထက် လက်နက်ချရေးကိုသာ ဦးစားပေးပြောဆိုခဲ့ခြင်းကြောင့် ဆွေးနွေးပွဲပျက်သွားပြီး ၁၉၆၄ ခုနှစ်၊ ရှမ်းပြည်တပ်မတော် SSA ကိုထူထောင်ချိန်တွင် ခွန်ကြာနုသည် SSA ထဲပူးပေါင်းပါဝင်လှုပ်ရှားလာခဲ့ပြီး နောက်ပိုင်း SSA ၏ စစ်ဦးစီးချုပ်တာဝန်ကို ၁၉၇၆ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။

❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်




**ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် လုံခြုံရေးကောင်စီဝင်အားလုံးတို့က ဦးသန့်ကို ထောက်ခံမဲပေးပြီး၊ မိမိ၏ မွေးရပ်တိုင်းပြည် (မြန်မာနိုင်ငံ) တခုတည်းကမထောက်ခံလျှင် ကောင်းနိုင်ပါဦးမည်လား။ မည်မျှအရုပ်ဆိုးပါမည်နည်း။ မည်မျှရှက်စရာကောင်းပါမည်နည်း။**

လူမှုရေးဝတ္တရားအရသာ ထမင်းဖိတ်ကျွေးသော်လည်း ဦးနု၏နိုင်ငံရေးလုပ်ငန်းအပေါ်တွင် ဦးသန့်က စကားတခွန်းမျှမဟ။ ရှောင်တိမ်း၍သာနေလိုက်သည်။

သို့သော် ဗိုလ်ချုပ်ကြီးနေဝင်းထံသို့ ရောက်သွားသော ထောက်လှမ်းရေးသတင်းများသည် အားလုံးအမှားချည်းသာဖြစ်သည်။ ဦးနုနှင့်ဦးသန့်တို့သည် ဗိုလ်နေဝင်းအစိုးရဖြုတ်ချရေးအတွက် ခေါင်းချင်းဆိုင်၍ တိုင်ပင်ခဲ့ကြကြောင်း၊ ဦးသန့်သည် အမေရိကန်ဗဟိုထောက်လှမ်းရေး (စီအိုင်အေ) လူဖြစ်နေသဖြင့် ဦးနုတို့အဖွဲ့အား စီအိုင်အေမှငွေအား၊ လက်နက်အင်အား အလုံးအရင်းနှင့်ကူညီတော့မည်ဖြစ်ကြောင်း စသည်ဖြင့် ကောက်ချက်ချထားကြသည်။ ဤသို့ ဦးနုနှင့်ဦးသန့်တွေ့ဆုံမှုသည် နိုင်ငံတော်အရေးအခင်းကြီးတခုပမာ နက်ရှိုင်းသွားပြီး ဗိုလ်ချုပ်ကြီးနေဝင်းသည်လည်း ဦးသန့်ကို အစိမ်းလိုက်ဝါးစားချင်လောက်အောင် ဖြစ်လာခဲ့တော့သည်။

(၄)

ဦးသန့်သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မဖြစ်မီ ကုလသမဂ္ဂဆိုင်ရာမြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ်ကပင် အများတကာ၏ ကြည်ညိုလေးစားတန်ဖိုးထားခြင်းကို ခံခဲ့ရသူဖြစ်သည်။ စာပေလေ့လာဆည်းပူးမှုနှံ့စပ်သဖြင့် သံအမတ်ကြီးအချင်းချင်းကပင်လျှင် လေးလေးစားစားရှိကြသည်။ စိတ်သဘောထားနူးညံ့ပြီး စာရိတ္တဖြူစင်သောကြောင့်လည်း လူရိုသေ၊ ရှင်ရိုသေခြင်းကိုခံရသည်။ မေတ္တာတရား၊ ငြိမ်းချမ်းရေးတရားများကို လက်ကိုင်ထားသူအဖြစ်လည်း လူသိများကြသည်။ ဗုဒ္ဓတရားအဆီအနှစ်များအပေါ် အခြေခံ၍ ပြဿနာများကို ချဉ်းကပ်ပြောဆိုတတ်မှုကြောင့် ဦးသန့်၏မိန့်ခွန်းများကို စိတ်ဝင်စားကြသည်။ တည်ကြည်အေးချမ်းသော ဦးသန့်၏ဥပဓိရုပ်သွင်ကို မြင်လိုက်ရုံမျှဖြင့် ပြဿနာတဝက်ဖြေရှင်းပြီးသားဖြစ်သွားသည်ဟုပင် ဆိုစမှတ်ပြုကြသည်။ ချဲ့ကားတင်စား၍ စကားဆိုခြင်း ဖြစ်ကောင်းဖြစ်ပေမည်။

ဤသို့ ဦးသန့်၏ဂုဏ်သတင်း ထင်ရှားကျော်ကြားနေစဉ်တွင် မြန်မာနိုင်ငံ၌ တော်လှန်ရေးကောင်စီခေတ်ဖြစ်နေသည်။ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းဆိုသူမှာ သူများတကာထက် သာလွန်လိုသူဖြစ်သည်။ မိမိစီးလာသော မော်တော်ကားကို အခြားကားက ကျော်တက်သွားလျှင်ပင် မကြိုက်။ တလောကလုံး သူတယောက်တည်းသာ ဗိုလ်လုပ်ချင်သူဖြစ်သည်။ ဦးသန့်သည် မြန်မာလူမျိုးမဟုတ်လျှင် အကြောင်းမဟုတ်။ ဦးသန့်၏ အမည်နာမနှင့်တွဲဖက်၍ "မြန်မာနိုင်ငံသား"ဟူ၍ပါလာလျှင် ပိုဆိုးသည်။ ဗိုလ်ချုပ်ကြီးနေဝင်း ပို၍အခံရခက်သည်။ မနာလိုဝန်တိုစိတ်တွေတိုးပွားရသည်။

ဦးသန့်ဘက်ကမူကား ဗိုလ်ချုပ်ကြီးနေဝင်းအပေါ် စိုးစဉ်းမျှမေတ္တာမပျက်၊ ဗမာ့တပ်မတော်ခေါင်းဆောင်တဦး၊ နိုင်ငံအကြီးအကဲတယောက်အနေဖြင့် လေးလေးစားစားနေရာထားပေးသည်။ မြန်မာနိုင်ငံသို့ပြန်လာပြီး အေးဆေးစွာနေထိုင်မည်။ အတွေ့အကြုံများကို စာအုပ်ရေးမည်။ တရားဓမ္မလုပ်မည်ဟူ၍ ဦးသန့်ကစိတ်ကူးထားသည်။ သူ့သမက် ဒေါက်တာတင်မြင့်ဦး၏ သူငယ်ချင်း ဗိသုကာပညာရှင်တယောက်ကိုပင်လျှင် ရန်ကုန်မြို့သို့စေလွှတ်ပြီး သူပိုင်မြေကွက်ပေါ်တွင်အိမ်ဆောက်ရန် အိမ်ပုံစံ ရေးဆွဲခိုင်းထားပြီးဖြစ်သည်။ သူမြန်မာပြည်သို့ ပြန်လာနေမည့်အကြောင်းကိုလည်း ဗိုလ်ချုပ်ကြီးနေဝင်းထံသို့ စာရေးအကြောင်းကြားထားသည်။ မိမိနိုင်ငံ၊ မိမိရပ်ရွာသို့ ပြန်လည်နေထိုင်ခြင်းသည် နိုင်ငံသားတဦးအဖို့ မည်သူ့ထံမှ ခွင့်ပြုချက်ရယူရမည်ဟူ၍ စည်းကမ်းကန့်သတ်ချက်မရှိသော်လည်း ဦးသန့်သည် ဆိုက်ကားသမား၊ မြင်းလှည်းသမားတယောက်မဟုတ်ပေ။ တိုးတိုးတိတ်တိတ်ထွက်သွား၊ တိုးတိုးတိတ်တိတ်ပြန်လာရမည့် လူစားမျိုးမဟုတ်ရကား တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေသူတို့ကို အသိပေးခြင်းသာဖြစ်သည်။ သို့မှသာ နှစ်ဦးနှစ်ဖက် ဂုဏ်သိက္ခာရှိစွာဖြင့် နားလည်မှုရယူနိုင်ကြမည်ဖြစ်သည်။

သို့ရာတွင် လူကြီးမဆန်သော ဗိုလ်ချုပ်ကြီးနေဝင်းက အကြောင်းမကြား၊ စကားမပြန်ဘဲ ဆိတ်ဆိတ်နေလိုက်သည်။ အမှန်က ဦးသန့်အနေနှင့် ဗိုလ်ချုပ်ကြီးနေဝင်းက ခွင့်ပြုမှသာ မြန်မာပြည်ပြန်လာနေ၍ရသည် မဟုတ်ပေ။ မြန်မာပြည်သည် ဗိုလ်ချုပ်ကြီးနေဝင်း၏ တဦးတည်းပိုင်ပစ္စည်းမဟုတ်။ ပြည်ထောင်စုဖွားနိုင်ငံသားအားလုံး၏ ဘိုးဘွားပိုင်သာဖြစ်သည်။ သို့ရာတွင် ဦးသန့်သည် သာမန်ပုဂ္ဂိုလ်တဦးမဟုတ်တော့။ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည့်ပုဂ္ဂိုလ်စာရင်းဝင်ဖြစ်နေလေပြီ။ မိမိတို့နိုင်ငံကို အုပ်ချုပ်နေသူများက မကြည်ဖြူဘဲ လာပြန်နေရလျှင် အတော်ကသိကအောက်ဖြစ်မှာ သေချာလှပေသည်။ ဗိုလ်ချုပ်ကြီးနေဝင်း၊ မျက်နှာရိပ်၊ မျက်နှာကဲကိုမော့ကြည့်၍ ဦးသန့်နေရမည်လော။ ဦးသန့်လိုပုဂ္ဂိုလ်မျိုး မြန်မာပြည်မှာရှိခြင်းအားဖြင့် မြန်မာပြည်အတွက် ဘာတွေအကျိုးယုတ်သွားမှာလဲ။ မြန်မာပြည်၏ဂုဏ်ကျက်သရေ ညှိုးနွမ်းသွားမှာလား။

ပို၍ဆိုးသည်မှာ ထိုအချိန်က ဦးသန့်၏ မိတ်ဆွေရောင်းရင်းကြီး ဝန်ကြီးချုပ်ဦးနုသည် ထိုင်း–မြန်မာနယ်စပ်တွင် ဗိုလ်နေဝင်းအစိုးရကို ပုန်ကန်ခြားနားနေသည်မဟုတ်ပါလော။ ဦးနုနှင့်ဦးသန့် အဆက်အသွယ်မရှိဘူးဟုဆိုလျှင် ဗိုလ်ချုပ်ကြီးနေဝင်း ယုံကြည်ပါ့မလား။ လက်ခံပါ့မလား။ သူသည်အာဏာရှင်ဖြစ်၍ သူမယုံကြည်လျှင် ဦးသန့်အဖို့ ပုဒ်မ–၁၀ (ခ) သို့မဟုတ် အင်းစိန် တခုခု ရွေးရတော့မည်။ သူ၏ပြန်လာမှုကို ဗိုလ်ချုပ်ကြီးနေဝင်းက ကြိုဆိုသမှု (Welcome) မပြုလုပ်ကတည်းက ဦးသန့် ရိပ်စားမိဖို့ကောင်းပြီပေါ့။

(၅)

ဦးသန့်သည် အတွင်းရေးမှူးချုပ်ဟောင်း "ဒက်ဟမ္မားရှိုးလ်" တာဝန်ထမ်းဆောင်ရန်ကျန်ရှိနေခဲ့သည့် သက်တမ်းတနှစ်ခွဲမျှကို ကြားဖြတ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် အမှုထမ်းပြီးနောက် နောက်ထပ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် သက်တမ်းပြည့် (၂) ကြိမ်ဆိုရပေမည်။ စုစုပေါင်း (၁၁) နှစ်ခွဲကြာသွားသည်ဟုဆိုရပေမည်။ ထိုအချိန်အထိ ဗိုလ်ချုပ်ကြီးနေဝင်းထံမှ တစုံတရာအကြောင်းပြန်ကြားချက်ကို မရရှိသေးပါ။ တတိယအကြိမ်သက်တမ်းအတွက် ဦးသန့်ဆက်လက်တာဝန်ယူမည်ဆိုလျှင် ဦးသန့်ကိုပင် ဆက်လက်ရွေးချယ်ကြမည်ဖြစ်သည်။ လုံခြုံရေးကောင်စီအဖွဲ့ဝင် ကြီး (၅) ကြီးနိုင်ငံများကလည်း ဦးသန့်နေရာ လူစားရှာမရသဖြင့် ဆက်လက်တာဝန်ယူပေးရန် ဦးသန့်ကို ချဉ်းကပ်တိုက်တွန်းနေကြသည်။ ဦးသန့်၏စိတ်ထဲတွင် မတင်မကျဖြစ်နေသည်။ အလုပ်မှအနားယူ၍ မြန်မာနိုင်ငံပြန်နေလိုသောဆန္ဒရှိသည်မှာကား အမှန်ပင်။ သို့ရာတွင် ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရက မိမိ၏ပြန်လာမှုကို နွေးထွေးစွာကြိုဆိုလိုသည့်ဆန္ဒရှိပုံမရ။ လှိုက်လှဲစွာလက်ခံမည့် အရိပ်လက္ခဏာလုံးဝမတွေ့ရပေ။ ဦးသန့်စဉ်းစားရခက်နေလေပြီ။ ကမ္ဘာ့နိုင်ငံများ၏ဆန္ဒကို လိုက်လျောပြီး ဆက်လက်တာဝန်ထမ်းဆောင်ရလေမည်လား။ သို့တည်းမဟုတ် ဖြစ်ချင်ရာဖြစ် မြန်မာပြည်သို့ ဇွတ်အတင်းပြန်သွားရလျှင် ကောင်းလေမည်လား။

"ဦးသန့် ....ခင်ဗျားဆက်လုပ်" ဟူသောအသံများသည် နေ့စဉ်နှင့်အမျှ ဦးသန့်နားဝသို့ရောက်နေသည်။ ဦးသန့်၏စိတ်သည် ကမ္ဘာ့နိုင်ငံများ၏ဆန္ဒဘက်သို့ တိမ်းညွတ်ချင်သလိုလို၊ ယိမ်းယိုင်ချင်သလိုဖြစ်နေသည်။

ထိုအခိုက် ....

ငှက်ဆိုးထိုးသံ ရုတ်တရက်ပေါ်ထွက်လာသည်။ ဦးသန့်အား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် နောက်ထပ်သက်တမ်း (တတိယသက်တမ်း) ရွေးချယ်တင်မြှောက်မည်ဆိုလျှင် မြန်မာနိုင်ငံက ထောက်ခံမဲမပေးဘဲ ကြားနေမဲပေးမည်ဟူသော သတင်းဖြစ်သည်။ ဟုတ်မှဟုတ်ပါလေစ။ နားကြားများလွဲလေရော့သလား။ သံတမန်လောကတခုလုံး "ဟာ"ကနဲ "ဟင်"ကနဲ ဖြစ်သွားသည်။ ယုံနိုင်စရာပင်မရှိချေ။ ထိုအချိန်က ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီးမှာ ဦးလွင်ဖြစ်သည်။ ဗမာ့တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးဟောင်းဖြစ်သည်။ တပ်မတော်ထောက်လှမ်းရေး၏ဖခင်အဖြစ်လည်း လူသိများသည်။ "နှုတ်ခမ်းမွှေးကြီး" ဟုလည်း အမည်တွင်သည်။

မြန်မာသံအမတ်ကြီးဦးလွင်ကို ထိုသတင်း မှန်မမှန်ချဉ်းကပ်၍ စုံစမ်းမေးမြန်းကြည့်သောအခါ ဟုတ်မှန်နေကြောင်းသိရသည်။ ဦးလွင်ကိုယ်တိုင်က ဤသတင်းကို တမင်သက်သက်ထုတ်လွှင့်လိုက်လေသလား။ စဉ်းစားစရာပင်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် အင်္ဂလန်နိုင်ငံသို့ ဆေးစစ်ခံရန်ရောက်ရှိနေခိုက် နယူးယောက်မြို့မှ သံအမတ်ဦးလွင်ကို ခေါ်ယူ၍နှုတ်ဖြင့် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း နောင်သောအခါတွင်မှ အခိုင်အမာသိရှိရသည်။ ဦးနေဝင်း (ခေါ်) ဗိုလ်ချုပ်ကြီးနေဝင်းသည် ဦးသန့်အပေါ်တွင် တဖက်သက်အာဃာတတရားတွေထား၍ ရန်ညိုးဖွဲ့နေခြင်းဖြစ်သည်။

"ဦးသန့်အရွေးမခံတော့"

ယတိပြတ်ဆုံးဖြတ်လိုက်ပါပြီ။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် လုံခြုံရေးကောင်စီဝင်အားလုံးတို့က ဦးသန့်ကို ထောက်ခံမဲပေးပြီး၊ မိမိ၏ မွေးရပ်တိုင်းပြည် (မြန်မာနိုင်ငံ) တခုတည်းကမထောက်ခံလျှင် ကောင်းနိုင်ပါဦးမည်လား။ မည်မျှအရုပ်ဆိုးပါမည်နည်း။ မည်မျှ ရှက်စရာကောင်းပါမည်နည်း။ ကမ္ဘာ့အလယ်တွင် ဦးသန့်မျက်နှာ ဘယ်မှာသွားထားရမည်နည်း။

ဗိုလ်ချုပ်ကြီးနေဝင်းသည်း ဤလိုပညာမျိုးအလွန်တတ်သည်။ သူလုပ်လိုက်လျှင် "ဟာ .... ဟင်" ဖြစ်သွားစေရမည်ဟု သူ့တပည့်များကို ဂုဏ်ယူဝင့်ကြွားပြီး ပြောဆိုလေ့ရှိသည်။ ဂုဏ်ယူလောက်ပါပေသည်။ ဤလိုပညာမျိုးသည် လူတိုင်းမတတ်၊ လောင်းကစားဝိုင်းနှင့် မြင်းပွဲအသိုင်းအဝန်းအတွင်း၌သာ ပိုမိုအသုံးကျသောပညာမျိုးဖြစ်သည်။

အခန်းဆက် ဖော်ပြပါမည်။

❑ တဖက်စာမျက်နှာသို့ ...

ဦးသန့်နောက်ကျော ဓားထိုးခံရလေပြီ။

မည်သူက ထိုးလိုက်လေသနည်း။

ရက်စက်ပါပေ့ ....။

မည်သို့ပင်ဖြစ်စေ၊ မြန်မာ့သားကောင်း တယောက် နိုင်ငံတကာဇာတ်ခုံပေါ်မှ ပျောက်ကွယ်သွားရလေပြီ။ ဦးသန့်သည် သူနှစ်ပေါင်း (၂၀) မျှ ကျင်လည်ခဲ့သော ကုလသမဂ္ဂ စင်မြင့်ကို ကျောခိုင်းလိုက်လေပြီ။ အငြိမ်းစား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်သည် သူ့မိခင်တိုင်းပြည် မြန်မာနိုင်ငံသို့ မပြန်ရဘဲ နယူးယောက်မြို့၌ပင် နေထိုင်လေသည်။ စာရေး၊ စာဖတ်၊ တရားနာ၊ တရားထိုင်ရင်း အချိန်ကုန်လွန်စေခဲ့သည်။ ထိုအချိန်မှာပင် ကင်ဆာရောဂါဝေဒနာခံစားရပြီး ဆရာဝန်များ ခန့်မှန်းသည့်အချိန်ထက်စော၍ ကွယ်လွန်သွားရှာသည်။

သူသေလျှင် သူ၏ရုပ်အလောင်းကို မြန်မာနိုင်ငံသို့ပြန်ယူသွားပြီး သူ့ဆွေမျိုးမိတ်သင်္ဂဟများရှေ့တွင် မီးသင်္ဂြိုလ်ရန်၊ သူ့သမီးနှင့်သမက်ကို ဦးသန့်က မှာကြားသွားသည်။ မြန်မာပြည်တွင်းသို့ ရုပ်အလောင်း ယူခွင့်ရှိမရှိ၊ မြန်မာသံအမတ်ကြီး ဦးလွင်ကိုလှမ်းမေးရသည်။ ဦးလွင်သည် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တိုက်ရိုက်ဆက်သွယ်ရေးလမ်းကြောင်း ရှိထားသူဖြစ်သဖြင့် ချက်ခြင်းပင် အဖြေကိုသိရှိရသည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် ဦးသန့်ကို အသက်ရှင်လျက် မြန်မာနိုင်ငံအတွင်းသို့ ပြန်လာခွင့်မပေးလိုသော်လည်း ရုပ်အလောင်းကိုမူ ရှောရှောရှူရှူခွင့်ပြုလိုက်သည်။ ဦးသန့်၏ အရှိန်အဝါဂုဏ်သတင်းကို ဦးနေဝင်းလျှော့တွက်မိဟန်တူသည်။

ဦးသန့်၏ရုပ်အလောင်းကို စင်းလုံးငှားလေယာဉ်ဖြင့် နယူးယောက်မြို့မှ ဘန်ကောက်မြို့သို့သယ်ယူလာပြီး၊ ဘန်ကောက်လေဆိပ်တွင် မြန်မာ့လေကြောင်းပိုင် လေယာဉ်ပေါ်သို့ပြောင်းတင်ကာ၊ ရန်ကုန်မြို့သို့ သယ်ယူလာခြင်းဖြစ်သည်။ ဦးသန့်ရုပ်အလောင်း ရောက်မည့်သတင်းကို ရန်ကုန်မြို့နေလူထု ကျယ်ကျယ်ပြန့်ပြန့် မသိရှိလိုက်ကြသဖြင့်၊ ကြိုဆိုသူအနည်းငယ်မျှသာရှိသည်။ ဤအစီအစဉ်၏ ဒါရိုက်တာမှာ ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင်ပင်ဖြစ်သည်။ မဆလအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်ကောင်စီဝင်များ၊ ပါတီယူနစ်နှင့် ပါတီဗဟိုကော်မတီဝင်များပင်လျှင် ဘာမှမသိရပေ။ အိမ်ပြန်မလှသည့် သူ့ရုပ်ဘဝကို ဦးသန့်လည်းသိနိုင်တော့မည်မဟုတ်ပေ။

(၆)

ဗိုလ်ချုပ်ကြီးနေဝင်းသည် ဦးသန့်လိုပုဂ္ဂိုလ်အတွက် ဈာပနကော်မတီဖွဲ့ရန် မလိုအပ်ဟု ယူဆထားဟန်ရှိသည်။ ရန်ကုန်တိုင်းပြည်သူ့ကောင်စီကိုလည်း တိတိကျကျ မည်သည့်တာဝန်မျှမပေးထားသဖြင့် အားလုံးသည် ပွဲကြည့်ပရိတ်သတ်လိုဖြစ်နေသည်။ ဦးသန့်၏ရုပ်အလောင်းသည် ဘယ်လိုက ဘယ်လို ကျိုက္ကဆံကွင်း (ယခင်မြင်းပြိုင်ကွင်း) အတွင်းသို့ရောက်သွားသည်မသိ။ မြက်ခင်းလေးတခုတွင် လေးတိုင်စင်ထိုး၍ အခေါင်းကိုတင်ထားပုံမှာ တောရွာအသုဘအလောင်းများ လမ်းဘေးတွင်စင်ထိုး၍တင်ထားပုံနှင့် တူနေတော့သည်။ ညနေစောင်း ကျနေအောက်တွင် ကုလသမဂ္ဂအေဂျင်စီများနှင့် သံရုံးအချို့တို့မှ လာပို့သွားသော ပန်းခွေတို့မှာလည်း ညှိုးနွမ်းနေလေပြီ။

ရုပ်အလောင်းနှင့် မလှမ်းမကမ်းတွင် နှစ်ထပ်အဆောက်အဦတခုရှိသည်။ မဆလခေတ်တလျောက်လုံး ပြည်ထောင်စုနေ့၊ အလုပ်သမားနေ့ စသော နေ့ကြီးရက်ကြီးများတွင် ကျင်းပပြုလုပ်သည့်အခါ စီမံခန့်ခွဲရေးကော်မတီရုံး၊ နိုင်ငံရေးကော်မတီရုံးတို့ ဖွင့်လှစ်ရာ နေရာဖြစ်သည်။ ကျန်အချိန်များတွင် ဖုံအလိမ်းလိမ်းဖြင့် ပစ်ထားလေ့ရှိသည်။ ထိုအဆောက်အဦး၏ အောက်ထပ်တွင် တံခါးတပေါက်ပွင့်နေသဖြင့် ဦးသန့်၏သမီးနှင့်သမက်တို့သည် သံမံတလင်းပေါ်တွင် မတ်တပ်ရပ်၍ သံတမန် ၄–၅ ယောက်ဖြင့် စကားပြောနေသည်။ တံခါးဝတွင် ဦးသန့်၏ သူငယ်ချင်းမိတ်ဆွေဟု ယူဆရသော အသက်ကြီးကြီး လူ (၂၀) လောက် မတ်တတ်ရပ်၍ တွေ့ဆုံရန် စောင့်ဆိုင်းနေကြသည်။

ကျိုက္ကဆံကွင်းအတွင်းသို့ (၃) ယောက်တတွဲ၊ (၄) ယောက်တတွဲ လူများစတင်ဝင်ရောက်နေကြပါပြီ။ ရဟန်းသံဃာအချို့လည်းပါသည်။

"တောက် .... ကြည့်စမ်းပါဦးဗျာ။ ဦးသန့်လိုလူကို ခွေးသေ၊ ဝက်သေများ အောက်မေ့နေသလားမသိပါဘူး"

"ဟုတ်ပါရဲ့ဗျာ .... ဒီလိုတော့လုပ်ဖို့ မကောင်းပါဘူး။ အတော်ယုတ်မာတဲ့လူတွေ"

"ဒါ တမင်သက်သက်နှိမ်ထားတာဗျ။ ဘယ်သူ့လက်ချက်လဲသိလား။ "

"ဟာ .... ဘယ်သူရှိဦးမှာလဲ။ ဟိုလူကြီးပေါ့ဗျာ .... ဟိုလူကြီး"

ဤနေ့သည် ဦးသန့်ရုပ်အလောင်း ရောက်ခါစ ပူပူနွေးနွေး ပထမနေ့သာရှိသေးသည်။ လူကြီး၊ လူငယ်၊ လူလတ်နှင့်ရဟန်းတော်များပါ တဖွဲဖွဲရောက်ရှိလာကြသည်။

ရုံးဆင်းချိန်တွင် ရုံးသူ ရုံးသားများသည် မိမိတို့အိမ်သို့တန်းမပြန်သေးပဲ ဤနေရာသို့ ရောက်ရှိလာကြပါသည်။ "ဦးသန့်အရေးအခင်း"ကို ဤနေ့ဤအချိန်က စတင်မွေးဖွားခဲ့လေသည်။ လက်သည်တရားခံအစစ်အမှန်မှာ"ဟိုလူကြီး"သာဖြစ်ပါတော့သည်။

(၇)

တနေ့ထက်တနေ့ ကျိုက္ကဆံကွင်းကြီးသည် လူစည်ကားလာပါတော့သည်။ ဦးသန့်၏ ရုပ်အလောင်းရောက်လာသည်ဟူသောသတင်း၊ ထိုရုပ်အလောင်းကို ယခင်မြင်းပြိုင်ကွင်းဟောင်း (ကျိုက္ကဆံကွင်း) အတွင်း၌ထားရှိသည်ဟူသောသတင်းတို့မှာ တနိုင်ငံလုံးသို့ တမဟုတ်ချင်းပျံ့နှံ့သွားလေသည်။

ရုံးပိတ်ရက်များ၊ ကျောင်းပိတ်ရက်များတွင် ပို၍လူစည်ကားသည်။ အနယ်နယ်အရပ်ရပ်မှ လူထုပရိတ်သတ်များပါ ရန်ကုန်မြို့သို့ တဖွဲဖွဲရောက်ရှိလာကြသည်။ ဦးသန့်၏ရုပ်အလောင်းကို တောရွာမှ မထင်မရှားအသုဘတခုကဲ့သို့ ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရက ပစ်ပယ်ထားသည်ကို မကျေမနပ်ဖြစ်လာကြသည်။ မူလကတည်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နှင့် စစ်အစိုးရအပေါ်တွင်ရှိခဲ့သော မုန်းတီးစိတ်တို့သည် ပိုမိုကြီးထွားလာသည်။

ဦးသန့်၏သမီး ဒေါ်အေးအေးသန့်နှင့် သမက် ဒေါက်တာတင်မြင့်ဦးတို့က ဦးသန့်၏ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တိုင်ပင်၍ အသုဘကိစ္စကို စီစဉ်ကြသည်။ ဒေါက်တာတင်မြင့်ဦး၏သူငယ်ချင်း ဗိသုကာပညာရှင်တဦးက ဦးသန့်အုတ်ဂူပုံစံတခုဆွဲပေးလိုက်ရာ ရန်ကုန်မြို့တော်ကော်မီတီ (မြူနီစပယ်ရုံး) မှ၊ ကြီတောသုဿန်တွင် ခွင့်ပြုလိုက်သော မြေကွက်အရွယ်အစားနှင့် ကွာဟနေသည်။ အုတ်ဂူပြုလုပ်ရန် မြေနေရာကို နောက်ထပ် အလျား (၃) ပေ၊ အနံ (၃) ပေ ထပ်မံချပေးရန် ဦးသန့်ညီ ဦးတင်မောင်က စည်ပင်သာယာရုံး (မြူနီစပယ်ရုံး) သို့ လျှောက်ထားလိုက်သည်။

ဦးသန့်၏မိသားစုမှာ လွန်စွာမှ အခက်တွေ့နေရသည်။ လိုအပ်မှုများကို မည်သူ့ထံမှ အကူအညီတောင်းရမည်ကို မသိဘဲဖြစ်နေကြသည်။ ဤကိစ္စသည် ဗိုလ်ချုပ်ကြီးနေဝင်းက ကိုယ်တိုင်ဇာတ်ညွှန်းရေး၍ သူကိုယ်တိုင်ပင် ဒါရိုက်တာလုပ်နေသော ဇာတ်ထုပ်ဖြစ်နေသဖြင့် အားလုံးကလက်ရှောင်နေကြသည်။ ရန်ကုန်တိုင်းပြည်သူ့ကောင်စီကလည်း မထိရဲ၊ မတို့ရဲ။ ဝန်ကြီးအဖွဲ့ကလည်း ဘေးဖယ်နေသည်။ နိုင်ငံတော်ကောင်စီကမူ "နေသာသလိုနေ၊ ကိုယ့်လူရေ"ဇာတ်ကို ခင်းနေတော့သည်။

ပြည်သူ့စွမ်းအားကို အားမကိုးဘဲ၊ လက်နက်စွမ်းအားကိုသာ အားကိုးအားထားပြုသော၊ ဗိုလ်ချုပ်ကြီးနေဝင်းတယောက် ဒုက္ခလှလှကြီး တွေ့တော့ပေသည်။ လူထုလက်ချက်ဖြင့် အထိနာပေတော့မည်။ သူအားကိုးသောစစ်ထောက်လှမ်းရေးတွေ ဘယ်ရောက်ကုန်ပြီနည်း။ ဘာတတ်နိုင်ကြသနည်း။

နိုင်ငံရေးလုပ်သူများသည်
လူထုဆန္ဒကို
လေ့လာအကဲခတ်မှုရှိရသည်။
နားလည်
သဘောပေါက်ရသည်။
အာဏာရှိလျှင်
လက်နက်ရှိလျှင်
ဘာမဆိုလုပ်လို့ရသည်။
လူထုအပေါ်အနိုင်ကျင့်လို့
ရသည်ဟူသော
သဘောထားခံယူချက်မှာ
မှားယွင်းကြောင်း၊
ဤအဖြစ်အပျက်က
သက်သေထူလိုက်သည်။
လူထုဆန္ဒကို
လိုက်လျောမှုမရှိဘဲ၊
ပိတ်ပင်တားမြစ်လျှင်
လူထုက
သူ့ဖာသာသူ ဦးဆောင်မှု
ရသွားတတ်သည်ကို
ဤအဖြစ်အပျက်က
လက်တွေ့ပြနေပေသည်။

❑ ၁၉၇၄ ခု၊ ဒီဇင်ဘာ ၅ ရက်နေ့

အသုဘချသောနေ့သို့ရောက်ပါပြီ။ မြန်မာ့သားကောင်း ဦးသန့်အဖြစ်၊ ကျောင်းသုံးစာအုပ်ထဲတွင် သင်ကြားထားဖူးသော ကျောင်းသားများက သူတို့ကြည်ညိုလေးစားသော ဘဘကြီးဦးသန့်၏ ရုပ်အလောင်းကို သူတို့ကိုယ်တိုင် ပုခုံးထက်ထမ်း၍ ကြီတောသုဿန်သို့ ပို့ဆောင်ချင်ကြသည်မှာ သဘာဝကျလှပေသည်။ ရဟန်းလူငယ်များကလည်း တတပ်တအား ပါဝင်လိုကြသေးသည်။ ကျောင်းသားလူငယ်နှင့် ရဟန်းငယ်များကို အမာခံထား၍ မိဘပြည်သူလူထုကြီးက ဝိုင်းရံပေးလိုက်သောအခါ ဦးသန့်၏ဈာပနအခမ်းအနားသည် ကြောက်ခမန်းလိလိ စည်းကားသိုက်မြိုက်သွားတော့သည်။ မဆလပါတီက ဦးစီးကျင်းပသော၊ နေ့ကြီးရက်ကြီး၊ လူထုစည်းဝေးပွဲ၊ လူထုချီတက်ပွဲတို့ထက် စိတ်ဓာတ်တက်ကြွမှုအပိုင်းတွင် များစွာကွာခြားသွားသည်။ ဝတ်ကျေတန်းကျေ သဘောမျိုး မဟုတ်ဘဲ၊ စိတ်ပါလက်ပါ လှိုက်လှိုက်လှဲလှဲ လှည့်လည်ချီတက်မှုမျိုးဖြစ်သည်။ စိတ်ဓာတ်တက်ကြွမှုတို့သည် အထွဋ်အထိပ်သို့ရောက်နေသည်။

ဟံသာဝတီအဝိုင်းသို့ရောက်ပါပြီ။

ကြီတောသုဿန်နှင့်ဆိုလျှင် လှမ်းခေါ်လျှင်ကြားနိုင်လောက်သည့် အကွာအဝေးဖြစ်သည်။ ထိုလူအုပ်ထဲတွင် ပါတီယူနစ်များက ထည့်လွှတ်လိုက်သော ပါတီအမာခံများလည်း ပါပါ၏။ စစ်ထောက်လှမ်းရေးများလည်း ရောနှော၍ လိုက်ပါလာပါ၏။ သို့ရာတွင် ပိရိသော ကျောင်းသားလူငယ်တို့၏ အကြံအစည်ကို မည်သူမျှမရိပ်မိကြပေ။

"ဟေး .... တက္ကသိုလ်ကိုသွားကြမယ်ဟေ့ ...."

"သွားမယ် .... သွားမယ်"

ဟံသာဝတီအဝိုင်းတွင် ဘယ်ဘက်သို့ ချိုးကွေ့ရမည့်အစား ညာဘက်သို့ကွေ့၍ တက္ကသိုလ်ဆီသို့ ဦးသန့်၏ရုပ်အလောင်းကို သယ်သွားကြတော့သည်။ မည်သူကမျှ "မသွားဘူး" ဟူ၍ ကန့်ကွက်သူမရှိ။ လူထုပရိတ်သတ်ကြီးကပါ သဘောတူအတည်ပြုပေးသည်။ ကျောင်းသားလူငယ်များ၏ ပခုံးထက်တွင် ထမ်းထားသောအခေါင်းကို မည်သူလုယူရဲမည်နည်း။ စစ်ထောက်လှမ်းရေးများ အငိုက်မိသွားသဖြင့် ဘာလုပ်ရမှန်းမသိ။ ပါတီအမာခံများလည်း ရောယောင်နောက်လိုက်ရုံမှတပါး၊ အခြားဘာလုပ်နိုင်ဦးမှာလဲ။ လူထုပရိတ်သတ်ကြီးတို့၏ ခြေလှမ်းတို့သည် ပို၍လျှင်မြန်တက်ကြွလာသည်။ သန်မာလာသည်။ သစ္စာတရားတို့ထွန်းကာရာ သမိုင်းမှတ်တိုင်စိုက်ထူရာ ရန်ကုန်တက္ကသိုလ်နယ်မြေသို့ ရောက်ရတော့မည်မဟုတ်လား။

လွတ်လပ်ရေးဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးသူရဲကောင်းများကို မွေးထုတ်လေ့ကျင့်ပေးရာ အစစ်အမှန်နေရာဖြစ်သော၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ (တကသ) မြေနေရာကွက်လပ်သို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ရုပ်အလောင်း စတင်ရောက်ရှိပါပြီ။ ဤနေရာ ဤဌာနသည် ဦးသန့်၏မိတ်ဆွေရောင်းရင်းကြီး ဦးနုရုံးစိုက်ခဲ့သောနေရာပင်တည်း။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို လေ့ကျင့်သင်ကြားပေးရာ သင်တန်းကျောင်း၏ မြေနေရာပင်တည်း။ ထိုမှတဖန် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆီသို့ ....။

ရန်ကုန်တက္ကသိုလ်နယ်မြေသို့ ဦးသန့်၏ရုပ်အလောင်းရောက်ရှိသည့်အချိန်မှစ၍ တက္ကသိုလ်နယ်မြေတခုလုံးကို ကျောင်းသားလူငယ်များက သိမ်းပိုက်လိုက်သည်။ တက္ကသိုလ်ပရဝုဏ်၏ ဝင်ထွက်ရာ တံခါးပေါက်အားလုံးတွင် အစောင့်များချထားပြီး၊ လူဝင်လူထွက်ကို သေချာကျနစွာ စစ်ဆေးကြပ်မတ်သည်။ မသင်္ကာသူများကို ခေါ်ယူစစ်ဆေးမေးမြန်းသည်။ ကျောင်းသားလူငယ်ထုက အင်အားကြီးမားလွန်းလှသဖြင့် မသမာသူများ အနားသို့ပင် မကပ်ရဲကြပေ။

"ဦးသန့်ရုပ်အလောင်းကို ကျောင်းသားတွေ တက္ကသိုလ်ဝင်းအတွင်းသို့ယူသွားပြီ" ဟူသောသတင်းသည် တမဟုတ်ချင်း ရန်ကုန်တမြို့လုံးသို့ ပျံ့နှံ့သွားတော့သည်။ ယခုခေတ်လောက် ဆက်သွယ်ရေး မလွယ်ကူသေးသော်လည်း ညပိုင်းတွင် တနိုင်ငံလုံး သိရှိသွားကြသည်။ ပြည်သူလူထုက လက်ခုပ်သြဘာပေး၍ ဝမ်းသာပျော်မြူးကြသည်။ မဆလပါတီဌာနချုပ်နှင့် အစိုးရတဖွဲ့လုံး တုန်လှုပ်ခြောက်ခြားသွားကြသည်။ ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင် မျက်လုံးပြူး၊ မျက်ဆံပြူးဖြစ်သွားသည်။ ပြဿနာတော့တက်ပြီ။ ဘာလုပ်ကြမည်နည်း။

နိုင်ငံရေးလုပ်သူများသည် လူထုဆန္ဒကို လေ့လာအကဲခတ်မှုရှိရသည်။ နားလည်သဘောပေါက်ရသည်။ အာဏာရှိလျှင် လက်နက်ရှိလျှင် ဘာမဆိုလုပ်လို့ရသည်။ လူထုအပေါ်အနိုင်ကျင့်လို့ရသည်ဟူသော သဘောထားခံယူချက်မှာ မှားယွင်းကြောင်း၊ ဤအဖြစ်အပျက်က သက်သေထူလိုက်သည်။ လူထုဆန္ဒကို လိုက်လျောမှုမရှိပဲ၊ ပိတ်ပင်တားမြစ်လျှင် လူထုက သူ့ဖာသာသူ ဦးဆောင်မှုရသွားတတ်သည်ကို ဤအဖြစ်အပျက်က လက်တွေ့ပြနေပေသည်။

ကျောင်းသားလူငယ်များလုပ်ပုံကိုင်ပုံမှာ အတုယူစရာပင်ကောင်းနေတော့သည်။ အသေခံတပ်ဖွဲ့ဖွဲ့စည်း၍ ဦးသန့်၏ရုပ်အလောင်းကို အလှည့်ကျကာကွယ်စောင့်ရှောက်ချထားသည်။ လာလုလျှင် အသက်အသေခံ၍ ခုခံကာကွယ်ကြမည်ဖြစ်သည်။ အခြားအဖွဲ့ငယ်တဖွဲ့က ကမာရွတ်နယ်မြေအတွင်းရှိ ဒေါ့ဂျစ်ကားများနှင့် အသံချဲ့စက်များကို မေတ္တာရပ်ခံ၍ ခေတ္တခဏသိမ်းယူကြသည်။ ပိုင်ရှင်များကိုယ်တိုင်ကလည်း စိတ်ပါလက်ပါ ကူညီလိုကြသည်မို့ အခက်အခဲမရှိ လွယ်ကူစွာပင် ရရှိသည်။ ထိုကားများပေါ်တွင် ခွပ်ဒေါင်းအလံလွှင့်ထူ၍ ရပ်ကွက်ထဲတွင် အလှူငွေကောက်ခံခြင်း၊ ထမင်းထုပ်များကောက်ခံခြင်းတို့ကို ပြုလုပ်ကြသည်။ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ညစဉ်ညတိုင်း တရားပွဲများကျင်းပပေးရာ လူထုပရိတ်သတ် ထောင်းသောင်းမကတို့သည် ည (၁၂) နာရီအထိ လာရောက်၍ တရားနာကြသည်။ လိုင်းကား (ဘတ်စ်) များမရှိတော့သည့် အချိန်မို့ တရားပွဲပြီးလျှင် မြို့တွင်းသို့ ခြေလျှင်ပြန်ကြသည်။ ရွှေတိဂုံဘုရား၏ တပေါင်းပွဲတော်ထက် သုံးဆမျှပင် လူစည်ကားရာနေရာဖြစ်နေတော့သည်။ကျောင်းသားခေါင်းဆောင်များ၊ ရဟန်းလူငယ်များနှင့် အရပ်သားအချို့တို့ တရားတက်ဟောကြသည်။

❑ နောက်လဆက်လက်ဖော်ပြပါမည်။

# ဗိုလ်ချုပ်ကြီးများရဲ့အလောင်းတွေ ဘယ်မှာနေရာယူကြမလဲ

ဒါပေါ့ဗျာ …
လယ်ပြင်မှာ တရုတ်နဂါးလှည့်သလို
ထင်ရှားလှသဗျာ။
ဒါပေမယ့် ဦးခြိသူကြီးရေ့ …
ကိုယ့်စေတနာ
ကိုယ့်အကျိုးပေးဆိုတဲ့စကားအတိုင်း
ဖြစ်လာခဲ့တယ်။
အိုကြီးအိုမဘဝမှာ အကျယ်ချုပ်ခံ
အကျဉ်းသားဖြစ်ခဲ့ရ၊ ဒီကနေ့သေ ဒီကနေ့
သင်္ချိုင်းပဲဗျို့။ မိသားစု မစို့မပို့ကလေးနဲ့
ခပ်ကုပ်ကုပ် ဖြစ်ကတတ်ဆန်း မီးရှို့ပြာ
ချခဲ့ရ။

**ဦးခြိသူကြီး**
**(ပုန်းခိုရာခြံ၊ ပြည်တွင်း)**

ဇဝ်မေသုတ္တံ
ကျွန်ုပ် ဤသို့ကြားလိုက်ရသည်။

ဂျလောက် …. ဂျလက် …. ကျွီ …. ကျွီ …. ကျွီ ….။

ပုန်းခိုရာခြံတံခါးကို တွန်းဖွင့်လိုက်သော အသံပါခင်ဗျား ….။ ထိုထို အသံလာရာ ခြံတံခါးဆီ ဖျတ်ခနဲလှမ်းကြည့်လိုက်တော့ လား ….လား …. စိုက်စိုက်ဝင်လာသူမှာ ဦးစစ်ပြန်ကြီးဖြစ်နေပါပေါ့လား။ ကျနော် ထိုင်နေသောဧည့်ခန်းထဲ ဘာမပြောညာမ ပြော ဝင်ချလာသည်။

ဂျလစ် …. ဂျလစ် ….

ထိုင်ခုံတခုကို ဦးစစ်ပြန်ကြီးက တအား ဆွဲလိုက်သဖြင့် ထွက်ပေါ်လာသောအသံပါ။ ထိုထိုင်ခုံတွင် ဦးစစ်ပြန်ကြီးက ခပ်ကြမ်းကြမ်း ထိုင်ချလိုက်သည်တွင် ကျနော်က ခပ်ဆတ်ဆတ်ကလေး 'ငေါ့'လိုက်၏။

ဘယ့်နှယ် …. ဦးစစ်ပြန်ကြီး …. ခွင့်မတောင်း ဘာမတောင်း။ ပိုင်စိုးပိုင်နင်း ခြံတံခါးကိုလည်း အတင်းဖွင့်။

ဧည့်ခန်းထဲလည်း အတင်းဝင်။ ထိုင်ခုံကိုလည်း အတင်းဆွဲထိုင်။ အတင်းအဓွမချည့်ပဲ။ Gentleman ပီသပါပေ့။

"ဟုတ်ပါ့ဗျာ။ ဦးခြိသူကြီးတွယ်လည်း တွယ်စရာပါပဲ။ ကျုပ်က သေနတ်ကိုင်ခဲ့တဲ့ စစ်သား၊ လုံ့စွပ်ကိုင်ခဲ့တဲ့ စစ်သား။ ဒီတော့ လက်နက်အားကိုးနဲ့ ကိုယ်ထင်ရာကိုယ်စိုင်းတဲ့အကျင့်ဆိုးက ပါနေတော့တာကလား။ သတိတချက်လွတ်လိုက်တာနဲ့ မှားတော့တာပဲဗျို့။ အေးဗျာ …. ကလောင်သမားနဲ့ လက်နက်သမား အံမဝင် အံတင်သွားပြီကိုး။

ဆောရီးဗျာ …. ဆောရီး …. ဆောရီး။ အင်း …. လူ့လောကအလယ်မှာ လူထုနဲ့အံဝင်အောင် ကျုပ်တို့စစ်သားတွေ သတိတရားလက်ကိုင်ထားပြီး ကြိုးစားရမှာပဲဗျာ။"

ဦးစစ်ပြန်ကြီးက သူ့ကိုယ်သူသုံးသပ်ပြီး ဝန်ခံပြီးတော့ စကားကိုကောက်ကာင်ကာ ဆက်လိုက်ပြန်သည်။

"ဒီလိုဗျ ဦးခြိသူကြီးရဲ့၊ အတိတ်ကအကြောင်းတွေကို စီကာစဉ်ကာ သတိပြန်ရ၊ တွေးစရာတွေက အစီအရီပေါ်လာ၊ အင်း …. ရင်ထဲတအုံနွေးနွေးဖြစ်နေတဲ့ ပြောချင်တာတွေက အများကြီး။ စစ်ဗိုလ်ချုပ်တွေအတွက် သင်ခန်းစာယူစရာ သံဝေဂတွေပေါ့ဗျာ။ ဒါတွေကို ရင်ဖွင့်ချင်လို့လာခဲ့တာ။"

"ကိုင်း …. ကိုင်း …. ဦးစစ်ပြန်ကြီးရေ …. လိုရင်းမပြောခင် ကျနော်တို့ ပြန်တည့်နေလိုက်တာ အချိန်အတော်စားသွားပြီ။ ဒီတော့ ဦးစစ်ပြန်ကြီးလည်း ရင်ပေါ့သွား။ ကျနော်လည်း ဗဟုသုတရ။ နှစ်ဦးနှစ်ဖက်အကျိုးရှိတာပဲ။ အရေမရ၊ အဖတ်မရ သမ္မပ္ပလာပဝါစာမှမဟုတ်တာ။ ပြောကောင်းပါတယ်။ ပြောသာပြောပါဗျား …."

ဤတွင် ဦးစစ်ပြန်ကြီးက သူပြောချင်ရာတွေကို ဒလဟောသွန်ချပါလေတော့သည်။

"ဒီလိုဗျ ဦးခြိသူကြီးရဲ့။ (ဘယ်ခုနှစ်ဆိုတာ ဖထီးကိုမေးကြည့်ပါ။) (၇) လက ဖြစ်ရပ်ပါ။ ကရင်အမျိုးသားခေါင်းဆောင်ကြီး ဦးစောဘဦးကြီးလေဗျာ။ အစိုးရစစ်တပ်နဲ့က တိုက်ပွဲဆင်ရင်းကျဆုံးသွားခဲ့တယ်။ အလောင်းကို သံလွင်မြစ်ဝပင်လယ်ထဲမှာ မြှုပ်ပစ်လိုက်သတဲ့။ ဘယ်သူမြှုပ်ပစ်တယ် ထင်သလဲ"

"ကျနော်မသိပါလားဗျာ။ စစ်တပ်ရဲ့ လုပ်ရပ်ကို စစ်သားကပိုသိတာပေါ့။ ဒါကြောင့် ဦးစစ်ပြန်ကြီးကပဲ 'လင်း'ပေးပါဗျာ"

"အင်း ….ကျုပ်ကလည်း ဒါတွေကို ပြောချင်နေတာ။ (၇) ရက်နန်းစံ ဖောင်းကားစားမောင်မောင်ဆိုတဲ့ အာဏာရူး ဘုရင်တပါး ကုန်းဘောင်မင်းဆက်မှာ ပေါ်ခဲ့ဖူးတယ်မဟုတ်လား။ ခပ်ဆင်ဆင်ပဲဗျို့ ….။ ဂဂ တုန်းက (၁၁) ရက်နန်းစံ ဗိုလ်စိန်လွင်ဆိုတဲ့ စစ်အာဏာရှင်ကြီး ပေါ်ခဲ့ဘူးတယ်လေ။ ဟိုးတုန်းက ဦးစောဘဦးကြီးရဲ့အလောင်းကို ပင်လယ်ဝမှာမြှုပ်ပစ်ခဲ့တာ အဲဒီ natorious ဗိုလ်စိန်လွင်ပဲ …."

"ဗျာ …."

"ဗိုလ်စိန်လွင်က ဘုန်းကြီးလူထွက်။ ဓာတ်သမား၊ ယတြာသမား။ ဒါကြောင့် ပင်လယ်ဝမှာ အလောင်းကိုမြှုပ်ပစ်ခဲ့တုန်းက ဟောဒီလို ယုတ်ယုတ်မာမာ အမိန့်ပြန်တမ်းဖတ်ခဲ့သတဲ့။

…. ပင်လယ်ဘက်ကဝင်လာတဲ့ ဒို့ရန်သူမှန်သမျှကို သဲကြီးမဲကြီး တွန်းလှန်တိုက်ခိုက်စေ …."

"ဟိုက် …."

"ဦးခြိသူကြီးရဲ့။ သခင်သန်းထွန်းကျဆုံးတော့လည်း အလားတူပါပဲ"

"ဟင် …."

"ဒီလိုဗျ ဦးခြိသူကြီးရဲ့ ….။ သခင်သန်းထွန်းရဲ့အရိုးစုကိုလည်း ရန်ကုန်မြစ်ဝပင်လယ်ထဲမှာပစ်ချခဲ့တယ်။ ရေတပ်စစ်သင်္ဘောနဲ့သွားပြီးပစ်ချတာ။ အဲဒီတုန်းက ဘာကြောင့်ရယ်မသိဘူး။ အရိုးစုတွေကို ပစ်ချခါနီးတော့ တမဟုတ်ချည်းပဲ မုန်တိုင်းက ဒလကြမ်းထန်လိုက်တာတဲ့"

"အိုး …."

"အဲဒီတုန်းကလည်း မဟုတ်မှလွဲရော။ ဦးစောဘဦးကြီးတုန်းကလို အမိန့်ပြန်တမ်းဖတ်ဦးမှာပါပဲဗျာ။ ဦးခြိသူကြီးမှတ်မိသေးလား။ (ဂဂ) တုန်းက ဦးနုစာထုတ်ခဲ့တာ။

*ငါသေရင် ဂုံနီအိတ်ထဲ ငါ့အလောင်းကိုထည့်။ အုတ်ခဲတွေလည်းတပါတည်းထည့်။ ပြီးတော့ ပင်လယ်ဝမှာပစ်ချတဲ့ ….။*

ဦးစောဘဦးကြီးရဲ့အလောင်း။ သခင်သန်းထွန်းရဲ့အလောင်း။ ဒါတွေကိုရည်ရွယ်ပြီး ဦးနုကအစဖော်ခဲ့တာဖြစ်မှာပေါ့။ နှုတ်တရာ စာတလုံးကိုးဗျ"

"အင်း ….ဖြစ်နိုင်တယ်။ ဖြစ်နိုင်တယ် ဦးစစ်ပြန်ကြီးရေ"

"ဒီမှာ ဦးခြိသူကြီးရဲ့ 7 July မှာ ကျဆုံးသွားရှာတဲ့ ကျောင်းသားအလောင်းတွေကိုလည်း အစအနဖျောက်ပစ်ခဲ့တယ်။ ဖျောက်ပစ်ခါနီးမှာ ဓာတ်ပုံရိုက်ဖို့ တလောင်းပြီးတလောင်း တန်းစီချခဲ့ရသူက ဦးစစ်ချမ်း။ စီအိုင်ဒီကရဲ။ အဲဒီဦးစစ်ချမ်းဟာ မဆလပါတီကောင်စီခေတ်တုန်းက အခြေခံနိုင်ငံရေးသင်တန်းတက်ခဲ့ရတယ်။ မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးတက္ကသိုလ်မှာပါ။ သင်တန်းသား/ကျောင်းသားပြန်ဖြစ်တော့ ငယ်မူပြန်ပြီး Class mate အချင်းချင်း တိုးတိုးဖောက်သည်ချခဲ့တယ်ဗျ။ သူက 7 July အလောင်းတွေကို ဘယ်ပုံဘယ်နည်း တန်းစီပေးခဲ့ရတဲ့အကြောင်း။ ဒီတိုးတိုးမျိုးက အကူးစက်သိပ်မြန်တာ။ ဒီမှာ သင်တန်းသားတွေက ဦးစစ်ချမ်းကို သင်တန်းသားချင်း ချစ်စနိုးသောအားဖြင့် ညီညီညာညာ နာမည်ပြောင်းပစ်ပါလေရော။ 'အလောင်းစီသူ'တဲ့ဗျား။ သင်တန်းဆင်းသွားကြတဲ့အထိ 'အလောင်းစီသူ' လို့ပဲ နာမည်တွင်သွားတော့တယ်။"

"ဟ …. ဦးစစ်ပြန်ကြီးက လုပ်ချလိုက်ပြီ။ အတည်ပေါက်နဲ့ပြောနေလိုက်တာ။ မဟုတ်မဟတ်လား …. လုပ်ဇာတ်လား"

"ဦးခြိသူကြီးရယ် စကားကို တာဝန်မဲ့ပစ်စလက်ခတ် မပြောရဲပါဘူးဗျာ။ မဟုတ်မဟတ် လုပ်ကြံပြောရင် ကိုယ့်တန်ဖိုးကို ကိုယ်ကိုယ်တိုင်ကချပစ်သလို ဖြစ်တော့မပေါ့။ ဒီအကြောင်း ဆရာကြီးဒေါက်တာဆလိုင်းထွန်းသန်းကို မေးကြည့်ပါတော့။ ဆရာကြီးဆလိုင်း ကောင်းကောင်းသိပါတယ်"

"ဟာ …. ဆရာကြီးဆလိုင်းနဲ့က ဘာဆိုင်လို့တုန်း ဦးစစ်ပြန်ကြီးရဲ့"

"ဒီလိုဗျို့ …. ဗဟိုနိုင်ငံရေးတက္ကသိုလ် အခြေခံနိုင်ငံရေးသင်တန်းမှာ ဆရာကြီးဆလိုင်းက ဦးစစ်ချမ်းနဲ့သင်တန်းတပတ်တည်းဗျ။ အဲဒီသင်တန်းမှာ ကျောင်းသားခေါင်းဆောင်က စိုက်ပျိုးရေးတက္ကသိုလ်က ဆရာကြီးဆလိုင်းထွန်းသန်း၊ ဒုကျောင်းသားခေါင်းဆောင်က တိရိစ္ဆာန်ဆေးကုသရေးနှင့် မွေးမြူရေးတက္ကသိုလ်ကဆရာကြီး ဦးသောင်းရွှေ၊ ဆရာကြီးဦးသောင်းရွှေဆိုတာ သတင်းစာဆရာကြီး အဲန်အယ်လ်ဒီဦးဝင်းတင်နဲ့ တရပ်တည်းသားချင်း။ ညီအကိုလိုနေခဲ့တဲ့သူ။ ဦးစစ်ချမ်းကွယ်လွန်သွားပေမယ့် ဆရာကြီးဆလိုင်းက အခုအမေရိကားမှာ။ ဆရာကြီး ဦးသောင်းရွှေက အခုရန်ကုန်မှာ၊ မယုံရင် မေးကြည့်ဗျာ။ ဆရာကြီးနှစ်ယောက်လုံး သက်ရှိထင်ရှားတွေပါ။"

"အင်း …. ဦးစစ်ပြန်ကြီးရေ။ 'ကြားရ…. ကြားရ …. နားဝမသက်သာ'ပါကလားဗျာ"

"သမိုင်းဆိုတာ ညာလို့မရဘူးကိုးဗျ။ အချိန်တန်ရင် အရိုးကတွန်သတဲ့။ ဦးသန့်အလောင်းကို မလိုတမာ ချောင်ထိုးဖို့လုပ်ခဲ့တယ်။ အလုပ်သမားအရေးအခင်း၊ (ဂဂ) အရေးတော်ပုံ အလောင်းတွေပျောက်ခဲ့တာချည့်ပဲ။ ဒီပဲယင်းလုပ်ကြံမှုမှာလည်း အလောင်းတွေဖျောက်ခဲ့တာပဲ။ ဒီပဲယင်းအလောင်းတွေကို မုံရွာသင်္ချိုင်းမှာ ညဘက်ညဘက် မီးရှို့ဖျောက်ဖျက်ပစ်တာ မုံရွာသားတွေအသိပါဗျာ။ မေးသာကြည့် …. မေးသာကြည့်။ ဒီမှာဗျ …. ဦးခြိသူကြီးရဲ့။ 'ကာလဝိပါက်နောက်ပိုးတက်'တဲ့၊ ဝဋ်ဆိုတာ ဒီဘဝမှာတင် လည်တတ်သတဲ့"

"ဒီဘဝမှာ ဘယ်သူတွေ ဘယ်လိုများဝဋ်လည်ကြတယ်ဆိုတာဆိုပါအုံး ဦးစစ်ပြန်ကြီးရဲ့"

"ဗိုလ်နေဝင်းက စပြီးပြောမယ်။ ဗိုလ်နေဝင်းဟာ သူသေရင် 'ဒိပ်'ဆိုတဲ့နေရာမှာ ခန့်ခန့်ထည်ထည်နေရာယူဖို့ ရှေ့ပြေးအလုပ်ကို ငွေစက္ကူနဲ့စခဲ့တယ်။ ကြံကြံဖန်ဖန်ဗျာ၊ (၄၅) ကျပ်တန်။ (၉၀) ကျပ်တန်ဆိုပြီး ကိုးလို့ ကန့်လန့်ဂဏာန်းနဲ့ ငွေစက္ကူထုတ်၊ အဲဒီငွေစက္ကူပေါ်မှာ ဆရာစံပုံနဲ့သခင်ဖိုးလှကြီးပုံကို ဖော်ပြ။ ဒီလိုလုပ်တာဟာ နံပါတ်တစ်ငွေစက္ကူပေါ်က အစဉ်အလာ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံကို 'ပ' ထုတ်လိုက်တာ။ နံပါတ်နှစ် (၄၅) ကျပ်တန်။ (၉၀) ကျပ်တန်ထက် တန်ဘိုးမြင့်တဲ့ငွေစက္ကူပေါ်မှာ အချိန်တန်ရင် သူ့ဓာတ်ပုံကို အလွယ်တကူ သာသာလေးတင်ဖို့ ဆင်ကြံကြံပြီး မသိမသာလမ်းခင်းခဲ့တာ။ ဒါကိုကြည့်ရင် ….

ဦးစစ်ပြန်ကြီးရဲ့စကားကို ကျနော်က ကြားဖြတ်ပြီး လူတတ်ဝင်လုပ်လိုက်ပါသည်။

"ဦးစစ်ပြန်ကြီးရေ့ ….။ ဒါကို ကြည့်ရင် ဗိုလ်နေဝင်းဟာ သူ့ဓာတ်ပုံကို ငွေစက္ကူပေါ်မှာ ပထမအဆင့်နေရာယူမယ်။ နောက်တဆင့်တက်ပြီး သူသေရင် သူ့အလောင်းကို အခန့်ထည်ဆုံးဗိမာန်ကြီးမှာ မြိန်ရည်ယှက်ရည်နေရာယူမယ်။ ဒီအတွက် ကြိုတင်ကြံစည်ခဲ့တယ်ဆိုတာ ထင်ရှားနေတာပေါ့"

"ဒါပေါ့ဗျာ ….။ လယ်ပြင်မှာ တရုတ်နဂါးလှည့်သလို ထင်ရှားလှသဗျာ။ ဒါပေမယ့် ဦးခြိသူကြီးရေ့ …. ကိုယ့်စေတနာ ကိုယ့်အကျိုးပေးဆိုတဲ့စကားအတိုင်း ဖြစ်လာခဲ့တယ်။ အိုကြီးအိုမဘဝမှာ အကျယ်ချုပ်ခံ အကျဉ်းသားဖြစ်ခဲ့ရ၊ ဒီကနေ့သေ ဒီကနေ့ သင်္ချိုင်းပဲဗျို့။ မိသားစု မစို့မပို့ကလေးနဲ့ ခပ်ကုပ်ကုပ် ဖြစ်ကတတ်ဆန်း မီးရှို့ပြာချခဲ့ရ။ 'ဗိုလ်နေဝင်း' ဘဝကနေ 'ဗိုလ်နေဝင်'ဘဝရောက်သွား။ 'ရှုမောင်'ဆိုတဲ့ ပညတ်သွားရာဓာတ်မပါဘဲ အသုဘအ 'ရှု' ခံခွင့်ကလေးတောင် နောက်ဆုံးအခွင့်အရေး ရမသွား။ ကိုယ်တိုင်မမြင်ရလို့ အတတ်တော့ မပြောနိုင်ဘူးဗျာ။ ဗိုလ်နေဝင်းအရပ်က ခပ်ရှည်ရှည်။ သူနဲ့တော်တဲ့အခေါင်းက အသင့်မရှိလို့ ရရာခေါင်းထဲမှာ ဒူးနှစ်ဖက်ကို ခပ်ထောင်ထောင်ကွေးပြီးထည့်ခဲ့ရဆိုပဲ။ ဒရောသောပါးလုပ်ပစ်ကြလို့ ဗိုလ်သန်းရွှေရဲ့ ပါးကွက်သားတွေနဲ့စန္ဒာဝင်း ကတောက်ကဆ ဖြစ်ခဲ့ကြသတဲ့။"

ဖြစ်ပုံများ …. ဖြစ်ပုံများ …."

"ဦးစစ်ပြန်ကြီးရေ့ …. ဗိုလ်နေဝင်းရဲ့ တပည့်သာဝကကြီး (၁၁) ရက်နန်းစံ ဗိုလ်စိန်လွင်ကျတော့ကော"

"အင်း ….ဗိုလ်စိန်လွင်ကကော ဘာသားနဲ့ထုထားလို့လဲဗျာ။ သူ့အဖေ ဗိုလ်နေဝင်းရဲ့အလောင်းကို အသုဘရှုဖို့ ကတိုက်ကရိုက်ကြီး ရေဝေးသုဿန်ကို ကြွမြန်းချီတက်လာခဲ့သတဲ့။ ဘာရမလဲဗျာ။ သင်္ချိုင်းဝလည်းရောက်ရော (၃) ရစ်ဆာဂျင်က ဆီးပြီးတားပါလေရော။ 'ငါ ဗိုလ်ချုပ်စိန်လွင်ပါကွ'လို့ ပြန်ပြောတော့။ (၃) ရစ်က ပြန်ဟောက်သတဲ့။ 'မရဘူး။ ခုချက်ချင်းထွက်သွား'တဲ့။ ဗိုလ်စိန်လွင်လည်း မတတ်သာလို့ ခပ်ခွာခွာ တပ်ခေါက်ပြန်ခဲ့ရသတဲ့။ ဖြစ်ပုံများ …. ဖြစ်ပုံများ …."

■ စာမျက်နှာ (၁၈) ကော်လံ (၃) သို့ …

# ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်ကို ဆွေမျိုး၊ မိတ်ဆွေများနှင့်တွေ့ခွင့်ပြု



လက်ရှိ မြန်မာစစ်အစိုးရက မြန်မာနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်းတဦးလည်းဖြစ်၊ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်ဟောင်းလည်းဖြစ်ခဲ့သူ အကျယ်ချုပ်စံ ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့်နှင့် သူ့ဆွေမျိုးသားချင်း၊ မိတ်ဆွေ အပေါင်းအသင်းများကို ဩဂုတ်လဆန်းပိုင်းစတွေ့ဆုံပေးခဲ့သည့်အပေါ် နိုင်ငံရေးလေ့လာသူများကြားတွင် ခန့်မှန်းပြောဆိုမှုများ ထွက်ပေါ်နေသည်။

ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့်အပေါ်မှာ ၎င်းလုပ်ဖော်ကိုင်ဘက်ဟောင်း၊ လက်ရှိစစ်အစိုးရခေါင်းဆောင်ပိုင်းက ဆက်ဆံရေးပျော့ပျောင်းလာခြင်းသည် နိုင်ငံတကာဖိအားဒဏ်ကို အပြင်းအထန်ခံနေရချိန်တွင် ဝန်ကြီးချုပ်ဟောင်းထံမှ အကြံဉာဏ်ရယူရန် လိုက်လျောမှုမျိုးဖြစ်နိုင်သည်ဟု ချင်းမိုင်အခြေစိုက် အရပ်ဘက်နှင့် စစ်ဘက်ဆက်ဆံရေးကို အထူးပြုလေ့လာနေသူ ကိုဝင်းမင်းကသုံးသပ်သည်။

"အထူးသဖြင့် တရုတ်နိုင်ငံလိုမျိုး အရင်က ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ တော်တော်လေးပြေလည်ခဲ့တဲ့နိုင်ငံမျိုးကအစ၊ ဖိအားပေးလာတယ်။ အဲဒီအပေါ်မှာ ဗိုလ်ချုပ်ကြီးခင်ညွန့်အနေနဲ့ ဘာတွေများအကြံပေးနိုင်မလဲ၊ ဒါမှမဟုတ်လို့ရှိရင်လည်း ဗိုလ်ချုပ်ကြီးခင်ညွန့်သိထားခဲ့တဲ့၊ လက်ရှိစစ်အစိုးရမသိတဲ့ ဒီအရင်ဆက်ဆံရေးမှာ လျှို့ဝှက်ချက်တွေ ဘာတွေရှိထားခဲ့လဲ၊ အဲဒီလို အနေအထားမျိုးတွေကို အကြံဉာဏ်ရလိုချင်တဲ့အတွက်လည်း အခုလိုမျိုး လိုက်လျောမှုတွေလုပ်လာတာ ဖြစ်နိုင်ပါတယ်"ဟု ကိုဝင်းမင်းက ဆိုသည်။

အသက် (၆၈) နှစ်ရှိပြီဖြစ်သော ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်ကို သွားရောက်တွေ့ဆုံခဲ့သူများက ထောက်လှမ်းရေးအကြီးအကဲဟောင်းသည် ယခုအခါ ကျန်းကျန်းမာမာရှိပြီး ယဉ်ယဉ်ကျေးကျေးပျူပျူငှာငှာနှင့် ဧည့်သည်များကို လက်ခံတွေ့ဆုံခဲ့သည်ဟု ဆိုသည်။

၎င်းအပြင် ဝန်ကြီးချုပ်ဟောင်းသည် ယခုအခါ စိတ်တည်ငြိမ်ရေးအတွက် ကမ္မဋ္ဌာန်းထိုင်တရားအားထုတ်နေသည်ဟု ချင်းမိုင်အခြေစိုက် ဧရာဝတီသတင်းဌာန၏ သတင်းတွင် ဖော်ပြထားသည်။

အာဏာရှိစဉ်က ငြိမ်းအဖွဲ့များနှင့် ရင်းနှီးခဲ့သော ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်ကို သူ၏ဆွေမျိုးများနှင့် တွေ့ဆုံခွင့်ပေးသောအချိန်သည် ပေါက်ယူချန်း၏ ဝတပ်များနှင့် စစ်အုပ်စုအကြားသဘောထားတင်းမာနေချိန်နှင့်လည်းတိုက်ဆိုင်နေသဖြင့် စိတ်ဝင်စားစရာလည်းဖြစ်နေသည်။

ပြီးခဲ့သည့်လက ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက 'ဝ'တပ်များကို မြောက်ပိုင်းသို့ပြန်ရန် ညွှန်ကြားချက်ပေးခဲ့သော်လည်း 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကလက်မခံဘဲ လူသူလက်နက်စုဆောင်းနေကြောင်း သတင်းများထွက်ပေါ်နေသည်။



## မြေပုံအတိုင်းဆိုရင်

ကမ္ဘာမှာ
စစ်ပွဲနှစ်ပွဲပြီးသွားတယ်
ငါတို့မပြီးသေးဘူး ...။

စစ်ဖြစ်တော့မှာလား
သတင်းထောက်များမေးတော့
ဘယ်နိုင်ငံနဲ့လဲ
ဂျော့ဂျ်ဒဗလျူဘုရှ်ဖြေတယ် ...။

ငါတို့ရဲ့ဟာသကလည်း ထို့အတူ
ဘယ်အရာနဲ့လဲ ...။

ဒီမြေပုံအတိုင်းဆိုရင်
အားလုံးသေကုန်တော့မှာပဲ ...။

စိုင်းဝင်းမြင့်

(အခြေအနေ အကန့်အသတ်များကြောင့် ပြည်တွင်းမှ စာရေးသူထံမှ ခွင့်ပြုချက်မတောင်းဘဲ ဖော်ပြလိုက်ရသည့်အတွက် တောင်းပန်ရ ပါ သည်)

# ခမရ (၃၇၄) ဗိုလ်ကြီးကိုကိုဦး၏ ကိုယ်ဝန်ဖျက်ချစေခြင်းကြောင့် အသက် (၁၈) အရွယ် အမျိုးသမီးငယ်တဦး သေဆုံး

(ဂစ္ဆပသတင်းစဉ်)၂၀၊ ၀၈၊ ၀၇။

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ သလူချောင်းကျေးရွာ၊ ကျန်းမာရေးဌာန ဆေးပေးခန်းငယ်၌ ခမရ (၃၇၄) တပ်ဖွဲ့ဝင်များ၏ အတင်းအဓမ္မပြုကျင့်ခံရ၍ ကိုယ်ဝန်ဖြစ်ထွန်းသွားသော ခမီးလူမျိုးစု အမျိုးသမီးငယ်အား သန္ဓေဖျက်ချစေမှုကြောင့် သေဆုံးသွားကြောင်း ကျောက်တော်မြို့၊ ဒစခ (၉) နှင့်နီးစပ်သည့် အမည်မဖော်လိုသော တပ်ကြပ်ကြီးတဦး၏ သတင်းပေးချက်အရ သိရှိရသည်။

ဩဂုတ်လ (၁၇) ရက်နေ့တွင် ကျောက်တော်မြို့နယ်၊ ယိုးချောင်းကျေးရွာအုပ်စု သလူချောင်းရွာ၊ ကျန်းမာရေး ဆေးပေးခန်းငယ်အတွင်း၌ ကျောက်တော်အခြေစိုက်၊ ခမရ (၃၇၄) မှ ယင်းအုပ်စုအတွင်း တာဝန်ကျနေသော ဗိုလ်ကြီးကိုကိုဦး ကွပ်ကဲတပ်ဖွဲ့ဝင်များ၏ လွန်ခဲ့သောဇွန်လ (ပထမ) ပတ်လောက်က အတင်းအဓမ္မ ပြုကျင့်ခံရမှုကြောင့် ကိုယ်ဝန်ဖြစ်ထွန်းသွားသော ပါချေရွာသူ၊ မဖြူဖြူခိုင် (အသက် ၁၈ နှစ်) အား သန္ဓေသားဖျက်ချစေရာ သွေးလွန်ပြီးသေဆုံးသွားခြင်းဖြစ်သည်။

ကျောက်တော်မြို့နယ်၊ ယိုးချောင်းကျေးရွာအတွင်းရှိ ကျောက်တော်အခြေစိုက်၊ ခမရ (၃၇၄) တပ်ရင်းပိုင်၊ ရော်ဘာစိုက်ခင်းများ၌ ဗိုလ်ကြီးကိုကိုဦး ဦးစီး၍ ယင်းကျေးရွာအုပ်စုဖြစ်သော တန်းရွဲချောင်း၊ သလူချောင်း၊ ပါချေနှင့် ယိုးချောင်းကျေးရွာမှ ရွာသားများအားခေါ်ယူကာ လွန်ခဲ့သော ဇွန်လပထမပတ်ခန့်လောက်ကပင် လုပ်အားပေးစေခိုင်းရာ လုပ်အားပေးအုပ်စုတွင်ပါဝင်သော ခမီးလူမျိုးစု အမျိုးသမီးငယ်များဖြစ်ကြသည့် တန်းရွဲချောင်းရွာသူ မကြာဇံ (အသက် ၂၁ နှစ်) နှင့် ပါချေရွာသူ မဖြူဖြူခိုင် (အသက် ၁၈ နှစ်) တို့အား တပ်ဖွဲ့ဝင်များက အုပ်စုလိုက် အတင်းအဓမ္မပြုကျင့်ခဲ့လိုက်ခဲ့ကြောင်း မိဖများနှင့်ကျေးရွာသူများက ဒစခ (၉) မှူးအား တိုင်ကြားခဲ့ပြီး ဒစခ (၉) စစ်ဦးစီးအဖွဲ့မှ ၎င်းအမျိုးသမီးငယ် (၂) ဦးအား လျော်ကြေး ငွေကျပ်တသောင်းစီပေးဆောင်၍ ပြေငြိမ်းစေလိုက်သည်ဟု ၎င်းကပြောဆို၍ သိရှိရသည်။

ဩဂုတ် လ (၁၇) ရက်နေ့တွင် ၎င်းအမျိုးသမီးငယ်(၂) ဦးထဲမှ ပါချေရွာသူ မဖြူဖြူခိုင်မှာ သလူချောင်းကျေးရွာ၊ ဆေးပေးခန်းငယ်တွင် သွားရောက်စစ်ဆေးရာ ကိုယ်ဝန်လွယ်ထားရသည်ဟုသိရှိ၍ ဗိုလ်ကြီး ကိုကိုဦးအား သွားရောက်တိုင်ကြားရာ၊ ဗိုလ်ကြီးကိုကိုဦးမှ လျော်ကြေးငွေပေးဆောင်ထားပြီးဖြစ်၍ မိမိတို့နှင့် မသက်ဆိုင်တော့ကြောင်း ပြောဆိုခြိမ်းခြောက်ကာ ယင်းဆေးပေးခန်းတွင်ပင် ကိုယ်ဝန်ဖျက်ချစေလိုက်မှုကြောင့် ယခုလို သွေးလွန်ပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရှိရသည်။

သေဆုံးသွားသည်ဟုကြားသိပြီးနောက် ဗိုလ်ကြီးကိုကိုဦး ချက်ခြင်းလိုက်လာပြီး အလောင်းအား သူတို့၏ရွာသို့ သယ်ဆောင်ခွင့်မပြုကြောင်းပြောဆိုရာ ယင်းဆေးခန်းငယ်အနီး ချောင်းစပ်၌ ဖြစ်သလိုသင်္ဂြိုဟ်လိုက်ရကြောင်း စုံစမ်းသိရှိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မဖွံ့ဖြိုးသေးသော ဒေသများတွင် နအဖစစ်တပ်မှ မိန်းခလေးများအား အတင်းအဓမ္မပြုကျင့်မှုများ မကြာခဏဆိုသလို ဖြစ်ပြီး၊ ဖြစ်ပျက်တိုင်းတွင် ခြိမ်းခြောက်၍တမျိုး၊ လျော်ကြေးငွေပေး၍ တဖုံ နည်းအမျိုးမျိုးဖြင့် ဖျောက်ဖျက်လိုက်ကြကြောင်းနှင့် ယခုနှစ် နှစ်ဆန်းပိုင်းတွင်လည်း ပုဏ္ဏားကျွန်းမြို့နယ်၊ ယုန်းငုံကျေးရွာနှင့် သရက်ချိုကျေးရွာများတွင် ကျေးရွာမိန်းခလေးများ တောတွင်းသို့ ဟင်းခူးသွားစဉ် ခမရ (၅၅၀) တပ်ခွဲမှ အတင်းပြုကျင့်မှုဖြစ်ပွားခဲ့ကြောင်းသိရှိရသည်။ ❖

# အိုးအိမ် စွန့်ခွာထွက်ပြေးနေရသူများ၏ယာယီတဲများကို မြန်မာစစ်တပ်က မီးရှို့ဖျက်ဆီး

ဩဂုတ်လ (၁၅) ရက်နေ့က ကရင်ပြည်နယ် ဖာပွန်ခရိုင်အတွင်း စစ်ဘေးကြောင့် တောတွင်း ပုန်းအောင်းနေထိုင်နေကြရရှာသော ကရင်ဒုက္ခသည် (၁၀၀) ကျော်၏ ယာယီတဲအိမ်များကို နအဖစစ်တပ်က မီးရှို့ဖျက်ဆီးပစ်ခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်ပွားရာနေရာမှာ ကရင်နီလူမျိုးများတိုးတက်ရေးပါတီ (ကေအဲန်ပီပီ) ၏ ရှေ့တန်းစခန်းအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါပတ်ဝန်းကျင်သည် နအဖနှင့် ဒေသခံတိုင်းရင်းသားအင်အားစုများအကြား တိုက်ခိုက်မှုဖြစ်ပွားရာဒေသဖြစ်သည်။

ယခုတိုက်ခိုက်မှုများသည် ကရင်ပြည်နယ်နည်းတူ ကယားပြည်နယ်အတွင်း မော်ချီးသတ္တုတွင်း ကားလမ်းဖောက်မှုနှင့် နယ်မြေရှင်းလင်းရေးအတွက် ကျေးရွာတွေကို မီးရှို့ဖျက်ဆီးပြီး လူများကို အဓမ္မပြောင်းရွှေ့ခိုင်းလေ့ရှိသည့် မြန်မာစစ်တပ်၏လုပ်ရပ်ဖြစ်သည်ဟု ကေအဲန်ပီပီ တွဲဘက်အတွင်းရေးမှူး ခူးဦးရယ်ကပြောသည်။

အိုးအိမ်စွန့်ခွာထွက်ပြေးပုန်းအောင်နေရသော ပြည်တွင်းဒုက္ခသည်များအနက် တချို့သည် ထိုင်း–မြန်မာနယ်စပ်က ယာယီဒုက္ခသည်စခန်းများသို့ ရောက်ရှိခိုလှုံနေကြရသော်လည်း တချို့မှာ တောတွင်း၌ ခိုကိုးရာမဲ့စွာ ပုန်းအောင်းနေထိုင်ကြရသည်။

ဇွန်လအတွင်းကလည်း နအဖစစ်တပ်၏ ထိုးစစ်ဆင် တိုက်ခိုက်မှုကြောင့် စစ်ပြေးဒုက္ခသည်ဦးရေ ပိုများလာသည့်အတွက် ကရင်ပြည်တွင်း ဌာနေမဲ့သူများအား ကူညီပေးရေးအဖွဲ့ (CIDKP) သည် ထိုင်း–မြန်မာနယ်စပ် သံလွင်မြစ်ကမ်း၊ မြန်မာပြည်ဘက်ခြမ်းတွင် ယာယီဒုက္ခသည်စခန်းသစ်တခုကို ဖွင့်လှစ်ခဲ့ရသည်။

လောလောဆယ်တွင် ဒုက္ခသည်စခန်းသစ်အတွက် လုံခြုံရေးကို ကရင်လက်နက်ကိုင်တပ်ဖွဲ့က တာဝန်ယူထားပေးပြီး စားဝတ်နေရေးအတွက် CIDKP နှင့်အတူ နိုင်ငံခြားအဲန်ဂျီအိုအဖွဲ့များ၊ တသီးပုဂ္ဂလများက ကူညီဖြေရှင်းပေးနေရသည်။

ထိုင်း–မြန်မာနယ်စပ်တလျှောက် မြန်မာဒုက္ခသည်များကို ကူညီထောက်ပံ့ပေးနေသော TBBC ၏အစီရင်ခံတွင် ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလအထိ မြန်မာပြည်အရှေ့ခြမ်းတွင် IDP ဦးရေ (၅) သိန်းနီးပါးရှိသည်ဟု ခန့်မှန်း ထားသည်။ ❖

# အမျိုးသားညီလာခံ စက်တင်ဘာတွင်ပြီးမည်ဟုဆို



စစ်အုပ်စုက ဦးဆောင်ကျင်းပလျက်ရှိသည် အမျိုးသားညီလာခံကို စက်တင်ဘာလဆန်းပိုင်းတွင် အပြီးသတ်မည်ဟု ကချင်လွတ်မြောက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာမနမ်းတူဂျာကို ကိုးကား၍ ရေ၀တီ သတင်းကဆိုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ရည်ရွယ်သော အဆိုပါညီလာခံကို ၁၉၉၃ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၁၉၉၆ ခုနှစ်တွင် အမျိုးသားညီလာခံကို ယာယီရပ်နားခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ရန်ကုန်မြို့နှင့် (၄၅) ကီလိုမီတာအကွာရှိ ညောင်နှစ်ပင်စခန်းတွင် ပြန်လည်ပြုလုပ်ခဲ့သည်။ ယခုအကြိမ်ပြုလုပ်သည့် ညီလာခံသည် ဩဂုတ်လ (၁၈) ရက်နေ့က စတင်ခဲ့ခြင်းဖြစ်သည်။

ညီလာခံတွင် နအဖစိတ်ကြိုက်ရွေးချယ်ခံကိုယ်စားလှယ် (၁၀၀၀) ကျော်တက်ရောက်နေသော်လည်း ဖွဲ့စည်းပုံရေးဆွဲရာတွင် အမှန်တကယ်တာဝန်ရှိသူ ရွေးကောက်ခံကိုယ်စားလှယ် တဒါဇင်ခန့်သာပါဝင်သဖြင့် ညီလာခံမှထွက်ပေါ်လာမည့် ဖွဲ့စည်းပုံသည် စစ်တပ်စိတ်ကြိုက်ဖွဲ့စည်းပုံသာဖြစ်မည်ဟု သုံးသပ်သူများကဆိုသည်။

ညီလာခံအပြီးတွင် လူထုဆန္ဒခံယူပွဲကျင်းပခြင်းနှင့် ရွေးကောက်ပွဲအသစ်ကျင်းပခြင်း၊ အရပ်သားအစိုးရသို့ အာဏာလွှဲအပ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်လုပ်ဆောင်ရန် နအဖ၏ နိုင်ငံရေးလမ်းပြမြေပုံတွင်ဖော်ပြထားသော်လည်း အချိန်ဇယားအတိအကျကို ထည့်သွင်းမထားပါ။ ❖

# မြန်မာစာရေးဆရာမတဦး နိုင်ငံတကာသတင်းစာဆုရရှိ

နိုင်ငံတကာသတင်းစာဆရာများအဖွဲ့ (အိုင်စီအက်ဖ်ဂျေ) က ၂၀၀၇ ခုနှစ်အတွက် (2007 Knight International Journalism Award Winners)ဆုကို မြန်မာနိုင်ငံမှ စာရေးဆရာမ မေသကြိန်ဟိန်းအားပေးအပ်မည်ဖြစ်သည်။

ဆုပေးရခြင်းမှာ မြန်မာနိုင်ငံတွင်းက အကျင့်ပျက်အဂတိလိုက်စားမှု၊ အိပ်ချ်အိုင်ဗီအေအိုင်ဒီအက်စ်ရောဂါနှင့် ဆင်းရဲမွဲတေမှုအကြောင်းများကို စုံစမ်းထောက်လှမ်းရေးသားရသည့် သတင်းပို့ချက်များကို အထူးပြုရေးသားသူဖြစ်သည့်အတွက်ကြောင့်ဟု နိုင်ငံတကာသတင်းစာဆရာများကဆိုသည်။

ယခုဆုသည် မြန်မာနိုင်ငံရှိ သတင်းမီဒီယာများ၊ ဂျာနယ်လစ်များ၏ ကြိုးစားမှု၊ အမှန်တရားအတွက် အလုပ်လုပ်နေမှုများကို အားပေးသည့်သဘောဖြစ်သည်ဟု အသက် (၃၃) နှစ်အရွယ် စာရေးဆရာမကပြောသည်။

ဆရာမမေသကြိန်ဟိန်းသည် လွန်ခဲ့သော ဖေဖော်ဝါရီလအတွင်းက ကိုထင်ကျော်နှင့်အဖွဲ့ကပြုလုပ်သော ပထမဆုံးသော ကုန်ဈေးနှုန်းကျဆင်းရေးဆန္ဒပြပွဲကို သတင်းယူစဉ်တွင် အဖမ်းခံခဲ့ရသေးသည်။ ၎င်းကိစ္စနှင့်ဆက်စပ်၍ မြန်မာ့ခေမဂ္ဂဇင်းတွင် ပြင်ပကလောင်ရှင်အဖြစ်ရေးသားနေမှုကို ရပ်ဆိုင်းခံခဲ့ရသည်။

ဆရာမမေသကြိန်ဟိန်း၏ ဖခင်သည် အဲန်အယ်လ်ဒီပါတီ ရှမ်းပြည်မြောက်ပိုင်း နောင်ချိုမြို့နယ်မဲဆန္ဒနယ်မှ အရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန်းဖြစ်သည်။

ဆရာမသည် ၁၉၉၄ ခုနှစ်က စတင်၍ သတင်းတို၊ သတင်းဆောင်းပါးများကို မြန်မာ့စီးပွားရေးဂျာနယ်၊ နွယ်နီမဂ္ဂဇင်း၊ လစ်ဗင်းကာလာ၊ မြန်မာ့ခေမဂ္ဂဇင်း၊ ဖက်ရှင်၊ ရုပ်ရှင်စတားစသည့် မဂ္ဂဇင်းများတွင် ရေးသားခဲ့ပြီး ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာတွင် ရွှေပုစွန်မဂ္ဂဇင်းကို အယ်ဒီတာချုပ်အဖြစ် တာဝန်ယူထုတ်ဝေခဲ့သည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လတွင် စာပေစိစစ်ရေးက ရွှေပုစွန်မဂ္ဂဇင်းကို စာမူကိစ္စနှင့်ပတ်သက်၍ ထုတ်ဝေခွင့်ပိတ်ပင်လိုက်ပြီး မေသကြိန်ဟိန်းဟူသော ကလောင်ကိုလည်း စာရေးသားခွင့်၊ ထုတ်ဝေခွင့်၊ အယ်ဒီတာလုပ်ခွင့်များကိုလည်း ပိတ်ပင်ခဲ့သည်မှာ ယခုအချိန်အထိဖြစ်သည်။

သို့သော် မေသကြိန်ဟိန်းသည် အလွတ်သတင်းထောက် (Freelance Journalist) အဖြစ်ဆက်လက်ရပ်တည်နေပြီး လက်ရှိဘဝ သည် ပိုမိုလွတ်လပ်မှုရှိသည်ဟု ဆရာမက အကောင်းမြင်သည်။

ယခုပေးအပ်မည့်ဆုကို မေသကြိန်ဟိန်းနှင့်အတူ ပြင်သစ်နိုင်ငံမှ ဘလောဂါအာဘတ်စ် (Abbas) ကိုလည်း ပေးအပ်မည်ဖြစ်ပြီး လာမည့် နိုဝင်ဘာ (၁၃) ရက်တွင် အိုင်စီအက်ဖ်ဂျေအဖွဲ့၏ (၁၀) နှစ်မြောက်ဆုပေးပွဲ ညစာစားပွဲနှင့်အတူ ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ဝါရှင်တန်အခြေစိုက် နိုင်ငံတကာသတင်းစာဆရာများအဖွဲ့သည် (အိုင်စီအက်ဖ်ဂျေ) သည် လွတ်လပ်၍တက်ကြွသော သတင်းမီဒီယာများနှင့် လူသားတိုးတက်ကောင်းမွန်ရေးအတွက် မရှိမဖြစ်လိုအပ်သည်ဟူသော ယုံကြည်ချက်ဖြင့် ကမ္ဘာတဝန်းလုံးရှိ စာနယ်ဇင်းပညာအရည်အသွေးကို မြှင့်တင်ပေးနေသည့်အဖွဲ့ဖြစ်သည်။ ❖

■ စာမျက်နှာ (၁၆) ဆောင်းပါးမှ ...

"ဦးစစ်ပြန်ကြီးက ခေတ္တနားပြီး ဆက်ပြောပြန်သည်။

"အင်း .... ဦးခြိမ်းသူကြီးရေ။ ဗိုလ်စိန်လွင်ဆိုတာ သူ့ခေတ်သူ့အခါက ရောမ မဟာစစ်ဗိုလ်အကြီးစား။ သူ့သမီးက စစ်ဆေးရုံက စစ်ဗိုလ်ဆရာဝန်ခပ်ကြီးကြီး။ ဒါပေမယ့် ဗိုလ်စိန်လွင်ဟာ စစ်ဆေးရုံပေါ်တက်ပြီးမသေရဲဘူး။ မသေရဘူး။ အရပ်ဆေးရုံပေါ် သူလိုငါလို မထင်မရှားတက်ပြီး သေခဲ့ရတယ်။ ဘယ့်နှယ်ဗျာ ....။ လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး။ သမတကြီးရယ်လို့လည်း ကဗျည်းထိုးခွင့်မရ။ 'ဗိုလ်စိန်လွင်' ဘဝကနေပြီး 'ဗိုလ်စိန်လွင့်' ဘဝကို လွင့်ကျခဲ့ရတယ်။ ဖြစ်ပုံများ .... ဖြစ်ပုံများ ...."

"ဒါထက် ဦးစစ်ပြန်ကြီးရဲ့၊ ဗိုလ်စောမောင်ရဲ့ အဖြစ်ကကော"

"ဦးခြိမ်းသူကြီးရာ ထိုနည်းလည်းကောင်းပဲပေါ့ဗျာ။ ဗိုလ်ခင်ညွန့်ရဲ့ အဆိပ်လက်နက်ကြောင့်လို့ ဆိုကြတာပဲ။ ပေါတောတောချာတာတာ ကြောင်တောင်တောင်လိုဖြစ်။ အဲဒီလိုဖြစ်နေတဲ့ပုံကို တီဗွီပေါ်အပြခံခဲ့ရ၊ ရာထူးလည်းအချခံခဲ့ရ၊ သိက္ခာလည်းအချခံခဲ့ရ၊ မလှမပဘဝနဲ့ နိဂုံးချုပ်ခဲ့ရတယ်။ ဗိုလ်စောမောင်ရဲ့အဖြစ်ဆိုးကို ဇာတ်ရည်မလည်သူတွေက စိတ်အချဉ်ပေါက်ပြီး နောက်ပြောင်ကြလေရဲ့။ 'ဗိုလ်စောမောင်'ကို 'ဗိုလ်စောကြောင်'တဲ့ဗျာ။ ဖြစ်ပုံများ .... ဖြစ်ပုံများ"

အက် (စ်) တူး ဗိုလ်တင်ဦးကကော ဦးစစ်ပြန်ကြီးရဲ့ ....

"သူ့အဖြစ်ကလည်း ဆိုးမှဆိုး။ သေမင်းက သူ့နောက် တကောက်ကောက်လိုက်နေတာကလား။ ကမ္ဘာအေး မဟာပါသဏလှိုင်ဂူထဲမှာ ဗုံးခွဲလုပ်ကြံတာ သီသီကလေးလွတ်သွား၊ သူ့အိမ်ထဲ စာတိုက်ဗုံးပို့ပြီး လုပ်ကြံတာလည်း သေနေ့မရောက်သေးလို့ ကပ်လွတ်သွား၊ ဗိုလ်တင်ဦးအစား သမီးကကြားဝင်ခံရ၊ အစိတ်စိတ်အပိုင်းပိုင်း စုတ်ပြတ်သတ်ပြီး သေရ။ ဒါနဲ့ မရပ်သေးဘူး။ လှည်းကိုဆွဲတဲ့နွားရဲ့ခြေရာ၊ လှည်းဘီးက ထပ်ချပ်မကွာလိုက်သလိုသာ ဆိုသလိုပေါ့ဗျာ ....။

လူသတ်သမားက မသေမချင်း တကောက်ကောက်လိုက်သတ်နေတာ။ နောက်ဆုံး ဟယ်လီကော်ပတာအစီးမှာ သေခြင်းဆိုးနဲ့သေရရော။ ဗိုလ်တင်ဦးရဲ့နောက် အဆစ်ပါသွားတာက တိုင်းမှူးဗိုလ်စစ်မောင်၊ သူ့အလောင်း ပြန်မရဘူး။ ကိုယ်တော်ချောက သရဲဘဝနဲ့ ပူးကပ်ငိုယိုပြီး နေရာတောင်းသတဲ့။ နေစရာမရှိလို့ နေစရာပေးပါဆိုပဲ။ ဖြစ်ပုံများ .... ဖြစ်ပုံများ ...."

ဗိုလ်ခင်ညွန့်ကကော ဦးစစ်ပြန်ကြီးရဲ့ ....။

"အင်း .... ဗိုလ်ခင်ညွန့်လား။ အက် (စ်) ဝမ်းဘဝတုန်းကလို ထောင်မနေတော့ဘူး။ ကော့မနေတော့ဘူး။ ထောင်ရာကလဲသွားပြီ။ ကော့ရာက ကားသွားပြီ။ ဆိုင်ရာကိုအသနားခံပြီး သူ့ဆီ ပင့်ခွင့်၊ ဆွမ်းကပ်ခွင့်ရတဲ့ဘုန်းကြီးကို ဗိုလ်ခင်ညွန့်ကလျှောက်သတဲ့။ တပည့်တော် ဖရဲသီးစားချင်လိုက်တာတဲ့ ....။"

ဟာ ဗိုလ်ခင်ညွန့်တို့များ .... အရေးထဲဗျာ။ ဖရဲသီးစားချင်ရသတဲ့လား။ ဦးစစ်ပြန်ကြီးရ ....

"ဖရဲသီးစားချင်တယ်လို့ဆိုတာက ဒီလိုဗျ။ (၈၈) တုန်းက အဆိပ်ခတ်တဲ့အလုပ်။ အဆိပ်ဆေးထိုးတဲ့အလုပ်။ အဲဒီအယုတ်တမာအလုပ်တွေကို အကြီးအကျယ်လုပ်ခဲ့တာ ဗိုလ်ခင်ညွန့်။ သူကိုယ်တိုင် ကျူးလွန်ခဲ့တော့ မြွေမြွေချင်း ခြေမြင်တာပေါ့ဗျာ။ ဒီတခါအဆိပ်မျိုးရမှာ ငါ့အလှည့်ပဲလို့ တွေးမိ၊ သူစားနေတဲ့အစာထဲမှာ အဆိပ်တွေပါမှာပဲလို့ ထိတ်လန့်။ ကျောစိမ့်၊ အဲဒီအဆိပ်တွေကို ခြေဖျက်နိုင်မှာက ဖရဲသီး။ အဲဒီလို သွေးရူးသွေးတန်းတွေးမိပြီး ဖရဲသီးစားချင်တာလည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် သူစားနေရတဲ့အစာထဲမှာ အဆိပ်တွေပါနေတယ်လို့ အပြင်လောကကို Message ပို့တာလည်းဖြစ်နိုင်တယ်။ ဖြစ်ပုံများ .... ဖြစ်ပုံများ ...."

ဦးစစ်ပြန်ကြီးရဲ့။ စစ်ဗိုလ်ချုပ်တွေထဲမှာ ဗိုလ်ခင်ညွန့်ကို တချို့ပရိသတ်က သဘောကျကြတယ်။ အဲဒါ ဘာသဘောလဲ ....။

"လူတွေက ခက်တော့ခက်တာပဲ ဦးခြိမ်းသူကြီးရဲ့။ ဗိုလ်ခင်ညွန့်က ပရိယာယ်မာယာအင်မတန်များတာ။ အနှုးအနှပ် အင်မတန်ကျွမ်း။ အင်မတန်ညက်။ သူ့အနှုးအနှပ်ထဲမှာ မေ့မျောသွားတော့ ကိုယ့်ကိုအပျိုရည်ဖျက်နေတာ။ အချို့က သတိမထားလိုက်မိဘူး။ သာယာတောင် သာယာလိုက်မိသေး။ ဗိုလ်ခင်ညွန့်က အရည်ပျော်အောင် နှူးနှပ်ပြီးမှ အပျိုရည်ဖျက်တာ။ ကျန်တဲ့ဗိုလ်ချုပ်တွေကတော့ မနှူးမနှပ်ပဲ ဒရေသောပါးခပ်ကြမ်းကြမ်း အပျိုရည်ဖျက်တာ။ တကယ်တော့ အပျိုရည်ဖျက်တဲ့ ဗိုလ်ချုပ်တွေချည့်ပါပဲ။ အတူတူနဲ့ အနူနူပါဗျာ။ ကိုယ့်ကိုအပျိုရည်ဖျက်နေတာကို ဖျက်နေမှန်းမသိတာကတော့ ကာယကံရှင်တွေညံ့လို့ပဲဗျို့။ ဒါလည်း .... ဖြစ်ပုံများ .... ဖြစ်ပုံများပါပဲဗျာ။"

ဦးစစ်ပြန်ကြီးရဲ့ ဗိုလ်ခင်ညွန့်ကို သရုပ်ဖော်တာ စကားလုံးကြမ်းလှချည့်လား။

"အား .... မတတ်နိုင်ဘူးဗျ။ အဲဒီလိုပတ်ကြမ်းတုတ်မှ အဓိပ္ပါယ်ပေါက်တဲ့လူတွေကရှိနေတာကိုး။ တကယ်တော့ဒီလို အာကြမ်းရတာ ကျုပ်ပါးစပ်သနသွားတယ်ဗျ။"

ဗိုလ်စိုးဝင်းအဖြစ်ကိုလည်း ဆိုပါဦး။

"ဒီမောင်က ဒီပဲယင်းမှာ သွေးတွေအိုင်ထွန်းအောင် ရက်စက်ခဲ့တဲ့ လက်မရွံ့ပါးကွက်သား။ အခုတော့ သွေးကင်ဆာဆိုတဲ့ သေယာဉ်ကိုစီးပြီး သေမင်းဆီကို ဘေထိ ဘေထိ ဘေထိဆိုတဲ့ မသာပို့ဆိုင်းချက်နဲ့ ချီတက်နေလေရဲ့။ ဖြစ်ပုံများ .... ဖြစ်ပုံများ ...."

ဦးစစ်ပြန်ကြီးက တဗိုလ်ပြီးတဗိုလ်ဖြစ်ပုံများ .... ဖြစ်ပုံများနှင့်ချည့် လက်ရှိဗိုလ်ချုပ်တွေအတွက် သံဝေဂယူစရာ တန်းစီပြောကြားသွားသည်မှာ ပြောမဆုံးပေါင်တောသုံးထောင်ပါပဲခင်ဗျား။ ပြောရင်းပြောရင်း မှောင်ရီပျိုးလာပြီမို့ ကျနော် ဦးခြိမ်းသူကြီးက စကားဝိုင်းကို လက်စသတ်ချင်ပါပြီ။

ဦးစစ်ပြန်ကြီးရဲ့ .... ဗိုလ်နေဝင်းကတော့ပြာဖြစ်သွားပြီ။ အခု မင်္ဂလာဒုံစစ်သင်္ချိုင်းမှာ နေရာယူထားကြတဲ့ ဗိုလ်ချုပ်အလောင်းတွေက ဒီလို ....

ကျနော် ဦးခြိမ်းသူကြီးစကားကို ဦးစစ်ပြန်ကြီးက ဆုံးအောင်မစောင့်။ ဆတ်ကနဲကြားဖြတ်လိုက်၏။

"ဟာ .... ဦးခြိမ်းသူကြီးရာ။ Action ရှိရင် Reaction ရှိတယ်လေ။ တူသောအကျိုးပေးတယ်ဆိုတဲ့စကား ရှိတယ်မဟုတ်လား။ ကိုယ်က သူတပါးကိုနှိပ်စက်ရင် ကိုယ့်ကိုအလာဟုအရှင်က နှိပ်စက်တယ်ဆိုလားဗျာ။ သူတစ်ပါးရဲ့အလောင်းကို ကိုယ်ကဖျောက်ရင် ကိုယ့်အလောင်းပြာဖြစ်ရင်ဖြစ်။ ပြာမဖြစ်ရင် တနေ့နေ့မှာ အုတ်ဂူတွေအဖျက်ခံရမယ်။ အရိုးစုအပိုင်းအစတွေ။ အုတ်ခဲကျိုးတွေ ဟိုတစ ဒီတပဲ့၊ ဟိုရောက် ဒီရောက် အစအန ပျောက်ကုန်မယ်"

ဗျာ .... ဗျာ.... ဘယ်လို .... ဘယ်လိုဗျ။

ဤတွင် ဦးစစ်ပြန်ကြီးက ဤသို့ မှတ်ချက်ချ နိဂုံးချုပ်၏။

"ဒီမှာ ဦးခြိမ်းသူကြီးရဲ့။ နောင်တနေ့ကျရင် မျိုးဆက်သစ်တပ်မတော်သားတွေက အရေးဆိုလာကြပါလိမ့်မယ်။

ဒို့အရေး.... လုပ်လာကြပါလိမ့်မယ်။ န၀တ၊ နအဖ စစ်ဗိုလ်ချုပ်တွေရဲ့အလောင်းတွေ၊ အရိုးစုတွေ၊ စစ်သင်္ချိုင်းမှာရှိနေတာ တပ်မတော်ရဲ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေတယ်လို့။ အဲဒီလိုအရေးဆိုပြီး ဒို့အရေးလုပ်ပြီး ဗိုလ်ချုပ်တွေရဲ့အလောင်းတွေ၊ အရိုးစုတွေကို စစ်သင်္ချိုင်းထဲကနေ ဖယ်ရှားဖျောက်ဖျက်ပစ်ကြမှာဗျ။ စောင့်သာကြည့် .... စောင့်သာကြည့် ...."

၁၆၊ ၇၊ ၀၇။

❖

# သွေးလွန်တုပ်ကွေးကြောင့် ကလေးငယ်တရာခန့် သေဆုံး

မြန်မာနိုင်ငံတွင် (၇) လအတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် ကလေးငယ်တရာခန့်သေဆုံးခဲ့ပြီးကြောင်း စစ်အစိုးရကျန်းမာရေးဌာနက ဩဂုတ်လဆန်းပိုင်းတွင် သတင်းထုတ်ပြန်သည်။

ဆေးရုံများတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်သည့် ကလေးငယ်များနှင့်ပြည့်နေပြီး ရန်ကုန်မြို့ကလေးဆေးရုံကြီးသို့ နေ့စဉ်ကလေးငယ်သုံးရာခန့် လာရောက်ကုသနေရသည်ဟု ကျန်းမာရေးဌာနမှ ဆရာဝန်တဦး၏ပြောကြားချက်ကို သတင်းများကကိုးကားကြသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုဝန်ကြီး ဒေါက်တာကျော်ညွန့်က ဇူလိုင်လအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ (၃၀၀၀) တွင် ကလေး (၃၂) ဦးသေဆုံးကြောင်း အေဖက်ဖ်ပီသတင်းဌာနသို့ ဩဂုတ်လဆန်းပိုင်းက ဝန်ခံထားသည်။

❖

# ညောင်နှစ်ပင်ကျိန်စာ




ဗညြ

**ဗမာပြည်ရဲ့နိုင်ငံရေးလောကမှာ ဘီလူးစည်း၊ လူ့စည်းလည်း ပိုကွဲလာနေတယ်။ အဲဒါက စစ်အုပ်စုကို ဆက်လက်ဆန့်ကျင်တိုက်ပွဲဝင်သွားလိုသူတွေနဲ့ နအဖဘက်က အလျှော့ပေးဟန်ပြယုံနဲ့ပဲ ပစ်ထောက်ခံ၊ ပစ်ပူးပေါင်းလိုက်မယ်ဆိုတဲ့ လူတွေ ... သိသိသာသာ ကွဲပြားလာနေတယ်။**

ဗမာပြည်ရဲ့ နိုင်ငံရေးမိုးကောင်းကင်ဟာ အုံ့မှိုင်းနေတယ်။ ဘာမဆိုဖြစ်ပေါ်နိုင်တယ်ဆိုတဲ့ လေထုမျိုးကလည်း တသုန်သုန်ခတ်နေတာ သတိထားမိတယ်။ ဗမာပြည်သားများနဲ့ဗမာပြည်အရေးကို စိတ်ဝင်စားတဲ့နိုင်ငံခြားသားတွေဟာ နအဖရဲ့ ညောင်နှစ်ပင်ညီလာခံကို မျက်မှောင်ကုပ်ပြီး စောင့်ကြည့်နေကြတယ်။ သူတို့ရဲ့ ဆုပ်ထားတဲ့လက်သီးတွေထဲမှာတော့ ချွေးစေးတွေတောင်ပြန်နေတယ်။

စစ်အုပ်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ဖြစ်သွားရင် တိုင်းပြည်နဲ့အမျိုးသားတွေ ဘယ့်ကလောက်နစ်နာမယ်ဆိုတာ သိသူတိုင်း ဒီအချိန်မှာ ကိုယ်ဘာလုပ်နိုင်သလဲလို့ စဉ်းစားနေကြတယ်။ နယ်စပ်ဒေသတွေမှာ စစ်တွေပြန်ဖြစ်လာဦးမလား။ အာဏာသိမ်းခွင့်ကို ဖွဲ့စည်းပုံအခြေခံအရ ပေးထားလို့ အာဏာ တသိမ်းတည်းများ သိမ်းနေကြတော့မလား။ ဒီပဲယင်းထက်ဆိုးတဲ့လုပ်ရပ်တွေ ထမင်းစား၊ ရေသောက်ကိစ္စလို ဖြစ်လာလေမလား။ စိတ်သက်သာဖွယ်ရာကတော့ ဘာမှ မမြင်ရတာအမှန်။

ဒီလိုအချိန်မှာပဲ ဗမာပြည်ရဲ့နိုင်ငံရေးလောကမှာ ဘီလူးစည်း၊ လူ့စည်းလည်း ပိုကွဲလာနေတယ်။ အဲဒါက စစ်အုပ်စုကို ဆက်လက်ဆန့်ကျင်တိုက်ပွဲဝင်သွားလိုသူတွေနဲ့ နအဖဘက်က အလျှော့ပေးဟန်ပြယုံနဲ့ပဲ ပစ်ထောက်ခံ၊ ပစ်ပူးပေါင်းလိုက်မယ်ဆိုတဲ့လူတွေ သိသိသာသာ ကွဲပြားလာနေတယ်။ တချို့လူတွေဆိုရင် နအဖက ကိုယ့်ကိုလှည့်တောင်မကြည့်တဲ့ကြားကပဲ မျက်စိတပစ်ထဲပစ်ပြနေကြတယ်။ ဒီမောင်စေ့စပ်၊ မယ်စေ့စပ်တွေကတော့ ညောင်နှစ်ပင်ပြီးတော့လည်း အထည်လဲဝတ်ပြီး နောက်တမျိုးနဲ့ တဖက်သတ်ပိုးကြအုန်းမှာပဲ။ မီဒီယာတချို့ဟာ ဗမာပြည်ထဲမှာရှိတဲ့ နအဖထောက်ခံသူအရေအတွက် အချိုးအစားထက် အများကြီးပိုပြီး နအဖထောက်ခံသူတွေကို နေရာပေးပြောခိုင်းလာတယ်။ တပြားဖိုးရရ၊ နှစ်ပြားဖိုးရရ၊ ရသမျှနဲ့ စေ့စပ်သာ စေ့စပ်လိုက်ကြဆိုတဲ့လမ်းစဉ်ကို မကျကျအောင် ချပေးနေသလား အောက်မေ့ရတယ်။ တချို့ကဆိုရင် ဘယ်အချက်တွေဟာ ကိုယ့်ဘက်ကအလျှော့ပေးနိုင်တယ်၊ ပေးသင့်တယ်လို့တောင် ပြောနေကြတယ်။ ရှစ်လေးလုံးဒီဘက်အပိုင်းမှာ ဒီလိုအသံတွေကို ဘယ်တုန်းကမှ အခုလောက်ကျယ်ကျယ်လောင်လောင် မကြားဖူးဘူး။ ဒါဟာ တိုက်ဆိုင်မှုမှုဟုတ်ရဲ့လား စဉ်းစားစရာဖြစ်လာတယ်။ သူတို့ဟာ မြေမျိုခံနေရတဲ့ မထွေးလေးကိုပဲ လျှော့မပေးကောင်းလားလို့ အပြစ်တင်နေတယ်။ တချို့ကတော့လည်း နအဖဟာ ဒီချုပ်နဲ့မို့ မဆွေးနွေးတာ။ တခြားလူ (ဥပမာ–ငါ) နဲ့ဆိုရင်ဆွေးနွေးမှာလို့ ပြောနေ၊ ထင်နေတယ်။ နအဖဆီမှာ မုန့်ဆီကြော်က ရှိကိုမရှိတာဆိုတာ သူမသိဘူးထင်ပါရဲ့။

သူတို့ပြောတာကို နည်းနည်းမှနားမယောင်သူတွေထဲမှာ ထိပ်ဆုံးကပါတာ ဗမာပြည်ကလူထုကြီးပဲ။ ရှင်ကြီးဝမ်းလည်းဝင်ဖူး၊ ရှင်ငယ်ဝမ်းလည်း ဝင်ဖူးနေသူတွေပီပီ နအဖရဲ့စကားတွေကို တခွန်းမှနားမယောင်ဘူး။ နအဖရဲ့သဘောထားဟာ ဘယ်သူနဲ့မှမစေ့စပ်ဘူးလို့ပဲဖော်ပြနေတယ်ဆိုတာ သူတို့အတွေ့အကြုံအရရှင်းနေတယ်။ ဒါပေမဲ့ ရသလောက်နဲ့ ကျေနပ်ချင်သူများကတော့ နအဖခြေလှမ်းတလှမ်း လှမ်းလိုက်တိုင်း ဘာများစေ့စပ်လို့ရမတုန်းလို့ မှန်ဘီလူးနဲ့ထောက်ကြည့်နေကြတယ်။ နအဖရဲ့ပိုင်းဖြတ်ချက်ကို သူတို့မမြင်နိုင်ကြသလိုပဲ။ နောက်တခု သူတို့ သေချာမကြည့်မြင်နိုင်တာက ပြည်သူလူထုကြီးရဲ့အခြေအနေပဲ။ ဒါကိုသူတို့မသိတာလား၊ သိရက်နဲ့တန်ဘိုးမထားတာလား။ သူတို့ကိုယ်တိုင်မှသိတော့မယ်။ ဒါပေမဲ့ လူထုကြီးရဲ့စိတ်ဓာတ်ကို နအဖဗိုလ်ချုပ်တွေ ကောင်းကောင်းသိတယ်။ ဒါကြောင့်လည်း သူတို့ဟာ အဲဒီလို ခွေးကတက်က ခစားပိုင်ခွင့်တောင်းနေသူတွေကို လုံးဝဂရုမစိုက်၊ မသိချင်ဟန်ဆောင်နေတာပဲ။

စစ်ဗိုလ်ချုပ်တွေအဖို့လည်း အခုသူတို့ရွေးထားတဲ့လမ်းကလွဲပြီး တခြားလိုက်စရာမရှိဘူးဆိုတာ မမေ့ဖို့လိုတယ်။ သူတို့လက်ရှိခံစားနေရတဲ့စည်းစိမ်ဥစ္စာ၊ သူတို့သား၊ မြေးမြစ်တွေအတွက် သူကြွယ်ဘဝအာမခံချက်စတာအားလုံးဟာ အာဏာနဲ့တိုက်ရိုက်ဆက်နေတယ်။ အာဏာလက်ထဲမရှိရင် ဒါတွေအားလုံးပျောက်သွားမယ်လို့ သူတို့တွက်ထားပြီးသားဖြစ်တယ်။ ဒါကြောင့်သူတို့ဟာ သေမြေကြီး၊ ရှင်ရွှေထီးလုပ်နေတာဖြစ်တယ်။ တဆက်တည်းမှာ ဒီတပွဲအတွက် ဘက်စုံပြင်ဆင်နေတာပဲ။ ရပ်ကွက်ထဲက လူမိုက်လူဆိုးတွေကို တရားဝင်အဖွဲ့အစည်းဖြစ်အောင် ဖွဲ့ပေးတယ်။ အခွင့်အာဏာနဲ့လက်နက် တပ်ဆင်ပေးတယ်။ လေ့ကျင့်ပေးတယ်။ ဒီပဲယင်းလိုအရေးအခင်းတွေမှာ လက်တွေ့ဆင်းခိုင်းတယ်။ ၈၈ ကျောင်းသားတွေ လူအင်အား (၄–၅) ရာလောက်နဲ့ ရွှေတိဂုံဘုရားပေါ်တက်မှာကို အင်အားထောင်သောင်းပြပြီး ခြိမ်းခြောက်တယ်။ နောက်ပြီး သူတို့ရဲ့ကောလာဟလစက်ရုံတွေကလည်း ထုံးစံအတိုင်း ကောလာဟလတွေ အမျိုးမျိုးထုတ်လွှင့်နေတယ်။ ဘယ်မှာဖြင့် အင်မတန်ရက်စက်တဲ့ အမည်မသိတပ်ဖွဲ့တဖွဲ့ သွားလာနေတယ်။ ဘယ်မှာဖြင့် အမည်မသိလူတွေ ရက်ရက်စက်စက် အသတ်ခံရထားတာတွေ့ရတယ်ဆိုတာမျိုးတွေနဲ့ လူတွေကိုခြောက်ခြားအောင်လုပ်ထားတယ်။ နိုင်ငံရေးရှုပ်ထွေးစေမလားဆိုတဲ့မျှော်လင့်ချက်နဲ့ သူတို့မွေးထားတဲ့ခြံထဲက လူမျိုးစုံကို ပွဲထုတ်သဘောထားတွေလွှင့်ခိုင်းတယ်။ (ရလာဒ်ကတော့ လူထုကြားမှာ အဲဒီလူတွေရဲ့ မရိုးသားမှုပဲ ပွင့်ကျသွားတယ်)။

ဒီလို တိုင်းပြည်အတွက် အဆုံးအဖြတ်ကာလမှာ ကိုယ့်အရောင်အသွေးမှန်တွေ ဖော်ပြလာတာမဆန်းဘူး။ ဖော်လည်းဖော်ပြကြရတော့မယ်။ ကွဲထွက်မှုတွေ၊ ပေါင်းစည်းမှုတွေအထိ ဖြစ်ကောင်းဖြစ်လာနိုင်တယ်။ နိုင်ငံရေးဆိုတာ အရေးကြီးတဲ့အကွေ့တကွေ့ရောက်ရင် နိုင်ငံရေးသမားတိုင်း မရှောင်မလွှဲသာပဲ ကိုယ့်ရပ်တည်ချက်ကို ဖော်ပြရတာမျိုးဖြစ်တတ်တယ်။ အဲဒီလိုအခါမျိုးမှာ ဘယ်သူမှ ယီးတီးယားတားလုပ်လို့မရဘူး။ အတိအကျ အဖြေပေးကြရတယ်။ ဗန်းမော်တင်အောင်ပြောတဲ့ "လူတယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှားနေတဲ့ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူဘယ်လောက်သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ"ဆိုတာ ဒါကိုပြောတာ။

ဒီစကားဟာ လူတယောက်မှမဟုတ်ပါဘူး။ အဖွဲ့အစည်းတခုနဲ့လည်းဆိုင်ပါတယ်။ အခုဒီချုပ်ဟာ ဒီတကွေ့မှာ သူ့ကို ပြည်သူလူထုက ပုံအပ်ထားတဲ့တာဝန်ကို ထမ်းဆောင်နိုင်မလား၊ မထမ်းဆောင်နိုင်ဘူးလားဆိုတာ ဖော်ပြရတော့မယ်။ နအဖနဲ့ထိပ်တိုက်မတွေ့ချင်ပေမဲ့ နအဖမကြိုက်တာကိုတော့ အတိအလင်းပြောရတော့မယ်။ ဒီညောင်နှစ်ပင်ကချမှတ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ဘယ်လိုမြင်တယ်၊ နအဖက "လူထုဆန္ဒခံယူပွဲ"လုပ်လာရင် လူထုကိုဘယ်လိုလှုံ့ဆော်မယ် စတာတွေ ပြောပြရတော့မယ်။ ယုန်ကလေး နှာစေးနေလို့မရတော့ဘူး။ လူထုကတော့ ရှေ့ကိုတိုးတော့မှာ။ သူတို့က လမ်းမှန်ပြနိုင်ဖို့လိုတယ်။ လမ်းမှန်လည်း မပြနိုင်၊ ရှေ့မှာလည်းပိတ်ဆို့နေမယ်ဆိုရင်တော့ ကိုယ့်တာဝန်ကိုယ်ယူပေတော့ပဲ။

တကယ်ကဒီအချိန်မှာ ငြိမ်းအဖွဲ့တော်တော်များများတောင်မှ အားဖြည့်တာ၊ ပြင်ဆင်တာတွေလုပ်နေတယ်ကြားတယ်။ ဒီချုပ်လည်း ကိုယ့်တပ်ဖွဲ့ကို အနည်းဆုံးအတွေးအခေါ်အရ ပြင်ဆင်တာတော့ လုပ်သင့်ပြီ။

ကျန်စစ်အစိုးရကိုဆန့်ကျင်သူများ အားလုံးလည်း အတိုက်အခံများအချင်းချင်း အနည်းဆုံး ကိုယ့်အချင်းချင်းသွေးစည်းကြောင်းတော့ ဖော်ပြဖို့လိုပြီ။

ဗညြ

❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇီဝဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
ခွ ၁ ညို

**အလုပ်သင်အယ်ဒီတာ**
ဇွဲပိုင်ဝင်း

စာမျက်နှာဖွဲ့စည်းမှု
အောင်ထက် ၊ သန်း ဇော်

မိုးကြိုး သတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
admin@binamojo.org

ပြည်တွင်းလှုပ်ရှားမှု ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအကျဉ်းသားများ
နှင့်
နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း
(မြန်မာနိုင်ငံ)
တို့အား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

- ကိုယ့်အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ကြ။
- ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ ရဲရဲလုပ်ကြ။
- မတရားတဲ့အမိန့် အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ။

# လတ်တလောဆန္ဒဖော်ထုတ်မှုမှသည် နိုင်ငံရေးသဘောဆောင်သော လူထုတိုက်ပွဲဆီသို့

(ရန်ကုန်နှင့် မြန်မာပြည်အနှံ့အပြားတွင် လူထုဆန္ဒပြပွဲများတပတ်ကြာဖြစ်ပေါ်ပြီးနောက် ပြည်တွင်းပြည်ပတွင် အမြင်မတူသော သုံးသပ်မှုအမျိုးမျိုးထွက်ပေါ်နေချိန်တွင် မိုးကြိုးသတင်းစဉ်က နယ်စပ်အခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီမှခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး အမြင်သဘောထားများမေးမြန်းထားခြင်းဖြစ်ပါသည်။)



❑ ပဒိုစောဒေးဗစ်သာကပေါ

နအဖက သူ့ရဲ့ရုတ်ဒ်မက်ပေ့ါ။ ဒီလမ်းပြမြေပုံအတိုင်း အာဏာတည်မြဲရေးအတွက် လုပ်နေတယ်။ လုပ်နေတဲ့အခါမှာ လိုအပ်တဲ့ငွေကြေးပေ့ါ။ အဲဒါတွေကို ပြည်သူလူထုကနေပြီးတော့ မတရားကောက်ယူတာပဲ။ ဒါတဘက်လှည့်နဲ့ မတရားကောက်ယူတယ်။ ဆီဈေးနှုန်းတိုးလိုက်တယ်ဆိုတာ တခြားနိုင်ငံမှာ ဘယ်တော့မှ တအားတိုးမြှင့်တာမရှိဘူး။ အခုဟာ ဒီဇယ်ဆီက (၁၀၀) ရာခိုင်နှုန်းတိုးတယ်။ နောက်ပြီးတော့ ဓာတ်ငွေ့ဆိုရင် (၅၀၀) ရာခိုင်နှုန်းတိုးတယ်။ အခြား တိုင်းပြည်မှာ (၁၀) ရာခိုင်နှုန်းလောက်တိုးရင်ကို ဆူပူမှုတွေဖြစ်ပါတယ်။ အခုဟာက တိုင်းပြည်လူထုကတော့ နေမထူးသေမထူးဆိုတဲ့ အခြေအနေမျိုးကို ဆိုက်ရောက်အောင် လုပ်တာဟာ နအဖဖြစ်တယ်။ အဲတော့ လူထုတွေတိုက်ပွဲဆင်တာကနေ ဒါတဖြည်းဖြည်း နိုင်ငံရေးတိုက်ပွဲအသွင်ပြောင်းသွားမယ်လို့ ကျနော်ကတော့ မြင်တယ်”



❑ ဗိုလ်ချုပ်ကြီးတာမလာဘော

“ဒီအာဏာရှင်တွေဟာ အေးအေးဆေးဆေးနဲ့တော့ ဒီလူထုအကျိုး၊ သူတို့အကျိုး ပြည်သူအကျိုးတို့ကို လုပ်ပေးမှာမဟုတ်ဘူး။ သူတို့အာဏာရှင်ရဲ့သဘောကတော့ သူတို့အဖွဲ့အစည်းတော့ ဒါကြီးထွားဖို့ သူတို့ ဒီမိသားစုတွေ သူတို့အသင်းအဖွဲ့လေးတွေပဲ။ အဲကျန်တဲ့လူတွေကျတော့ ပြည်သူတွေကိုတော့ သူတို့ကတော့ ဒါဖိနှိပ်မယ်။ ညှင်းဆဲမယ်။ သူတို့ပြောတာနားမထောင်ရင် အမျိုးမျိုးသူတို့ ဒီဖိနှိပ်မယ်။ အကြမ်းကိုင်မယ်။ ထောင်ချမယ်။ ပြည်သူတွေဟာ ကိုယ့်ရဲ့ဘဝအကျိုးအတွက် ကိုယ်တိုင်လုပ်ယူရမှာပဲ။ ဒါကြောင့် မို့လို့ ဒီအားလုံးပါဝင်ပြီးတော့ ဆက်လုပ်သွားဖို့လည်း လိုအပ်တယ်။ အဲဒီအချိန်ကျရင် လူထုရဲ့ဘဝ ပိုပြီးတော့ ကောင်းလာမယ်။ ဒီလုပ်တဲ့နေရာမှာတော့ အမျိုးမျိုးအခက်အခဲတွေ ဒုက္ခဆင်းရဲတွေနဲ့ကြုံမှာပဲ။ ဒါဟာ ယာယီပဲဖြစ်မယ်လို့ ကျနော်တော့ ထင်တယ်”



❑ ခွန်မတ်ရ်ကိုဘန်း

ဒီလောင်စာဆီဈေးနှုန်းကို အဆမတန် မြှင့်တင်သတ်မှတ်ခြင်းလုပ်ရပ်ဟာ (၈၇) ခုနှစ်ကလို ငွေမဲလုပ်တာနဲ့ တထပ်တည်းဖြစ်ပါတယ်။ ပြည်သူလူထုဆီကနေပြီးတော့ ငွေကိုလုယူခြင်းဖြစ်တယ်။ နောက်တချက်အနေနဲ့ အဓိက နိုင်ငံရေးအပိုင်းပြောရမယ်ဆိုရင်တော့ ဒီလိုမျိုးဆီဈေးနှုန်းတွေ အဆမတန်မြှင့်တင်ခြင်းအားဖြင့်ဟာ ပြည်သူလူထုကနေပြီးတော့ မခံမရပ်နိုင်လာရင်တော့ ဒီရုတ်ဒ်မက်နံပါတ် (၂) ဖြစ်တဲ့ ဒီမိုကရေစီနိုင်ငံထူထောင်ဖို့အတွက် လိုအပ်သည်များ တဆင့်ပြီးတဆင့် ပြုပြင်သွားမယ်ဆိုတဲ့ အဆင့် (၂) ပါအတိုင်း ဒါဟာ ရှစ်လေးလုံးရဲ့ ကျောင်းသားတွေ ကျန်တဲ့ခေါင်းဆောင်တွေကို အကုန်လုံးသိမ်းကျုံးဖမ်းတယ်။ ပြည်သူတရပ်လုံးကို ကျွန်ပြုနိုင်ဖို့နဲ့ ဒီတိုင်းရင်းသားလူမျိုးစုတွေကို မျိုးဖြုတ်ဖို့အတွက် လုပ်ရပ်ဖြစ်တယ်”



❑ ခိုင်စိုးနိုင်အောင်

လူထုက တကယ်မခံမရပ်နိုင်ဖြစ်လာတဲ့အပေါ်မှာ ဆန္ဒပြကြတာဖြစ်တယ်လို့ ကျနော်တို့အဲဒီလို သုံးသပ်မိတယ်။ အဓိကကျတဲ့အကြောင်းတွေရှိတယ်။ အဲဒါဘာလဲဆိုလို့ရှိရင် အထူးသဖြင့် နအဖ၏ ညောင်နှစ်ပင်ညီလာခံမှာရေးဆွဲနေတဲ့ ရုတ်ဒ်မက်ဖြစ်တယ်။ အဲဒီရုတ်ဒ်မက်က သူတို့အပြောအရဆိုရင် အဆုံးသတ်မယ့်သဘောရှိတယ်။ အဆုံးသတ်မယ့်သဘောရှိတော့ နအဖကလည်းပဲ တဘက်က တော်တော်လေး အကြပ်အတည်းရလာတဲ့အပေါ်မှာ လောင်စာဆီဈေးမြှင့်လိုက်တဲ့အပေါ်မှာ လူထုတွေက မခံမရပ်နိုင်ဖြစ်လာပြီးတော့ ဆန္ဒပြလာကြတာဖြစ်တယ်။ ဖြစ်တော့ ကျနော်တို့မြင်တာကတော့ ဒီတိုက်ပွဲဟာ အချိန်ကာလတခုမှာ အဆုံးအဖြတ်ပေးနိုင်မယ့်တိုက်ပွဲဖြစ်ကောင်း ဖြစ်သွားနိုင်တယ်”



❑ ကိုမျိုးဝင်း

“ပထမတချက်ကတော့ ဒီတိုက်ပွဲပေ့ါနော်။ ဒီတိုက်ပွဲဟာ ဒီစစ်အာဏာရှင်စနစ်ရဲ့ ဖိနှိပ်မှုအောက်မှာရှိနေတဲ့ ပြည်သူတရပ်လုံးရဲ့ဆန္ဒသဘောထားတွေကိုထင်ဟပ်တဲ့ တိုက်ပွဲလည်းဖြစ်တယ်။ ဒါတချက်။ နောက်တချက်ကတော့ ကုန်ဈေးနှုန်းကျဆင်းရေးတိုက်ပွဲမှသည် နိုင်ငံရေးလှုပ်ရှားမှုကြီးကို ဦးတည်နေတဲ့ နိုင်ငံရေးပြောင်းလဲမှုကိုဦးတည်နေတဲ့ အင်အားစုအားလုံး အလွှာအားလုံးပါဝင်နိုင်မယ့်ပွဲကိုဦးတည်နေတဲ့ တိုက်ပွဲဖြစ်တယ်။ ဒီတိုက်ပွဲမှသည် စစ်အာဏာရှင်စနစ်ကျဆုံးရေး ဗမာပြည်မှာ ဒီမိုကရေစီဖော်ဆောင်ရေးကို ဦးတည်မယ့်တိုက်ပွဲအဖြစ်နဲ့ သုံးသပ်ထားတယ်”



❑ ဦးမြင့်သိဏ်း

“လူထုတိုက်ပွဲဖြစ်လာပြီလို့တော့ ကျနော်ကတော့မြင်တယ်။ ဒါက ဒီနေ့နိုင်ငံရေးအခြေခံပါတဲ့ လူထုတိုက်ပွဲလှုပ်ရှားမှုတရပ်ပေါ်လာခြင်းပဲလို့ ကျနော်ကတော့ အဲလိုတွက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့ဓါတ်ဆီဈေးနှုန်းမြင့်တက်လာတယ်ဆိုတဲ့ကိစ္စဟာ အချက်တခုအနေနဲ့တော့ပါတယ်လို့ ကျနော်တို့ပြောလို့ရတယ်။ သို့သော် တချိန်တည်းမှာ ဒီနေ့လူထုရဲ့ အထွေထွေကြီးမားကြပ်တည်းမှုတွေဟာ အဓိကအားဖြင့်တော့ နိုင်ငံရေးအရပေ့ါလေ။ နိုင်ငံရေးကြပ်တည်းမှုတွေ နိုင်ငံရေးအရခက်ခဲမှုတွေ အခြေခံနိုင်ငံရေးအရအခွင့်အလမ်းဆုံးရှုံးမှုတွေအပေါ်မှာအခြေခံပြီးတော့ ပေါ်ပေါက်လာတဲ့ လူထုလှုပ်ရှားမှုဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒီနေ့ဖြစ်ပေါ်လာတဲ့ လူထုလှုပ်ရှားမှုဟာ လူထုတိုက်ပွဲကို အစပျိုးလိုက်တဲ့ လှုပ်ရှားမှုတရပ်ဖြစ်တယ်။ ”

## မျက်မှောက်အခြေအနေနှင့်ပတ်သက်၍ ဗမာ့တပ်မတော် တပ်မှူး၊ တပ်သားအားလုံးသို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) ၏ပန်ကြားချက်

၂၀၀၇ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်။

ဗမာ့တပ်မတော်မှ တပ်မှူး၊ တပ်သားအပေါင်းတို့ ....

၁။ ၁၉၆၂ မှစ၍ မြန်မာပြည်အတွင်း စစ်အာဏာရှင်ကြီးစိုးမှုဖြစ်တည်လာခဲ့၍ ပြည်တွင်းစစ်မီး ပိုမိုတောက်လောင်လာခဲ့ရုံမက တိုင်းပြည်မွဲပြာကျခဲ့ပြီး ၁၉၈၇ ခုနှစ်ကစ၍ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဘဝသို့ ကျရောက်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံကြီးဖြစ်ပေါ်ခဲ့ရသည်။

၂။ ၁၉၈၈ စက်တင်ဘာလ (၁၈) ရက် ထပ်ဆင့်အာဏာသိမ်းခဲ့ပြီး ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပပေးမည်ဟု စစ်အုပ်စုကကတိပေးခဲ့သည်။ သို့ရာတွင် ၁၉၉၀ ခုနှစ် မေလရွေးကောက်ပွဲတွင် ပြည်သူတရပ်လုံး၏မဲ၊ ဗမာ့တပ်မတော်မှ တပ်မှူး၊တပ်သားများ၏ မဲနှင့်အနိုင်ရရှိခဲ့သည့် အဲန်အယ်လ်ဒီနှင့်အခြားလူမျိုးစုပါတီအဖွဲ့အစည်းများကို အာဏာလွှဲအပ်မပေးရုံမက လွှတ်တော်အစည်းအဝေးပင် ခေါ်ယူခွင့်မပေးခဲ့ချေ။ ပို၍ဆိုးဝါးသည့်ကိစ္စမှာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင်နိုင်ငံရေးခေါင်းဆောင်များကို ဖမ်းဆီးထားခြင်း၊ မေလရွေးကောက်ပွဲ၏ရလဒ်ကိုဖျက်ဆီးပစ်ရန် အမျိုးသားညီလာခံကို သူ့သဘောနှင့်သူ လုပ်နေခြင်းဖြစ်သည်။

၃။ ယခုအခါ မြန်မာပြည်သည် စစ်အုပ်စုနှင့်၎င်းင်းတို့၏လက်ဝေခံတစုမှလွဲ၍ လူမျိုးစုံပြည်သူများ ငတ်ပြတ်နေကြရပြီဖြစ်သည်။ ရဟန်းသံဃာများပင် ဆွမ်း၊ ကွမ်းကိစ္စခက်ခဲကြပ်တည်းနေကြပြီဖြစ်သည်။ ပြည်သူအများ ဒုက္ခသည်များဘဝသို့ ကျရောက်နေကြရပြီဖြစ်သည်။ နိုင်ငံ၏အမျိုးကောင်းသားသမီးများ ဆင်းရဲငတ်ပြတ်လွန်း၍ အိမ်နီချင်းနိုင်ငံများသို့ သန်းနှင့်ချီ၍ ထွက်ခွာနေကြရ၊ ဖြစ်သလိုရပ်တည်နေကြ၊ အတိဒုက္ခမျိုးစုံရောက်နေကြရပြီဖြစ်သည်။

၄။ ယနေ့ မြန်မာပြည်ရှိလူမျိုးစုံပြည်သူများသည် နအဖစစ်အုပ်စု၏ ကျွန်လုံးလုံးဖြစ်နေရုံမက ဗမာ့တပ်မတော်မှ တပ်မှူး၊ တပ်သားတရပ်လုံးသည်လည်း လက်တဆုပ်စာစစ်အာဏာရှင်တို့၏ကျွန်ဘဝသို့ လုံးလုံးကျရောက်နေပြီဖြစ်သည်။ စင်စစ်အားဖြင့် တပ်မှူး၊ တပ်သားအားလုံးသည် ပြည်သူတို့၏သားသမီးများသာဖြစ်သည်။ တပ်မှူး၊ တပ်သားအားလုံးနှင့် မိဘပြည်သူတရပ်လုံးသည် ကံတူအကျိုးပေးများသာဖြစ်ကြပါသည်။

၅။ နိဂုံးအနေဖြင့် တရက်တရက်အသက်ရှင်ရပ်တည်ရန် ထမင်းနပ်မှန်အောင်ပင် မစားကြရတော့သည့်ပြည်သူများသည် ယခု စည်းရုံးနိုးကြားတိုက်ပွဲဝင်လာနေပြီဖြစ်သည်။ ထို့ကြောင့် ဗမာ့တပ်မတော်မှ တပ်မှူး၊ တပ်သားအားလုံး လက်ရှိလူထု တိုက်ပွဲနှင့် ပြတ်ပြတ်သားသားပူးပေါင်းကြပြီး နအဖစစ်အာဏာရှင်အုပ်စု၏ အမိန့်မှန်သမျှကို လိုက်နာခြင်းမပြုကြတော့ရန်၊ နအဖစစ်အာဏာရှင်များနှင့် ပြတ်သားစွာလမ်းခွဲလိုက်ကြရန် အလေးအနက်နှိုးဆော်လိုက်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB)

ဆက်သွယ်ရန် – ❑ ဦးမြင့်သိဏ်း – တွဲဘက်အထွေထွေအတွင်းရေးမှူး (၁) ဖုန်း – ၀၈၇–၈၀၈–၃၅၅၂၊ ❑ ဖဒိုမန်းရှာလားဖန်း – အတွင်းရေးမှူးအဖွဲ့ဝင် ဖုန်း – ၀၈၆–၂၁၆–၈၆၄၆။